ရောင်းမှန်

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday , 14 September 2016 (စဒီဓဂ)

သူတော်ကောင်းတရားကိုရှာဖွေ

သစ်သားဖြင့်ပြုလုပ်သောရထားသည် အိုမင်းပျက်စီးရ၏။ ခန္ဓာကိုယ်သည်လည်း အိုမင်းပျက်စီးရ၏။ သူတော်ကောင်းတရားသည်ကား အိုမင်းဆွေးမြည့်ခြင်းသို့ မရောက်နိုင်ချေ။ (သူတော်ကောင်းတရားဟူသည် ထာဝရမြဲမြံရှင်သန်ခြင်းသဘောရှိ၍ သူတော်ကောင်းတရားကို ရှာဖွေရယူကျင့်သုံးသင့်သည်။)

ဇရာဝဂ်(ဓမ္မပဒ-၁၅၁)

လူကုန်ကူးမှုခင်းသည် နိုင်ငံပြတ်ကျော်မှုခင်းများ ဖြစ်သည့်အတွက် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးလိုအပ်

နေပြည်တော် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဘာဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဒုတိယသမ္မတက မြန်မာနိုင်ငံအစိုးရအနေဖြင့် ၂၀၀၅ ခုနှစ် စက်တင်ဘာလတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ၂၀၀၆ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ပြင် လုပ်ငန်းအဖွဲ့ သုံးဖွဲ့ဖြစ်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Ms. Theresa May တို့ ဗြိတိန်ဝန်ကြီးချုပ်နေအိမ်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံ

ဗြိတိန်အစိုးရသစ်၏ မြန်မာနိုင်ငံအပေါ်ထားရှိသည့်မူဝါဒ အပြောင်းအလဲမရှိဟု ပြောကြား

ဟီးသရိုး စက်တင်ဘာ ၁၃

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Ms. Theresa May နှင့် လန်ဒန်မြို့ အမှတ်(၁၀) ဒေါင်းနင်းလမ်းရှိ ဗြိတိန်ဝန်ကြီးချုပ်နေအိမ်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဗြိတိန်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်း၊ ဗြိတိန်နိုင်ငံအစိုးရသစ်၏ မြန်မာနိုင်ငံအပေါ် ထားရှိသည့်မူဝါဒသည် အပြောင်းအလဲမရှိဘဲ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြင့်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ကဏ္ဍများတွင် အကူအညီများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးအတွက် လာမည့်နိုဝင်ဘာလအတွင်း ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲတစ်ရပ်ကို လန်ဒန်မြို့၌ ကျင်းပသွားရန် စီစဉ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိစေရန် ဆုတောင်းပါကြောင်း၊ လာမည့်နှစ်တွင် ဗြိတိန်နိုင်ငံသို့ တရားဝင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

အခွင့်အလမ်းကောင်းများ ပေါ်ထွက်ရေး

ပိတ်ဆို့မှုဟူသည် မည်သည့်ပိတ်ဆို့မှုမှ မကောင်းနိုင်ကြောင်းကို လူတိုင်းသိရှိနားလည်ထားကြပြီးဖြစ်သည်။ မိသားစုတစ်စု ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကကျသည့် စီးပွားရေးမလုပ်ကိုင်နိုင်အောင် တစ်စုံတစ်ယောက်၊ တစ်ဖွဲ့က ဟန့်တားခြင်းသည် ကောင်း၊ မကောင်းလူတိုင်းသိမည်။ ထို့အတူ နိုင်ငံတစ်နိုင်ငံအပေါ် ပိတ်ဆို့ဒဏ်ခတ်ထားမှုမှာလည်း အလားတူဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အာဏာရှင်စနစ်ကို စတင်ကျင့်သုံးခဲ့သည့် ကာလမှစ၍ ကမ္ဘာနှင့်ကင်းကွာခဲ့ပြီးနောက် သိသာထင်ရှားသည့် အရေးယူပိတ်ဆို့မှုဒဏ်ကို ၁၉၉၀ ခုနှစ်မှ စသည်ဆိုလျှင် ယခုအခါ နှစ်ပေါင်း ၂၀ ကျော်ခဲ့ပြီဖြစ်သည်။

ပိတ်ဆို့မှု၏အကြောင်းပြချက်မှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတိုးတက်လာရန်အတွက် ဖိအားပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို အဆင့်ဆင့်ဆောင်ရွက်လာသောအခါ အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများမှာ တစ်စတစ်စလျော့ပါးလာသည်။ ယခုအခါ ပိတ်ဆို့မှုအနည်းငယ်သာ ကျန်တော့သည်။ ကျန်ရှိသော ပိတ်ဆို့မှုများနှင့်ပတ်သက်၍ ဆက်ထားသင့်၊ မထားသင့် သဘောထားအမျိုးမျိုးပေါ်ထွက်လာသည်။ အများဆန္ဒအရမူ ပိတ်ဆို့မှုဆက်မထားခြင်းသည်သာ အကောင်းဆုံးဟု ဆိုကြမည်ဖြစ်သည်။ ထားရှိလိုကြသူများမှာ ခရိုနီများ စီးပွားရေးလက်ဝါးကြီးအုပ်ထားမှုကို စိုးရိမ်ပူပန်ကြသည်။

ထိုစိုးရိမ်ပူပန်မှုများမှာလည်း သဘာဝကျသည်။ တစ်ချိန်က သယံဇာတများ ပြန်းတီးမှု၊ အခွန်ဝင်ငွေများဆုံးရှုံးမှု၊ ချမ်းသာသောသူများ ပိုမိုချမ်းသာကြပြီး လူအများစု ဆင်းရဲတွင်းနက်မှု စသည့်စိုးရိမ်ပူပန်မှုများမှာ ရှိနေဆဲဖြစ်သည်။ ထိုအနေအထားမျိုးတွင် လူထုထောက်ခံသောအရပ်သားအစိုးရ နိုင်ငံ့တာဝန်ယူသောအခါ ပြည်သူလူထုမျှော်လင့်ချက်မြင့်မားလာသလို ပိတ်ဆို့မှုများလည်း လျော့ကျလာသည်မှာ အမှန်ဖြစ်သည်။ ပိတ်ဆို့မှုများ လျော့ကျသောအခါ လူ့အခွင့်အရေးအခြေအနေ၊ စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်လာသည်ကို မြင်တွေ့ရသည်။

နိုင်ငံတကာနှင့်ဆက်ဆံရေးကောင်းမွန်နေသော မျက်မှောက်ကာလ အချိန်အခါတွင် ပြည်သူလူထု၏ ကြီးမားသောမျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ပြည်သူလူထုအများစု ဆင်းရဲဒုက္ခရောက်နေသော အနေအထားမှ အလျင်အမြန်ဆွဲတင်နိုင်မည့် အခြေအနေကောင်းများ မြင်တွေ့နေရသည်။ ထိုအခြေအနေမျိုးတွင် ကျန်ရှိနေသော စီးပွားရေး ပိတ်ဆို့မှုများအား တစ်ဦးချင်းဖြစ်စေ၊ လုပ်ငန်းနယ်ပယ်အလိုက်ဖြစ်စေ ရပ်တန့်လိုကြမည်သာဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ကြီးကြီးမားမား မရရှိသေးချေ။ အထူးသဖြင့် အနောက်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်နေသေးသလို တိုးတက်သောနိုင်ငံများ၏ အတတ်ပညာနှင့် နည်းပညာများ လိုအပ်နေသည်။ စီးပွားရေးပိတ်ဆို့မှုများ အလုံးစုံလွတ်မြောက်သွားသောအခါ မျှော်လင့်ထားသော ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိလာပြီး လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေး စသည်တို့သာမက အတတ်ပညာလိုက်ပါ တိုးတက်လာနိုင်သည်။

လက်ရှိအချိန်တွင် အဓိကထုတ်ကုန်နိုင်ငံကြီးကိုသာ အားကိုးနေရသေးသည်။ တိုင်းပြည်တိုးတက်ရန်အတွက်မူ ပြည်ပထုတ်ကုန်များ မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ရေးဖြစ်သည်။ မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်လျှင် မြန်မာနိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်သည်။ ယင်းအခြေအနေမရှိသေးသောကြောင့် မြန်မာနိုင်ငံသားများ ပြည်ပနိုင်ငံများတွင် ဒုက္ခဆင်းရဲခံကာ လုပ်ကိုင်နေရဆဲဖြစ်သည်။ သို့သော် ထိုသို့သော အခြေအနေကောင်းရှိလာရန်အတွက် ပိတ်ဆို့မှုများ အလုံးစုံရုပ်သိမ်းစေကာမူ လူသားအရင်းအမြစ်များကို ပျိုးထောင်မြှေတောင်မြှောက်ပေးရဦးမည်။

လက်ရှိတွင် အခြေအနေကောင်းများ၊ မျှော်လင့်ချက်ကောင်းများ မြင်တွေ့နေရသည်။ အရှေ့အနောက် ဆက်ဆံရေးချိန်ခွင်လျှာကို ညှိနိုင်နေပြီဖြစ်သည်။ မြန်မာပြည်သူလူထုတစ်ရပ်လုံး တိုးတက်ဖွံ့ဖြိုးစေရေး ဆက်လက်ဆောင်ရွက်ရမည့် ထာဝရငြိမ်းချမ်းရေး၊ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး၊ အတတ်ပညာမြင့်မားသော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးတို့ကို တိုးတက်ကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

သံလွင်တံတား(ချောင်းဆုံ)ရေလယ်တိုင်များ တံတားသံပေါင်တပ်ဆင်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၃

ဆောက်လုပ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၀ ရက်နံနက်ပိုင်းတွင် တံတားဦးစီးဌာနတည်ဆောက်ရေးအဖွဲ့(၁)နှင့် တည်ဆောက်ရေးအဖွဲ့(၄)တို့မှ မော်လမြိုင်မြို့ မုပွန်နှင့် ဘီလူးကျွန်းရှိ ကညော်ကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်နေသည့် သံလွင်မြစ်ကူး၊သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ရှိသူများကရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍတစ်ခုတွင် ပါဝင်ပါကြောင်း၊ မော်လမြိုင်မြို့ကြီးနှင့် ဘီလူးကျွန်းကို ဆက်သွယ်သည့်အပြင် ပင်လယ်နှင့်နီးစပ်သည့် တံတားကြီးဖြစ်သည့်အတွက် စံပြတံတားကြီးဖြစ်အောင်၊ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းရှိ J&M Steel Solutions Co,.Ltd နှင့် MEC တို့မှ ထုတ်လုပ်သော သံပေါင်များကို အသုံးပြုထားသည့်အတွက် နိုင်ငံခြားသုံးငွေသက်သာခဲ့ပါကြောင်း၊ Launching Method ဖြင့် စတင်အသုံးပြုသည့်အတွက် ငလျင်ဒဏ်ခံနိုင်အောင် စနစ်တကျ စီမံဆောင်ရွက်ရန်လိုကြောင်း၊ တံတားကြီးပြီးစီးပါက တည်ဆောက်မှုမှတ်တမ်းကို ပြည်သူများ၊ ကျောင်းသား လူငယ်များ သိရှိလေ့လာနိုင်ရန် တံတားအနီးတွင် ပြတိုက်ထားရှိရန်တို့ကို မှာကြားသည်။

ထို့နောက် ရေလယ်တိုင် RP4 နှင့် RP5 ကြား သံပေါင်တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန်၊ သံပေါင်တပ်ဆင်နေစဉ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ပြင်ဆင်ထားရန်တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဘီလူးကျွန်း၊ ကညော်ဘက်ကမ်းသို့ရောက်ရှိပြီး ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေစေရေးတို့အတွက် နိုင်ငံတော်အစိုးရမှ ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး တံတားကြီးကို တည်ဆောက်ပေးခဲ့ပါကြောင်း၊ တံတားကြီးအောင်မြင်စွာ တည်ဆောက်ပြီးစီးရေးအတွက် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်တို့ကို ရင်းရင်းနှီးနှီး တွေ့ဆုံပြောကြားသည်။

ထို့နောက် ချောင်းဆုံဘက်ကမ်းတွင် Steel Box Girder အား Launching Method ဖြင့် တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

သံလွင်တံတား(ချောင်းဆုံ)သည် မွန်ပြည်နယ် မော်လမြိုင်မြို့၊ မုပွန်အရပ်နှင့် ဘီလူးကျွန်းရှိ ကညော်ကျေးရွာတို့ကိုဆက်သွယ်ကာ သံလွင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားပြီး တံတားအမျိုးအစားမှာ Main Steel truss နှင့် Steel Box ဖြစ်ပြီး တံတားအောက်ထည်မှာ 1.5m/1.8m ø Bored Pile သံကူကွန်ကရစ်နှင့် 1.2mø .RC Concrete တို့ဖြင့်ပြီး တံတားအပေါ်ထည်ကို သံဓာတ်သံပေါင် ခုံးတံတားနှင့် Steel Box Girder + RC Concrete တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည်မှာ ၅၂၀၃ ဒသမ ၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် ၃ ပေ ၃ လက်မပါရှိ၍ ရေလမ်းကင်းလွတ် အကျယ် ၄၂၆ ပေ၊ အမြင့် ၄၆ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ပြီးစီးပါက မွန်ပြည်နယ် မော်လမြိုင်မြို့ကြီး ဖွံ့ဖြိုးသာယာလှပပြီး မော်လမြိုင်မြို့မှ ဘီလူးကျွန်းရှိ ကျေးရွာများသို့သွားလာသော ခရီးသွားပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေမှာဖြစ်သလို ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် ဂျပန် ODA LOAN ဖြင့် ဆောင်ရွက်သော တရနာ - ဘုရားလမ်းဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညနေပိုင်းတွင် မော်လမြိုင်မြို့ လမ်းဦးစီးဌာနပြည်နယ်ညွှန်ကြားရေးမျူးရုံးတွင် မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ အထူးအဖွဲ့များနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မူးယစ်ဆေးစွဲသူများအား မက်သာဒုံ အစားထိုးကုသနိုင်ရေး ဆောင်ရွက်

ဝန်းသို့ စက်တင်ဘာ ၁၃

ကသာခရိုင် ဝန်းသိုမြို့တွင် မူးယစ်ဆေးဝါးသုံးစွဲသူများအား မူးယစ်ဆေးအစားထိုးဆေးရည် (မက်သာဒုံး)သောက်သုံးခြင်းဖြင့် မူးယစ်ဆေးဝါး၏ ဘေးအန္တရာယ်များနှင့် ကူးစက်တတ်သောရောဂါများ မကူးစက်ရေး အသိပညာပေးခြင်းနှင့် သောက်သုံးကုသလိုသူများအား သက်ဆိုင်ရာ မူးယစ်ဆေးစွဲကုဌာနများသို့ လွှဲပို့မှု၊ ညွှန်ပို့မှုများကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) ကောလင်းရိပ်မွန်ရုံးခွဲ ဝန်းသိုရိပ်မွန်ရုံး၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရိပ်မွန်တွင် မူးယစ်ဆေးဝါးသုံးစွဲသူများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်ကုသပေးခြင်း၊ လာရောက်နားနေသူများအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ဗဟုသုတ လက်ကမ်းစာစောင် ပိုစတာများ ဖြန့်ဖြူးပေးခြင်း၊ မူးယစ်အန္တရာယ် လျှော့ချခြင်းလုပ်ငန်းစဉ်များကို ရိပ်မွန်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကွင်းဆင်းဝန်ဆောင်မှုလုပ်ငန်းများကို ဆောက်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်မျိုးထွန်း(ဝန်းသို့)

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းဘောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အောဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြန်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1991
၁၉၉၇ခုနှစ်မှ ဘီ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၀၊
ရန်ကုန်မုံရွာ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ဈေးမ်/ဌေးရင်း ၀၁-၂၉၁၄၃၀၊ ပြန့်ဆိုရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

ချစ်ကြည်ရေးခရီး လာရောက်ရန် ဖိတ်ကြားပါကြောင်း ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေး အောင်မြင်မှုရရှိစေရန် ဗြိတိန်နိုင်ငံမှ အစဉ်တစိုက်ကူညီအားပေးခဲ့မှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ဗြိတိန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် လိုအပ်သည့်အကူအညီများ ပေးအပ်သွားစေလိုပါကြောင်း၊ ဗြိတိန်အစိုးရသစ်၏ အသွင်ကူးပြောင်းရေးကြိုးပမ်းမှုများ အောင်မြင်မှုရရှိစေရန် ဆုတောင်းပါကြောင်း ပြောကြားပြီး ဗြိတိန်ဝန်ကြီးချုပ်အား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး Ms. Priti Patel တို့သည် အဆိုပါဝန်ကြီးဌာန White Hall တွင်ရှိသည့် ဝန်ကြီး၏ရုံးခန်း၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် Ms. Priti Patel က မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး၊ ပညာရေး၊ ငွေကြေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကဏ္ဍများတွင် ဗြိတိန်နိုင်ငံအနေဖြင့် အကူအညီများပေးအပ်လျက်ရှိပါကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မည့် ကဏ္ဍများတွင် အကူအညီများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံတွင် ပညာရေး၊ ကျန်းမာရေး၊ အိမ်တွင်းသက်မွေးပညာရပ်၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကဏ္ဍများတွင် အကူအညီများ ပိုမိုပေးအပ်သွားစေလိုကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင် လန်ဒန်မြို့မှ ဝါရှင်တန်မြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး Ms. Priti Patel တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

❖ လူကုန်ကူးမှု

၂၀၀၄ ခုနှစ် ဇွန်လတွင် စတင်ဖွဲ့စည်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အဖြစ် ပြောင်းလဲတိုးချဲ့ဖွဲ့စည်းခဲ့ပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် ငါးနှစ်စီမံကိန်းကို ၂၀၀၇ ခုနှစ်မှစ၍ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ ယခုနှစ်သည် (၂၀၁၂-၂၀၁၆)ခုနှစ် အမျိုးသားအဆင့် ဒုတိယ ငါးနှစ်စီမံကိန်း၏ ပဋ္ဌမနှစ်လည်းဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်သည် ဒုတိယနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် အတွက် တတိယငါးနှစ်စီမံကိန်းရေးဆွဲသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် အမေရိကန်နိုင်ငံမှထုတ်ပြန်ခဲ့သည့် ၂၀၁၆ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးအစီရင်ခံစာတွင် မြန်မာနိုင်ငံကို စောင့်ကြည့်အဆင့်(၂)မှ အဆင့်(၃)သို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း၊ ယင်းအစီရင်ခံစာပါ အကြံပြုချက်များကို လာမည့်တတိယငါးနှစ်စီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နှစ်အလိုက် ချမှတ်ထားသည့် လုပ်ငန်းစီမံချက်များကို ကဏ္ဍ(၅)ရပ်ထည့်သွင်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် မြန်မာရေလုပ်သားများ နိုင်ငံရပ်ခြားတွင် ခေါင်းပုံဖြတ်ခံရမှုများ ပပျောက်စေရန် မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-အင်ဒိုနီးရှားဆက်စပ် လေးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လျက်ရှိကြောင်း။

ကြိုတင်တားဆီးကာကွယ်ရေးကဏ္ဍတွင် လက်နက်ကိုင် ပဋ္ဌိပက္ခနယ်မြေများမှ စစ်ဘေးရှောင်ကယ်ဆယ်ရေးစနစ်များ၊ ပြည်တွင်းရွှေ့ပြောင်းသွားလာလုပ်ကိုင်နေသူများ၏နေရာများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်နေရာများ၊ အထူးသဖြင့် ရေဘေးသင့်ဒေသများတွင် UN, INGO, NGO တို့နှင့်ပူးပေါင်းပြီး အသိပညာပေးရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တရားစွဲဆိုရေးကဏ္ဍတွင် လက်ရှိတည်ဆဲ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးမှုခင်း၏ သဘောသဘာဝသည် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သည့်အတွက် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အပြန်အလှန်အကူအညီပေးရေးကဏ္ဍ ပိုမိုတိုးတက်စေရန် လိုအပ်မည်ဖြစ်ကြောင်း။

လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် ဒေသတွင်းနိုင်ငံများ အထူးသဖြင့် တရုတ်၊ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံများမှ လူကုန်ကူးခံရသူများကို သက်ဆိုင်ရာနိုင်ငံများရှိ သံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး မိဘရပ်ထံသို့ ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့ကြောင်း၊ သက်ဆိုင်ရာသံရုံးများ၏ပံ့ပိုးမှုဖြင့် ရေလုပ်သားများရသင့်ရထိုက်သည့် ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

စွမ်းရည်မြှင့်တင်ရေးကဏ္ဍအနေဖြင့် လူကုန်ကူးခံရသူများ၏အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေး၊ လူကုန်ကူးခံရသူအား အလေးထားသည့် စုံစမ်းစစ်ဆေးရေးအရည်အသွေးများမြင့်မားစေရန် ပြည်ပသင်တန်းများ စေလွှတ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေခြင်း၊ ပြည်တွင်းတွင်လည်း အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်းများ ပြုလုပ်ပေးခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် နယ်မြေရဲများအတွက် ပူးပေါင်းဆောင်ရွက်ရေးလမ်းညွှန်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် UNICEF Myanmar မှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အကြီးအကဲ Mr.Aaron Greenberg က မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး International Organization for Migration (Myanmar) မှ Chief of Mission Mr.Kieran German-Best က လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ကြိုးပမ်းအားထုတ်မှုများအား မှတ်တမ်းတင်ထားသည့် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့်တက်ရောက်လာကြသူများက ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းမှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုကြသည်။

ယခု ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်မှာ "လူကုန်ကူးမှုတိုက်ဖျက်ရေး သင်လည်းပူးပေါင်းပါဝင်ပေး" ဖြစ်သည်။

(သတင်းစဉ်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းမှတ်တမ်းဓာတ်ပုံများအား ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူနှင့် ပြည်ထောင်စုဝန်ကြီးများ ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

ပုသိမ်မြို့၌ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ကျင်းပ

ပုသိမ် စက်တင်ဘာ ၁၃

ရောဝတီတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ကြီးမှူးရှေ့ မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က ပုသိမ်မြို့ ကမ်းနားလမ်း မြို့တော်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၇) တပ်ဖွဲ့စုမှူး ရဲမှူးခင်ခင်စိုးက ဧရာဝတီတိုင်းဒေသကြီးအတွင်းဖြစ်ပွားခဲ့သော လူကုန်ကူးမှုနှင့် ပတ်သက်သည့် မှုခင်းဖော်ထုတ်မှုများ၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်ခဲ့သောဖြစ်ရပ်များကို Power Point ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ ပြိုင်ပွဲဆုရကျောင်းသား ကျောင်းသူများ၊ ၂၀၁၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ဧရာဝတီတိုင်းဒေသကြီး၌ ပထမ၊ ဒုတိယဆုရကျောင်းသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီ၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ တိုင်းတရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်း၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထွန်းမင်းတို့က ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ခြင်းနှင့် ပုသိမ်ပညာရေးကောလိပ်မှ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်သင်အမှတ်စဉ် (၃/၂၀၁၆) သင်တန်းသား သင်တန်းသူများ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးသရုပ်ဖော် "ငွေမမက်၊ ရွှေမမက်၊ ဇာတိသွေးထက်မြက်စို့ မြန်မာအမျိုးသမီးတို့" ဇာတ်လမ်းဖြင့် ဖျော်ဖြေကြသည်။**(ယာဝုံ)**

(ပုသိမ်လှကြည်)

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုနိုင်သောဥပဒေကြမ်း အိုဘားမားပယ်ချမည်

ဝါရှင်တန် စက်တင်ဘာ ၁၃

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူများ၏မိသားစုဝင်များနှင့် ယင်းတိုက်ခိုက်မှုအတွင်း အသက်ဘေးမှ လွတ်မြောက်ခဲ့သူများအနေဖြင့် လျော်ကြေးရရှိနိုင်ရေးအတွက် ဆော်ဒီအာရေဗျအစိုးရအဖွဲ့အား တရားစွဲဆိုနိုင်ရန် ခွင့်ပြုပေးမည့် ဥပဒေကြမ်းတစ်ရပ်ကို သမ္မတဘားရက်အိုဘားမားက ဗီတိုအာဏာအသုံးပြု၍ ပယ်ချမည်ဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျို့ရှ်အန်းနက်က ပြောကြားလိုက်သည်။

အဆိုပါဥပဒေကြမ်းကို သမ္မတအိုဘားမားက လက်မှတ်ရေးထိုးမည်ဟု မိမိမထင်ကြောင်း၊ အကြမ်းဖက်မှုကို တုံ့ပြန်ရာတွင် မိမိတို့ အထိရောက်ဆုံးဆောင်ရွက်နိုင်မည့် နည်းလမ်းတစ်ရပ်အဖြစ်သာ ယင်းဥပဒေကို အသုံးပြုနိုင်ရန် ရည်ရွယ်ကြောင်း အန်းနက်က ပြောကြားသည်။

အမေရိကန်အောက်လွှတ်တော်သည် စက်တင်ဘာ ၉ ရက်တွင် ယင်းဥပဒေကြမ်းကို ကန့်ကွက်မှုမရှိဘဲ အတည်ပြုပေးခဲ့သည်။ အမေရိကန်အထက်လွှတ်တော်ကမူ မေလတွင် တစ်ခဲနက်အတည်ပြုပေးခဲ့ပြီးဖြစ်ရာ ဥပဒေအဖြစ် အာဏာသက်ဝင်နိုင်ရေးအတွက် သမ္မတ အိုဘားမားက လက်မှတ်ရေးထိုးအတည်ပြုပေးရန် လိုအပ်သည်။

ယင်းဥပဒေအာဏာသက်ဝင်လာမည်ဆိုပါက စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကို တွေ့ကြုံခံစားခဲ့ကြရသူများ၏ မိသားစုများအနေဖြင့် ဆော်ဒီအာရေဗျအစိုးရအဖွဲ့ကို အမေရိကန်တရားရုံးများတွင် တရားစွဲဆိုလာနိုင်မည်ဖြစ်သည်။ **ရိုက်တာ။**

အပစ်အခတ်ရပ်စဲထားသည့်ကြားမှ ယူကရိန်းအရှေ့ပိုင်း၌ စစ်သားသုံးဦးသေဆုံး

ကိယက်ဗ် စက်တင်ဘာ ၁၃

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရုရှားလိုလားသော ခွဲထွက်ရေးသမားများနှင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာတွင် ယူကရိန်းတပ်ဖွဲ့မှ စစ်သည်သုံးဦးကျဆုံးပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ယူကရိန်း စစ်ဘက်က စက်တင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။ ယင်းတိုက်ခိုက်မှုမှာ စက်တင်ဘာ ၁ ရက်တွင် ခွဲထွက်ရေးသမားများနှင့် ယူကရိန်းတပ်ဖွဲ့များအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အာဏာသက်ဝင်လာခဲ့အပြီးတွင် ပထမဆုံးအကြိမ် လူအသေအပျောက်ရှိသည့် ဖြစ်ရပ်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်း ရှေ့တန်းစစ်မျက်နှာတစ်လျှောက်တွင် လက်နက်ကိုင်တိုက်ခိုက်မှုဖြစ်ပွားသည့် အရိပ်အယောင်များမှာ သိသာထင်ရှားစွာ လျော့နည်းသွားပြီဖြစ်ကြောင်း လွန်ခဲ့သည့် ရက်သတ္တပတ် နှစ်ပတ်က ယင်းဒေသအရေးကိုစောင့်ကြည့်လေ့လာသူများက အစီရင်ခံခဲ့သည်။ ၂၀၁၄ ခုနှစ် ဧပြီလမှစ၍ လူပေါင်း ၉၅၀၀ ကျော်သေဆုံးခဲ့ရသည့် လက်နက်ကိုင်တိုက်ခိုက်မှုများ အဆုံးသတ်ရေးအတွက် သက်တမ်း ၁၈ လရှိ မင့်စ်ဗြိမ်းချမ်းသော သဘောတူညီချက်က ဆောင်ကြဉ်းပေးနိုင်မည်ဟူသော မျှော်လင့်ချက်တိုးပွားလာခဲ့သည်။

သို့ရာတွင် ယူကရိန်းအရှေ့ပိုင်းမှ ခွဲထွက်ရေးသမားများသည် ယခုလအတွင်း ပထမဆုံးအကြိမ် လက်နက်ကြီးများကို အသုံးပြု၍ လူဟန့်ခ်ဒေသရှိ ယူကရိန်းအစိုးရတပ်ဖွဲ့စခန်းကို တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းစစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဖျက်အမှောင့်လုပ်ရပ်များနှင့် ကင်းထောက်လုပ်ငန်းလုပ်ဆောင်သော လက်နက်ကိုင်အုပ်စုတစ်စုသည် မြစ်တစ်စင်းကို ဖြတ်ကျော်လာပြီး မိမိတို့၏ တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခဲ့ကြောင်း၊ တိုက်ခိုက်မှုမှာ ၁၅ မိနစ်ခန့်ကြာမြင့်ကြောင်း ယူကရိန်းစစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မမျှော်လင့်ဘဲဖြစ်ပွားသော ယင်းတိုက်ခိုက်မှုအတွင်း ယူကရိန်းတပ်သား နှစ်ဦး သေဆုံးပြီး ဒွန်နက်စ်ဒေသ ရှေ့တန်းစစ်မျက်နှာသို့ အမြောက်ဆန့်ကျရောက်ပေါက်ကွဲမှုကြောင့် ယူကရိန်းစစ်သားတစ်ဦး သေဆုံးရကြောင်း၊ ယင်းဒေသမှာ ယူကရိန်းအစိုးရက ထိန်းချုပ်ထားသည့် အရှေ့မြောက်ပိုင်းဒေသမှ မာရီယူပိုလ်မြို့တွင်ဖြစ်ကြောင်း၊ အခြားယူကရိန်းတပ်သားတစ်ဦးမှာ ဖြစ်စဉ်အတွင်း ပျောက်ဆုံးနေကြောင်းဟု ၎င်းက ပြောကြားသည်။

ယူကရိန်းအစိုးရတပ်ဖွဲ့များသည် အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူညီမှုအား လေးစားလိုက်နာခြင်းမရှိကြောင်း ယူကရိန်းခွဲထွက်ရေးဝါဒီများက စက်တင်ဘာ ၁၂ ရက်တွင် တရားဝင်စွပ်စွဲပြောကြားခဲ့သည်။ ယူကရိန်းတပ်ဖွဲ့ဝင်များက သူပုန်တို့ထိန်းချုပ်ထားသည့် ဒွန်နက်စ်ဒေသ၏လူနေရပ်ကွက်များ ဝန်းကျင်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြောင်း ခွဲထွက်ရေးသမားတို့၏ သတင်းဝက်ဆိုက်ဖြစ်သော ဒီအင်နာ့အေက ဖော်ပြသည်။ **ရိုက်တာ။**

ကူလန်အား ဖမ်းဆီးနိုင်ရေးအတွက် တူရကီက အမေရိကန်ကို မေတ္တာရပ်ခံ

အန်ကာရာ စက်တင်ဘာ ၁၃

အမေရိကန်အခြေစိုက် ဘာသာရေးခေါင်းဆောင် ဖေသူလာဂူလန်အား အာဏာသိမ်းရန် ကြိုးပမ်းမှုတွင် နောက်ကွယ်မှ ကြိုးကိုင်သည်ဟူသော စွဲချက်များအရ စုံစမ်းစစ်ဆေးနိုင်ရေးအတွက် ဖမ်းဆီးနိုင်ရန် တူရကီနိုင်ငံက အမေရိကန်ပြည်ထောင်စုကို တရားဝင်မေတ္တာရပ်ခံလိုက်ကြောင်း တူရကီအင်နာ့တီဗီရုပ်မြင်သံကြားဌာနက စက်တင်ဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဇူလိုင် ၁၅ ရက်က ဖြစ်ပွားခဲ့သော မအောင်မြင်သည့်အာဏာသိမ်းပွဲတွင် ဂူလန်၏ဘာသာရေးလှုပ်ရှားမှုအဖွဲ့ဝင်များပါဝင်သည်ဟု တူရကီအစိုးရက ပြစ်တင်ပြောကြားသည်။

အာဏာသိမ်းရန်ကြိုးပမ်းမှုတွင် စီစဉ်ညွှန်ကြားခဲ့မှုဖြင့် ဂူလန်အား ဖမ်းဆီးနိုင်ရေးအတွက် တူရကီတရားရေးဝန်ကြီးဌာနက အမေရိကန်အစိုးရကို မေတ္တာရပ်ခံလိုက်ကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

မဲဆွယ်ခရီးစဉ်များ မကြာမီပြန်လည်စတင်နိုင်ရန် ကလင်တန်မျှော်လင့်

နယူးယောက် စက်တင်ဘာ ၁၃

အမေရိကန် ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီ ကလင်တန်ကဌင်း၏ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်းနှင့် လာမည့်နှစ်ရက်အတွင်း မဲဆွယ်စည်းရုံးရေးခရီးစဉ်များ ပြန်လည်စတင်နိုင်မည်ဟု မျှော်လင့်ကြောင်း စီအင်အန်အင်အန်သတင်းဌာနသို့ ပြောကြားသည်။

ကလင်တန်သည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်ခံရသူများအတွက် နယူးယောက်မြို့တွင် ကျင်းပသည့် အောက်မေ့ဖွယ် အခမ်းအနားသို့ တက်ရောက်လာစဉ် ရုတ်တရက် မူးမေ့လဲကျသွားခဲ့သည်။

ကလင်တန်သည် ကျန်းမာရေးအခြေအနေကြောင့် တနလ်ာနေ့နှင့် အင်္ဂါနေ့တွင် သွားရောက်ရန် စီစဉ်ထားသည့် ကာလီဖိုးနီးယားခရီးစဉ်ကို ဖျက်သိမ်းခဲ့ရသည်။ ၎င်း၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က ကလင်တန်၏ ခင်ပွန်း အမေရိကန်သမ္မတ ဟောင်း ဘီလ်ကလင်တန်သည် ဗုဒ္ဓဟူးနေ့တွင် နီဗာဒါးဒ်၌ ပြုလုပ်မည့် မဲဆွယ်စည်းရုံးရေး ဟောပြောပွဲကို ကလင်တန်ကိုယ်စား တက်ရောက်ဟောပြောမည်ဖြစ်ကြောင်း ပြောကြားသည်။

ကလင်တန်၏ ကျန်းမာရေးအခြေအနေသည် သမ္မတလောင်းပြိုင်ပွဲအတွက် ပြဿနာတစ်ခုဖြစ်လာလျက်ရှိသည်။ ၎င်း၏ပြိုင်ဘက် ရီပတ်ဘလီကန် သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်က ကလင်တန်သည် သမ္မတတာဝန် ထမ်းဆောင်ရန် လုံလောက်သည့် ကျန်းမာရေး အခြေအနေ ရှိ၊ မရှိ မေးခွန်းထုတ်လျက်ရှိသည်။ ကလင်တန်သည် အဆုတ်ရောင် ရောဂါခံစားနေရသည်ကို လွန်ခဲ့သည့်သောကြာနေ့ ဆေးစစ်ချက်တွင် တွေ့ရှိခဲ့မှုကို ထုတ်ဖော်ပြောကြားရန် ပျက်ကွက်သည့်အတွက် အချို့သော အမေရိကန်သတင်းမီဒီယာများက ဝေဖန်ပြစ်တင်လျက်ရှိကြသည်။ **အင်နန်အိတ်ချ်ကေ။**

တောင်တရုတ်ပင်လယ်အတွင်း ပူးတွဲရေတပ်လေ့ကျင့်မှု တရုတ်နှင့် ရုရှား စတင်

ဇန်ကျင်း စက်တင်ဘာ ၁၃

တရုတ်နှင့် ရုရှားနိုင်ငံတို့က တောင်တရုတ်ပင်လယ်အတွင်းရှိ ကွမ်တုန်ပြည်နယ်၌ ပူးတွဲရေတပ်လေ့ကျင့်မှု တစ်ရပ်ကို ယနေ့စတင်လိုက်သည်။

"Joint Sea 2016" ဟု ခေါ်ဆိုသော အဆိုပါစစ်ရေးလေ့ကျင့်မှုမှာ စက်တင်ဘာ ၁၂ ရက်မှ ၁၉ ရက်ထိ ကြာမြင့်မည်ဖြစ်ပြီး ရေတပ်စစ်သင်္ဘောများ၊ ရေငုပ်သင်္ဘောများ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ ကမ်းတက်တပ်ဖွဲ့များနှင့် ကုန်း၊ ရေနှစ်သွယ်သုံး သံချပ်ကာယာဉ်များ ပါဝင်သည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှုမှာ မဟာဗျူဟာမြောက် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီး တရုတ်-ရုရှားဘက်ပေါင်းစုံ မဟာဗျူဟာမြောက် မိတ်ဖက်ညီနှိုင်းဆောင်ရွက်မှုကို မြှင့်တင်ပေးကာ တပ်မတော်နှစ်ရပ်ကြား အထူးသဖြင့် ရေတပ်နှစ်ခုကြား အပြန်အလှန်ဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေသည့် ခိုင်လုံသောဆောင်ရွက်မှုဖြစ်ကြောင်း တရုတ်ရေတပ်ဖွဲ့ ဒုတိယတပ်မှူးဝမ်ဟိုင်က ပြောကြားသည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုက ရေတပ်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည့် ပကတိစစ်ပွဲ၊ သတင်းအချက်အလက်များ ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲမှုနှင့် စံသတ်မှတ်ခြင်းတို့ကို မီးမောင်းထိုးပြမည်ဖြစ်သည်။ ပူးတွဲလေကြောင်းရန်ကာကွယ်ရေး၊ ရေငုပ်သင်္ဘောဖျက်စစ်ဆင်ရေးများ၊ ကမ်းတက်ခြင်း၊ ကျွန်းအား သိမ်းပိုက်ခြင်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးနှင့် လက်နက်အသုံးပြုမှုအပါအဝင် စစ်ရေးလေ့ကျင့်မှုကာလအတွင်း လုပ်ဆောင်ချက်အများအပြားကို ဆောင်ရွက်သွားမည်ဖြစ်သည်။ **ဆင်ဟွာ။**

ကြေးမုံ

ပြည်တွင်းရေးရာ

ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ သတ္တမအကြိမ်အစည်းအဝေးပြုလုပ်

သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဗိုးထောင်

ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ သတ္တမအကြိမ် ပထမနေ့အစည်းအဝေးကျင်းပစဉ်။

ရန်ကုန် စက်တင်ဘာ ၁၃

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ သတ္တမအကြိမ် ပထမနေ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရုံးတွင် ပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇော်ဖိုးနှင့် JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးကိုကိုကြီးတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြသည်။

JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က "ကျွန်တော်တို့ JMC အစည်းအဝေးတွေမှာ JMC-S အတွက် နယ်မြေသတ်မှတ်ချက်နဲ့ ဆောင်ရွက်ဖို့ တာဝန်ပေးထားတာရှိတယ်။ ဒါတွေကို စတင်နိုင်အောင် JMC-S အစည်းအဝေးတွေ ခေါ်ယူပြီး နယ်မြေသတ်မှတ်မှုတွေ ဆောင်ရွက်ဖို့လိုတယ်။ နောက်တစ်ခါ IDPs (စစ်ရှောင်ဒုက္ခသည်)တွေ ပြန်လည်ဝင်ရောက်နိုင်ဖို့အတွက် လိုအပ်တဲ့ မိုင်းရှင်းလင်းရေးတွေအတွက် ထပ်ညှိနှိုင်းဖို့လိုတယ်။ အမျိုးသားအဆင့် ဆွေးနွေးပွဲတွေနဲ့ တစ်ပြိုင်တည်း ဒီကိစ္စတွေကို ကျွန်တော်တို့က ဆောင်ရွက်သွားဖို့ လိုပါတယ်။ မိုင်းရှင်းလင်းရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ကာကွယ်ရေးဦးစီးချုပ်က ဘယ်လိုမူဝါဒရှိတယ်ဆိုတာကို တင်ပြထားပြီးဖြစ်ပါတယ်။ IDPs တွေ ပြန်လာဖို့ အမျိုးသားအဆင့်ဆွေးနွေးပွဲတွေ စနစ်တကျဆောင်ရွက်နိုင်ဖို့ အောက်ခြေအဆင့်မှာလည်း သေသေချာချာ ညှိနှိုင်း ဆောင်ရွက်သွားဖို့ လိုအပ်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။

နောက်တစ်ခုက NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့မှာ ငြိမ်းချမ်းရေးညီလာခံမှာလည်း ကျွန်တော်တို့ပြောခဲ့တာရှိပါတယ်။ တပ်သားသစ်စုဆောင်း တဲ့ကိစ္စပါ။ ဒါတွေက ကျွန်တော်တို့အရပ်သား ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးဖြစ်စေတယ်။ NCA စာချုပ်မှာ ပါတဲ့အရပ်သားတွေကို အကာအကွယ်ပေးခြင်းမှာ ကျူးလွန်ဖောက်ဖျက်နေတဲ့ အနေအထားတွေရှိတဲ့အတွက် ဒါကို NCA လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေမှာ မဖြစ်ဖို့ ပြောလိုပါတယ်။

နောက်တစ်ခုကတော့ JMC-S ပဲခူးမှာ ကရင်(၂) အနေနဲ့ ဖွဲ့စည်းမယ့်ကိစ္စမှာ အကျိုးအကြောင်းနဲ့ တင်ပြတော့ ပဲခူးအဖွဲ့အစည်းအနေနဲ့ သဘောတူပါတယ်။ ဒီလ ၂၇ ရက်မှာ ဆောင်ရွက်မယ်လို့ ကျွန်တော်တို့က လျှောထားပါတယ်။ ချင်းမှာ JMC-S ဖွဲ့ဖို့ကိစ္စကိုတော့ လမ်းပန်းဆက်သွယ် ရေးအခက်အခဲကြောင့် ဒီဇင်ဘာလလောက်မှာ ဖွဲ့စည်းဖို့ လျှောထားပါတယ်။ ဒါတွေအတွက် အသေးစိတ်ညှိနှိုင်းပြီး ကျွန်တော်တို့ ဆောင် ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇော်ဖိုးက "NCA စာချုပ်နဲ့ ပတ်သက်ရင် ကျွန်တော်တို့တိုင်းရင်းသားတွေ နှစ်နှစ်ကျော်ညှိနှိုင်းပြီး ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီလိုဆွေးနွေးရင်းနဲ့ ရရှိလာတဲ့ NCA စာချုပ်ဟာ သမိုင်းဝင်ဖြစ်သလို တိုင်းသိပြည်သိ ကမ္ဘာသိလည်းဖြစ်ပါတယ်။ NCA စာချုပ်ဟာ အလွန်အရေးပါသလိုစာချုပ်ကို အကောင်အထည်ဖော်ရတဲ့ ပုဂ္ဂိုလ်တွေကလည်း NCA စာချုပ်ကို ယုံကြည်မှုအပြည့်အဝနဲ့ ဆက်လက်ပြီးအကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ NCA စာချုပ်နဲ့ပတ်သက်ပြီး လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အောက်ခြေမှာလည်းနားလည်နိုင်အောင် ချပြပေးနိုင်ဖို့လိုပါတယ်။ အဲဒီလို ချပြပေးနိုင်မှလည်း JMC နဲ့ ပတ်သက်တဲ့အခက်အခဲတွေကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

အောက်ခြေကို ချပြပေးလို့မရဘူးဆိုရင် ကျွန်တော်တို့အတွက် အခက်အခဲတွေ အများကြီးရှိပါတယ်။ NCA နဲ့ပတ်သက်ပြီး နှစ်ဖက်တပ်တွေကြားထဲမှာလည်း သဘောပေါက်နားလည်မှုနည်းတာတွေရှိပါတယ်။ သဘောပေါက်နားလည်ဖို့ လိုပါတယ်။ JMC-S ဖွဲ့ပြီးတဲ့နောက်မှာ ဘာတွေတိုးတက်မှုရှိသလဲဆိုတဲ့မေးခွန်းတွေ အများကြီးပေါ်လာပါတယ်။ JMC နဲ့ ပတ်သက်ပြီး နှစ်ဖက်အောက်ခြေကသိရှိနားလည်မှုလည်း သူတို့ကိုယ်တိုင်က သူတို့ရဲ့လုံခြုံမှုနဲ့လွတ်လပ်မှုကို ခံစားနိုင်ပါမယ်။ ကျွန်တော်တို့ အချင်းချင်းကြားထဲမှာ နားလည်မှုလွဲမှားတာတွေကို ပြန်ပြီးရှင်းလင်းရမှာတွေရှိပါတယ်။ ဒါတွေကိုလည်း ကျော်ဖြတ်သွားရမှာဖြစ်ပါတယ်။ အောက်ခြေကို ချပြဖို့လိုသလိုပဲ ပြည်သူရဲ့ပါဝင်မှုကလည်း အဓိကကျပါတယ်"ဟု ပြောသည်။

ယင်းနောက် JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးကိုကိုကြီးက "ပြီးခဲ့တဲ့ အစည်းအဝေးတွေတစ်လျှောက်လုံးမှာလည်း JMC နဲ့ ပတ်သက်လို့ တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့်၊ ဒေသဆိုင်ရာ အဆင့်တွေအထိ လုပ်ငန်းလမ်းညွှန်အသေးစိတ်ကို ဆွေးနွေးခဲ့ကြပါတယ်။ အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့ဒေသတွေမှာ အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်ဖို့လုပ်နေတဲ့ တစ်ချိန်တည်းမှာ ထပ်မံဖွဲ့စည်းပြီး ဧရိယာကျယ်လာဖို့ဆိုတာ NCAကို လက်မှတ်ထိုးထားတဲ့အဖွဲ့အစည်းတွေ များလာတာနဲ့အမျှ JMC ရဲ့နယ်ပယ်က တဖြည်းဖြည်းနဲ့ကျယ်ပြန့်လာမှာပါ။ ကျွန်တော်တို့ပဋိဂ္ဂိုလ်ချင်း ထိတွေ့ရင်းနှီးမှုကနေ ဖြေရှင်းနေတာကနေ နောက်ပိုင်းကျရင် လုပ်ငန်းလမ်းညွှန်တွေပေါ်မှာ အခြေပြုပြီးတော့ ပိုပြီးစနစ်ကျတဲ့ဖြေရှင်းမှုတွေ ဖြစ်လာဖို့အတွက် မျှော်လင့်ပါတယ်။ ကျွန်တော်တို့ JMC အစည်းအဝေးတွေကနေ တစ်ဆင့် အောက်ခြေဒေသဆိုင်ရာအဆင့်တွေ အထိ တကယ့်လက်တွေ့လုပ်ငန်းအကောင်အထည်ဖော်လာမှုတွေ ဖြစ်ပေါ်လာဖို့ဆိုတဲ့ အခါမှာ ထူးခြားတာက NCA ဟာ အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်ဖို့တင်မကဘဲ အရပ်သားတွေကို အကာအကွယ်ပေးဖို့အတွက် စောင့်ကြည့်ရတဲ့လုပ်ငန်းစဉ်က တော်တော်လေး ကျယ်ပြန့်ပါတယ်။ တစ်ချိန်တုန်းက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ခွင့်မရခဲ့တဲ့ အရပ်သားတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာအောင် ကြိုးစားရမှာဖြစ်ပါတယ်။ NCA စာချုပ်ကို နှစ်ဖက်အောက်ခြေတပ်သားတွေပဲ နားလည်အောင်မဟုတ်ဘဲနဲ့ အရပ်သားတွေမှာပါ ကျွန်တော်တို့ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိလာဖို့နဲ့ အရပ်သားပြည်သူတွေပါ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် ဒီအစည်းအဝေးကစပြီး နောက်ပိုင်းမှာ အရှိန်မြှင့်သွားဖို့လိုမယ်လို့ မြင်ပါတယ်"ဟု အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

စက်တင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်ကျင်းပမည့် သတ္တမအကြိမ်မြောက် JMC-U အစည်းအဝေးတွင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် JMC-S ကို ပဲခူးတိုင်းဒေသကြီးတွင် (ကရင်-၂)အနေဖြင့် ယခုလအတွင်းဖွဲ့စည်းရန်နှင့် ဒီဇင်ဘာလတွင် ချင်းပြည်နယ်၌ ဆက်လက်ဖွဲ့စည်းရန်၊ JMC-TSC ယာယီရုံးအဖွဲ့၏ နောက်ဆုံးအခြေအနေကို တင်ပြခြင်း၊ JMC-U အတွင်းရေးမှူးနှစ်ဦး၏ လုပ်ငန်းလမ်းညွှန်များကို ဆွေးနွေးခြင်း၊ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူးနှင့် ဒုတိယအလုပ်အမှုဆောင်ညွှန်ကြားရေးမှူးတို့၏ လုပ်ငန်းတာဝန်များကို ဆွေးနွေးအတည်ပြုခြင်း၊ JMC-U နှင့် UN တို့အကြားတွေ့ဆုံဆွေးနွေးအတည်ပြုခြင်း၊ နယ်မြေသတ်မှတ်မှု(Demarcation) ကိစ္စကို ဆွေးနွေးခြင်း၊ မိုင်းရှင်းလင်းရေး(Demining) ကိစ္စကို ဆွေးနွေးခြင်း၊ နိုင်ငံတကာအထောက်အကူပြုပညာရှင်များကိစ္စကို ဆွေးနွေးခြင်း၊ လုပ်ငန်းလမ်းညွှန်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ သတ္တမအကြိမ် ဒုတိယနေ့ ဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် NRPC ၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကျောက်ကြီးတွင် (၁၂၈)ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာ မီးမျှောပူဇော်ပွဲနှင့် လှေလှော်ပြိုင်ပွဲအခမ်းအနားကျင်းပ

ကျောက်ကြီး စက်တင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မြို့လယ်ချောင်းတံတား အနောက်ဘက်မှခ်ဦးတွင် (၁၂၈)ကြိမ်မြောက် ရှင်ဥပဂုတ္တ ရဟန္တာ မီးမျှောပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်သည်။

ကျောက်ကြီးမြို့နယ်တွင် မီးမျှောပူဇော်ပွဲကို နှစ်စဉ် အစဉ်အလာတစ်ရပ်အဖြစ် ကျင်းပလာခဲ့သည်မှာ (၁၂၈)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သည်။

ယခုနှစ်တွင် ယခင်နှစ်များထက် ပိုမိုစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ ရန်ပုံငွေ ကျပ်သိန်း ၄၀၀ ကျော်ခန့် ကုန်ကျခံမည်ဖြစ်ပြီး ရှင်ဥပဂုတ္တရဟန္တာစံကျောင်း ဖောင်တော်ကို ကျပ်သိန်း ၂၀၀ ကျော်ခန့် အကုန်အကျခံတည်ဆောက်ကာ ရေချခဲ့ကြကြောင်း သိရသည်။

ကျောက်ကြီးမြို့ မီးမျှောပူဇော်ပွဲနှင့် လှေလှော်ပြိုင်ပွဲကို နှစ်စဉ် တော်သလင်းလရောက်တိုင်း ကျောက်ကြီးမြို့လယ်ချောင်းအတွင်း ကျင်းပခဲ့ကြသည်။ ကိုလိုနီခေတ်၊ ဂျပန်ခေတ်ကာလများ၌ အခက်အခဲအမျိုးမျိုးကြားမှပင် အစဉ်အလာမပျက်ကျင်းပလာနိုင်ခဲ့ပြီး ယခုဆိုလျှင် နယ်မြေဒေသ အေးချမ်းသာယာလာခဲ့သည့်အတွက် ပိုမိုစည်ကားစွာ ကျင်းပလာခဲ့ရာ ယခု(၁၂၈)ကြိမ်မြောက် ပွဲတော်ကြီးတိုင်လာခဲ့ပြီဖြစ်သည်။

ယင်းပွဲတော်၌ လှေလှော်အသင်း ၈၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယနေ့တွင် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့သည်။ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်း ဦးဆောင်သော အနုပညာရှင်များက တေးဂီတဖြင့် ဖျော်ဖြေမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် ကျောက်ကြီးမြို့နယ် လက်ရွေးစင် ဘာလုံးအသင်းနှင့် အနုပညာရှင်များ ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ စက်တင်ဘာ ၁၇ ရက်တွင် ဆုချီးမြှင့်ပွဲနှင့် အခမ်းအနားပိတ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထိန်ဝင်းထံမှ သိရသည်။

ယခုပွဲတော်ကို တောင်သူများ ထွန်တုန်းပိတ်ချိန်လည်း ဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ စည်းစည်းလုံးလုံး ပါဝင်ဆင်နွှဲနိုင်ခဲ့ကာ ဒေသခံ ဓမ္မစကြာဝတ် အသင်းများကလည်း နေ့စဉ် ရွတ်ဖတ်၍ ရှင်ဥပဂုတ္တ ရဟန္တာမြတ်ကြီးအား ပူဇော်ခြင်း အခမ်းအနားများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ယခုပွဲတော်သည် ဘာသာရေး၊ လူမှုရေးပွဲ ဖြစ်သလို လောကုတ္တရာအကျိုးစီးပွားဖြစ်ထွန်းရန်ရည်ရွယ်ပြီး ကျင်းပသည့်ပွဲတော်လည်းဖြစ်ကြောင်း၊ (၁၂၈)ကြိမ်မြောက် ရှင်ဥပဂုတ္တ ရဟန္တာမီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲတွင် မီးကြာခွက် ဆီမီး ၁၀၀၀ မီးမျှောပူဇော်ခြင်း၊ အမျိုးသားခုနစ်တက် အမျိုးသမီး ငါးတက်လှေလှော်ပြိုင်ပွဲ၊ အမျိုးသမီးတက်ခုတ်လှေပြပွဲ၊ လောင်းလှေဝင်းအတွင်း လှေလှော်သံသီချင်းဖြင့်ယိမ်းအကဖျော်ဖြေခြင်းများ၊ အနုပညာရှင်များ၏ တေးဂီတဖျော်ဖြေခြင်း၊ ဘောလုံးကစားခြင်း၊ ဒေသခံတီးဝိုင်းများ၏ ဖြေဖျော်မှုများအပြင် အခြားပျော်ပွဲရွှင်ပွဲများစွာဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပန်းချီသန်းဝင်း(ကျောက်ကြီး)

ကလောင်မွန်တွေ ချွန်နိုင်ကြပါစေ

မင်းခန့်ရွှေ

၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ရက်တွင် စတင်ဖွဲ့စည်းခဲ့သော **"မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီး Burma Translation Society -BTS"**ကို ၁၉၄၈ ခုနှစ် မေလတွင် ရန်ကုန်မြို့ ပြည်လမ်း အမှတ် (၃၆၁) ရှိ **ဆိုရန်တိုဗီလာ (Sorrento Villa)** အဆောက်အအုံသို့ ပြောင်းရွှေ့ခဲ့သည်။ ထိုအခါ ဆိုရန်တိုဗီလာ အဆောက်အအုံကို မြန်မာဆန်ဆန်ကျက်သရေရှိစွာ **"စာပေဗိမာန်" (Palace of Literature)** ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီးကိုလည်း "စာပေဗိမာန်"ဟု ခံ့ထည်စွာ ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီး၏ အမှတ်တံဆိပ် (Logo) နှင့် **"အမှောင်ခွင်း၍ အလင်းဆောင်အံ့"**ဟူသော ဆောင်ပုဒ်ကို စာပေဗိမာန်ကဆက်လက်သုံးစွဲခဲ့ပြီး ဘာသာပြန်လုပ်ငန်းများအပြင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုပါ စဉ်ဆက်မပြတ် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည်။

"မြန်မာနိုင်ငံဘာသာပြန် စာပေအသင်းကြီး Burma Translation Society-BTS"၏ အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတွင် **"လူထု၏ ပညာရေးတိုးတက်ကောင်းမွန်လာမှုနှင့် ပညာတတ်အဆင့်အတန်းမြင့်မားလာမှုကို ရှေးရှု၍ မြန်မာစာပေနှင့် မြန်မာအနုပညာရပ်များကို စူးစမ်းရှာဖွေရန် (သို့မဟုတ်) စူးစမ်းရှာဖွေမှုကို အားပေးရန်"** ဟူသည့် ရည်ရွယ်ချက်တစ်ရပ် ပါရှိခဲ့သည်။ ထို့ကြောင့် စာပေဗိမာန်အုပ်ချုပ်ရေးကော်မတီသည် မြန်မာနိုင်ငံအတွင်း ပုံနှိပ်ဖြန့်ချိုနေသော ဝတ္ထုစာအုပ်များ၏ စာပေအရေးအသားကို ချီးမြှင့်သောအားဖြင့် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ပြင်ပမှရေးသား ဖြန့်ချိသော ဝတ္ထုရှည်များအနက် ဘာသာပြန်ခြင်း၊ မှီငြမ်းခြင်း မပြုဘဲ ပင်ကိုဉာဏ်ဖြင့် အဆင့်အတန်း အမြင့်ဆုံးရေးထားသော ဝတ္ထုကို ရွေးချယ်ပြီး **"စာပေဗိမာန်ဆု"** အမည်ဖြင့် ဆုငွေတစ်ထောင်ကျပ် ချီးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၄၈ ခုနှစ်အတွက် ဆရာမင်းအောင်ရေးသော "ပိုးအောက်မြေပြင်" ဝတ္ထုကိုလည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်အတွက် ဆရာတက်တိုးရေးသော "မင်းမှုထမ်း" ဝတ္ထုကိုလည်းကောင်း စာပေဗိမာန်ဆု ချီးမြှင့်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင်မူ ဆုအမျိုးအစား သုံးမျိုးခွဲ၍ တိုးချဲ့ချီးမြှင့်ခဲ့သည်။ ၎င်းတို့မှာ-

(က) ကာလပေါ်ဝတ္ထုဆုကို ယခင်နှစ်များကဲ့သို့ တစ်ထောင်ချီးမြှင့်ခြင်း။

(ခ) မြန်မာစာပေတိုးတက်ကြီးပွားစေရန် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ပြင်ပမှ ပုံနှိပ်ထုတ်ဝေသော ဝတ္ထု၊ ကဗျာ၊ ပြဇာတ်မှတစ်ပါး နိုင်ငံသမိုင်း၊ လူ့သမိုင်း၊ ခရီးသွားမှတ်တမ်း၊ စာပေဝေဖန်မှုစသော စာပေတစ်ခုခုမှ ရွေးချယ်ပြီး စာပဒေသာဆုအဖြစ် ဆုငွေတစ်ထောင်ကျပ် ချီးမြှင့်ခြင်း။

(ဂ) ကမ္ဘာ့အမွေအနှစ်ဖြစ်သော စာကြီးပေကြီးများကို မြန်မာဘာသာပြန်ပြီး မြန်မာမှုဖန်တီးခြင်းကို အားပေးရန်ရည်ရွယ်၍ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ပြင်ပတိုက်မှ ထုတ်ဝေသော တိုက်ရိုက်ဘာသာပြန်(သို့မဟုတ်) ဆီလျော်သော ဘာသာပြန်စာအုပ်ကို ဘာသာပြန်ဆု အဖြစ် ဆုငွေကျပ် ၇၅၀ ချီးမြှင့်ခြင်းဖြစ်သည်။

ဤသို့ဖြင့် စာပေဗိမာန်ဆုများ နှစ်စဉ်ချီးမြှင့်ခဲ့ရာ ၁၉၆၃ ခုနှစ်တွင် **"စာပေဗိမာန်ဆု"**ကို **"အနုပညာဆိုင်ရာ စာပေဆု"** ဟု အမည်ပြောင်းခဲ့ပြီး ဘာသာရပ် ကိုးမျိုးသတ်မှတ်ကာ ဆုတစ်ဆုအတွက် ကျပ် ၁၀၀၀ စီချီးမြှင့်ခဲ့သည်။ ထိုစဉ်က ပုံနှိပ်ပြီးစာအုပ်နှင့် ပုံမနှိပ်ရသေးသော လက်ရေး စာမူတို့ ပူးတွဲပြိုင်ပွဲဝင်ရသောစနစ်ကို ကျင့်သုံးခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် **"အမျိုးသားစာပေဆု"** ဟု ထပ်မံပြောင်းလဲခဲ့ပြီး ယနေ့တိုင် နှစ်စဉ်ချီးမြှင့်လျက်ရှိသည်။ ၁၉၆၉ ခုနှစ်တွင် စာအုပ်အတွက် အမျိုးသားစာပေဆုကို သီးခြားချီးမြှင့်ပြီး စာမူများအတွက် **"စာပေဗိမာန်စာမူဆု"** အမည်ဖြင့် ပြိုင်ပွဲတစ်ရပ် ပြန်လည်ကျင်းပခဲ့ပြီး ယနေ့တိုင် ကျင်းပပေးလျက်ရှိသည်။

စာပေဗိမာန်စာမူဆုပြိုင်ပွဲကို အကြောင်းအမျိုးမျိုးကြောင့် စက်တင်ပုံနှိပ်ခြင်းမပြုနိုင်သည့် ကောင်းမွန်ပြောင်မြောက်သော စာမူများကို စာအုပ်အဖြစ် ထွက်ပေါ်လာစေရန်နှင့် ယင်းသို့ထွက်ပေါ်လာသည့် စာအုပ်များကို အမျိုးသားစာပေဆုအတွက် စိစစ်ရွေးချယ်ချီးမြှင့်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ စာမူဆုအမျိုးအစားများကို တဖြည်းဖြည်းတိုး၍ ဖိတ်ခေါ်ခဲ့ရာ ယခုအခါ ဘာသာရပ် ၁၃ မျိုးအထိ ရှိလာပြီဖြစ်သည်။ ၎င်းတို့မှာ-

(က) ဝတ္ထုရှည်ဆု
(ခ) ဝတ္ထုတိုပေါင်းချုပ်ဆု
(ဂ) ကဗျာပေါင်းချုပ်ဆု
(ဃ) သုတပဒေသာ (ဝိဇ္ဇာပညာရပ်)ဆု
(င) သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) ဆု
(စ) စာပဒေသာဆု
(ဆ) မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု
(ဇ) ကလေးစာပေဆု
(စျ) လူငယ်စာပေဆု
(ည) နိုင်ငံရေးစာပေဆု
(ဋ) ပြဇာတ်စာပေဆု
(ဌ) အင်္ဂလိပ်စာမူဆု
(ဍ) ဘာသာပြန်ဆု တို့ဖြစ်ကြသည်။

စာပေဗိမာန်စာမူဆုပြိုင်ပွဲသို့ ပေးပို့လာသော စာမူများကို အောက်ပါမူများနှင့်အညီ စိစစ်ရွေးချယ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်ကြောင်း လေ့လာသိရှိရသည်-

(က) မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုခြင်း။

(ခ) သုတ၊ ရသ အရည်အသွေးပြည့်မီသော စာပေဖြစ်စေရန် အထောက်အကူပြုခြင်း။

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှု ထွန်းကားစေရန် အထောက်အကူပြုခြင်း။

(ဃ) မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်စေရန် အထောက်အကူပြုခြင်း။

(င) ပြည်ထောင်စုတိုင်းရင်းသားများ သွေးစည်းညီညွတ်မှုရှိစေရန် အထောက်အကူပြုခြင်း။

(စ) အတွေးအခေါ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဗဟုသုတတိုးပွားစေရန် အထောက်အကူပြုခြင်း။

(ဆ) ကိုယ်ကျင့်တရား ကောင်းမွန်ရေးအတွက် လမ်းညွှန်မှုဖြစ်စေရန် အထောက်အကူပြုခြင်း။

(ဇ) အမျိုးသားအကျိုးစီးပွားကို အထောက်အကူပြုစေရန် အထောက်အကူပြုခြင်း။

ဘာသာရပ်တိုင်းတွင် ပထမဆုကို ကျပ် ၇၀၀၀၀၀၊ ဒုတိယဆုကို ကျပ် ၅၀၀၀၀၀၊ တတိယဆုကို ကျပ် ၃၀၀၀၀၀ ချီးမြှင့်ပြီး ဘာသာပြန်ဆုအတွက်မူ ပထမဆုကိုသာ ချီးမြှင့်ကြောင်း၊ အဆင့်မီသော စာမူမရလျှင် ဆုမချီးမြှင့်ကြောင်း၊ ဆုရစာမူများကို စာပေဗိမာန်က ပထမအကြိမ်ပုံနှိပ်ရာတွင် လိုအပ်သော အရေအတွက်အထိ ရိုက်နှိပ်ခွင့်ရှိပြီး ပထမအကြိမ် ရိုက်နှိပ်ခြင်းအတွက် စာမူခသီးသန့်ထပ်မံ မချီးမြှင့်ကြောင်း၊ စာမူရှင်က မိမိအစီအစဉ်ဖြင့် ရိုက်နှိပ်လိုလျှင် စာပေဗိမာန်သို့ တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ရိုက်နှိပ်နိုင်ကြောင်း သိရသည်။

ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ သုတပဒေသာ(ဝိဇ္ဇာ)၊ သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ)၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ၊ နိုင်ငံရေးစာပေတို့အတွက် စာမူရေးသားပေးပို့လျှင် စာလုံးရေ ၅၀၀၀၀မှ ၇၅၀၀၀ အတွင်းလည်းကောင်း၊ လူငယ်စာပေနှင့် ပြဇာတ်စာပေတို့တွင် ၄၀၀၀၀မှ ၇၅၀၀၀ အတွင်းလည်းကောင်း၊ အင်္ဂလိပ်စာမူဆုတွင် ၅၀၀၀၀မှ ၆၀၀၀၀ အတွင်းလည်းကောင်း ရေးရမည်ဖြစ်ပြီး ဘာသာရပ်တစ်ခုချင်းအလိုက် သီးခြားသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရသည်-

(က) ကဗျာပေါင်းချုပ်ဆု

(၁) တစ်ဦးတည်းက ပင်ကိုဉာဏ်ဖြင့် ရေးဖွဲ့ရမည်။

(၂) မြန်မာကဗျာစပ်ထုံး၊ ဖွဲ့ထုံးအစဉ်အလာနှင့် ကိုက်ညီရမည်။

(၃) ကဗျာပုဒ်ရေအနည်းဆုံး ၆၀ ပါဝင်ရမည်။

(၄) ကဗျာအတို/အရှည် ညီညွတ်မျှတစွာ ပါဝင်ရမည်။

(၅) မဂ္ဂဇင်း၊ စာစောင်၊ စာအုပ်များတွင် ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသော ကဗျာများဖြစ်ရမည်။

(ခ) သုတပဒေသာဆု (ဝိဇ္ဇာပညာရပ်)

(၁) ဝိဇ္ဇာပညာရပ်ဆိုင်ရာ အကြောင်းအရာကို ဖော်ပြသည့်စာမျိုး (ဥပမာ-နိုင်ငံသမိုင်း၊ ပထဝီဝင်၊ စိတ်ပညာ၊ ဘောဂဗေဒ စသည်) ဖြစ်ရမည်။

(၂) အထောက်အထားပါသင့်သော စာမူအတွက် အထောက်အထားများနှင့် သက်ဆိုင်ရာအကိုးအကား စာအုပ်များစာရင်းကို စနစ်တကျ ထည့်သွင်းဖော်ပြရမည်။ လိုအပ်ပါက ယင်းတို့ကို တင်ပြနိုင်ရမည်။

(ဂ) သုတပဒေသာဆု(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)

(၁) သိပ္ပံနှင့် အသုံးချသိပ္ပံပညာဆိုင်ရာ အကြောင်းရပ်များကို ဖော်ပြသည့်စာမျိုး (ဥပမာ-ကွန်ပျူတာသိပ္ပံ၊ အာကာသသိပ္ပံ၊ လျှပ်စစ်ဆိုင်ရာ ဆေးဝါးကုသမှု၊ စက်မှုလုပ်ငန်း၊ မွေးမြူရေး၊ စိုက်ပျိုးရေး စသည်) ဖြစ်ရမည်။

(၂) အထောက်အထားပါသင့်သော စာမူအတွက် အထောက်အထားများနှင့် သက်ဆိုင်ရာအကိုးအကား စာအုပ်များစာရင်းကို စနစ်တကျ ထည့်သွင်းဖော်ပြရမည်။ လိုအပ်ပါက ယင်းတို့ကို တင်ပြနိုင်ရမည်။

(ဃ) စာပဒေသာ(ဆောင်းပါး)ဆု

(၁) ရသဘောဝင်သည့် ခရီးသွားမှတ်တမ်း၊ အတ္ထုပ္ပတ္တိ၊ ကိုယ်ရေးမှတ်တမ်းအစရှိသော ဆောင်းပါးသဘာဝ ပါရှိသော စာမူ၊ သုတထက် ရသအဖွဲ့ဖြင့် ရေးသားထားသည့် စာမူဖြစ်ရမည်။

(င) မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု

(၁) ယဉ်ကျေးမှုအကြောင်းနှင့် အနုပညာအကြောင်း ရေးသားခြင်း (ဥပမာ-ဆေးရေးပန်းချီ၊ ကောက်ကြောင်းပန်းချီ၊ ပန်းပု၊ ပန်းထိမ်၊ ဗိသုကာ၊ ဝါဂီနစ်၊ မြန်မာ့ယဉ်ကျေးမှု ထုံးစံလေ့မျှား စသည်) ဖြစ်ရမည်။

(၂) အထောက်အထားပါသင့်သော စာမူအတွက် အထောက်အထားများနှင့် သက်ဆိုင်ရာ အကိုးအကား စာအုပ်စာရင်းကို စနစ်တကျ ထည့်သွင်းဖော်ပြရမည်။ လိုအပ်ပါက ယင်းတို့ကို တင်ပြနိုင်ရမည်။

(စ) ကလေးစာပေဆု

(၁)အသက် (၁၂)နှစ်အောက်အရွယ် ကလေးများ ပျော်ရွှင်ရန်၊ ဗဟုသုတဖြစ်ရန်၊ နိုင်ငံချစ်စိတ်ဓာတ် ပြန့်ပွားစေရန်ရည်ရွယ်ပြီး ရေးသားထားသော စကားပြေ သို့မဟုတ် ကဗျာစာမူ ဖြစ်ရမည်။

(၂) ကာတွန်းနှင့် ရုပ်ပြဇာတ်လမ်း စာမူများ ပြိုင်ပွဲဝင်ခွင့်မရှိပါ။

(၃) စာလုံးရေ ၃၅၀၀၀ အောက် မနည်းစေရ။

(၄) သာမန်အားဖြင့် စာလုံးရေ ၇၅၀၀၀ ထက် မများစေရ။

(ဆ) လူငယ်စာပေဆု

(၁) အသက် (၁၃)နှစ်မှ (၁၉)နှစ် အထိ လူငယ်များ ဗဟုသုတဖြစ်ရန်နှင့် အကျင့်စာရိတ္တပြုပြင်စေရန် ရည်ရွယ်၍စကားပြေဖြင့်ရေးသားသော စာမူဖြစ်ရမည်။

(၂) ကာတွန်းနှင့် ရုပ်ပြဇာတ်လမ်း စာမူများ ပြိုင်ပွဲဝင်ခွင့်မရှိပါ။

(၃) စာလုံးရေ ၄၀၀၀၀ အောက် မနည်းစေရ။

(၄) သာမန်အားဖြင့် စာလုံးရေ ၇၅၀၀၀ ထက် မများစေရ။

(ဇ) နိုင်ငံရေးဆိုင်ရာ စာပေဆု

(၁) မြန်မာနိုင်ငံရေးဆိုင်ရာနှင့် ကျိုးကြောင်းနီးနွယ်သော စာမူဖြစ်ရမည်။

(၂) အထောက်အထားပါသင့်သော စာမူအတွက် အထောက်အထားများနှင့်သက်ဆိုင်ရာ အကိုးအကား စာအုပ်များစာရင်းကို စနစ်တကျ ထည့်သွင်းဖော်ပြရမည်။ လိုအပ်ပါက ယင်းတို့ကို တင်ပြနိုင်ရမည်။

(စျ) ပြဇာတ်စာပေဆု

(၁)လုံးချင်းဖြစ်စေ၊ ပြဇာတ်ပေါင်းချုပ်ဖြစ်စေ တင်သွင်းနိုင်သည်။

(၂) စာလုံးရေ ၄၀၀၀၀ အောက် မနည်းစေရ။

(၃) သာမန်အားဖြင့် စာလုံးရေ ၇၅၀၀၀ ထက် မများစေရ။

(ည) အင်္ဂလိပ်စာမူဆု

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားကိုယ်တိုင်ရေးသားသော စာမူဖြစ်ရမည်။

(၂) အထောက်အထားပါသင့်သော စာမူအတွက် အထောက်အထားများနှင့် သက်ဆိုင်ရာအကိုးအကား စာအုပ်စာရင်းများကို စနစ်တကျထည့်သွင်းဖော်ပြရမည်။ လိုအပ်ပါက ယင်းတို့ကို တင်ပြနိုင်ရမည်။

(၃) စာလုံးရေ ၅၅၀၀၀ အောက် မနည်းစေရ။

(၄) သာမန်အားဖြင့် စာလုံးရေ ၆၀၀၀၀ ထက် မများစေရ။

(ဋ) ဘာသာပြန်စာပေဆု

(၁) မြန်မာပြန်ဆိုရာတွင် မူရင်းစာကိုယ်ပါ အချက်အလက်အပြည့်အစုံနှင့် အာဘော်ကိုက်ညီ၍ မြန်မာစာဖတ်ပရိသတ် နားလည်နှစ်သက်ဖွယ်ဖြစ်အောင် ပြန်ဆိုရမည်။

(၂) ဘာသာပြန်ရမည့် စာအုပ်ငယ်ကို စာပေဗိမာန်ရုံးက ပြဌာန်းပေးမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်တွင် ပြိုင်ပွဲအတွက် ကန့်သတ်၍ ပုံနှိပ်ရောင်းချမည်။

ထို့ပြင် ပြိုင်ပွဲဝင်သူများသည် အောက်ပါစည်းကမ်းများကို လိုက်နာရမည်ဟု သိရသည်-

(က) ယခင်စာပေဗိမာန် စာမူဆုပြိုင်ပွဲတွင် ပါဝင်ပြိုင်ပွဲဝင်ခဲ့သော်လည်း ဆုမရသည့် စာမူများကို ပြင်ဆင်ပြီး ထပ်မံတင်သွင်းနိုင်ပါသည်။ ထိုသို့ တင်သွင်းလျှင် ပြင်ဆင်တင်သွင်းကြောင်း ဖော်ပြရမည်။

(ခ) ပြိုင်ပွဲဝင်စာမူသည် ပါဝင်ယှဉ်ပြိုင်သူတစ်ဦးတည်း ပြုစုရေးသားပြန် ဆိုသည့် စာမူဖြစ်ရမည်။ စာရေးသူက မိမိကိုယ်တိုင်တစ်ဦးတည်း ပြုစုရေးသားပြန်ဆိုကြောင်း ဝန်ခံချက်ပါရှိရမည်။ စာအုပ်အဖြစ် ယခင်က ပုံနှိပ်ထုတ်ဝေဖူးသည့် စာမူမဖြစ်စေရ။

(ဂ) အကိုးအကားဖော်ပြချက်များနှင့် စပ်လျဉ်း၍ မူပိုင်ကိစ္စရှင်းလင်းစေရမည်။

(ဃ) ပြိုင်ပွဲဝင်သူတစ်ဦးသည် ဘာသာရပ် ၁၃မျိုးရှိသည့်အနက် ဘာသာရပ်တိုင်းတွင် ယှဉ်ပြိုင်ခွင့်ရှိသည်။ သို့ရာတွင် ဘာသာရပ်တစ်ခုလျှင် စာမူတစ်စောင်သာ တင်သွင်းယှဉ်ပြိုင်ခွင့်ရှိသည်။

(င) စာမူများကို A-4 ဆိုဒ်စက္ကူတစ်မျိုးတည်းတွင် မျက်နှာတစ်ဖက်၌သာ လက်နှိပ်စက်ရိုက်၍ ဖြစ်စေ၊ ကွန်ပျူတာစာစီ၍ဖြစ်စေ၊ ရှင်းလင်းပီသသော လက်ရေးဖြင့်ရေးသား၍ဖြစ်စေ ခိုင်ခံ့သေသပ်စွာချုပ်လုပ်ပြီး မိတ္တူနှစ်စောင် တင်သွင်းရမည်။

(စ) စာမူများကို စာတိုက်မှသော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း တင်သွင်းနိုင်သည်။ သို့ရာတွင် နောက်ဆုံးလက်ခံရန် သတ်မှတ်ထားသော နေ့ရက်အချိန်ထက် နောက်ကျရောက်ရှိသည့် စာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

(ဆ) ဆုရွေးချယ်ခြင်း မခံရသော ပြိုင်ပွဲဝင်စာမူများကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။ သို့သော် ပြန်လည်ထုတ်ယူလိုလျှင် ဆုပေးပွဲကျင်းပပြီး နောက်ခြောက်လအတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။ ခြောက်လကျော်သည်အထိ လာရောက်ထုတ်ယူခြင်းမရှိသော စာမူများကို **"စာမူရှင်က မထုတ်ယူတော့ပါ"**ဟု မှတ်ယူမည်။

(ဇ) ပြိုင်ပွဲဝင်စာမူကို မည်သည့်အတွက် ဆုမရွေးချယ်သည်ကို ဆုရွေးချယ်ရေးအဖွဲ့က ရှင်းလင်းပြန်ကြားမည်မဟုတ်ပါ။

(စျ) စာမူများသည် မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေသော စာလုံးပေါင်း သတ်ပုံကျမ်းနှင့်ညီရမည်။ တင်သွင်းပြီးနောက်မှ သတ်ပုံသတ်ညွှန်းပြင်ဆင်ရန် သို့မဟုတ် အခြားပြုပြင်မွမ်းမံမှုများပြုလုပ်ရန် ပြန်ယူခြင်းကို ခွင့်ပြုမည် မဟုတ်ပါ။

(ည) စာမူများကို ပြိုင်ပွဲသို့ တင်သွင်းထားစဉ် ပြင်ပ၌ ပုံနှိပ်ထုတ်ဝေခွင့်မရှိပါ။

(ဋ) ဆုရစာမူများကို စာပေဗိမာန်က ထုတ်ဝေသောအခါ လိုအပ်သလို တည်းဖြတ်၍ ရိုက်နှိပ်ထုတ်ဝေခွင့်ရှိသည်။

(ဌ) စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုပါက ပြိုင်ပွဲဝင်လျှောက်လွှာပုံစံတွင် ဖြည့်သွင်း၍ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံကို ပြိုင်ပွဲဝင် စာမူနှင့်အတူ ဒီဇင်ဘာ ၃၁ရက် ညနေ ၄ နာရီခွဲ အရောက် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ထံ ပေးပို့ တင်သွင်းကြရမည်။

(ဍ) ပြိုင်ပွဲဝင်ပုံစံများကို စာပေဗိမာန်ရုံးတွင် ဝယ်ယူရရှိနိုင်သည်။

စာရှုသူများသည် စာပေဗိမာန်စာမူဆုပြိုင်ပွဲ အကြောင်း သိရှိကြရပြီဖြစ်ရကား **"စာပေဝတ္ထု၊ ရတုကဗျာ၊ သာသည်သီချင်း၊ အဲစောင်းပြင်းကို၊ မကင်းမပြတ်၊ ရွှတ်ဖတ်လျက်သာ၊ နေကောင်းစွာတည့်"**ဟု ဝန်ကြီးပဒေသရာဇာက **"သူဇာပျို"**တွင် ရေးဖွဲ့ထားသကဲ့သို့ စာပေဖြင့်မွေ့လျော် ပျော်ပိုက်လိုသော စာပေဝါသနာရှင် ရွှက်ပုန်းသီး ကလောင်ရှင်များသည် မိမိတို့ကို စင်တင်ပေးနေသော "စာပေဗိမာန် စာမူဆုပြိုင်ပွဲ" သို့ ဝင်ရွှဲကြရန် တိုက်တွန်းလိုက်ရပေသည်။ ထင်ပေါ်လျှင် စင်တော်ကောက်ခံရပြီး ပညာရဲရင့်ပွဲလယ်တင့်မည်ပင်။ **"ကလောင်မွန်တွေ ချွန်နိုင်ကြပါစေ"**ဟု ဆန္ဒပြုလျက်. . . .

"ကောင်းကျိုးလိုရာဆန္ဒပြည့်ဝကြပါစေ"

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဆိုသည်မှာ

အောင်ကျော်ညို(ဆင်ချဆိပ်)

အတိတ်ကအမွေအနှစ်များအား လက်ဆင့်ကမ်းထိန်းသိမ်းခြင်းဖြင့် ယဉ်ကျေးမှုမြို့တော် မန္တလေးအဖြစ် ဆက်လက်ထင်ရှားစေနိုင်ရန် သတင်းဆောင်းပါးတစ်ပုဒ်တွင် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဆိုသည်ကို ဤသို့ အဓိပ္ပာယ် ဖွင့်ဆိုပြထားသည်။

"လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဆိုသည်မှာ ထိုလူမျိုးတို့ မွေးဖွားချိန်မှ သေဆုံးချိန်အထိ ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်း၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုသည့်စကား၊ လူမှုဆက်ဆံရေးစနစ်၊ အတွေးအခေါ် အယူအဆ၊ယုံကြည်ကိုးကွယ်မှု၊ အသက်မွေးဝမ်းကျောင်းမှု၊ နိုးရာဝေလေ့ထုံးစံများနှင့် လက်မှုအနုသုခုမပညာတို့ကို ပေါင်းခြုံခေါ်ဝေါ်ခြင်းဖြစ်သည်"ဟူ၍ မနုဿဗေဒပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကိုးကားထားသည်။

ထို့ပြင် ရိုးရာယဉ်ကျေးမှုကို ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုဟူ၍နှစ်မျိုးခွဲခြားရှိနေမှုအား အထောက်အထားများ၊ အကိုးအကားများနှင့် ရေးသားဖော်ပြထားသည်။

စာရေးဆရာ၏ အဓိကဦးတည်ချက်မှာ ယဉ်ကျေးမှု မြို့တော်ဟု သမုတ်တွင်စေလိုသည့် မန္တလေးမြို့၏ ပစ္စုပ္ပန်နှင့် အနာဂတ်လားရာကို အတိတ်သမိုင်းမှ အထောက်အထားများနှင့် သက်သေပြုကာ သမိုင်းမှတ်တမ်းအဖြစ် အစဉ်ထာဝရတည်မြဲစေလိုခြင်း၊ မန္တလေးသားတစ်ဦး၏ မန္တလေးအပေါ် ထားရှိသောစေတနာ၊ တိုင်းရင်းသားတစ်ဦး၏ မျိုးချစ်စိတ်ဓာတ်၊ လေးစားထိုက်သည့် တိုင်းရင်းသားတစ်ဦး၏ ဇာတိဂုဏ်။

လူမျိုးစုတိုင်း ကိုယ့်သမိုင်းကို ပြုစုကြကောင်း၏။ သို့သော် အခြားလူမျိုးစုများအပေါ် ထိခိုက်ပွန်းရှမရှိသင့်။ အထူးသဖြင့် မိမိတို့၏ ပြည်ထောင်စုအတွင်း အေးအတူပူအမျှ မှီတင်းနေထိုင်သည့် ပြည်ထောင်စု၏ ညီအစ်ကိုမောင်နမများအပေါ် ပို၍မရှိသင့်ပါ။ ဤသည်ပင် လက်ရှိတည်ဆောက်နေသည့် ဒီမိုကရေစီ၏ အခြေခံ၊ ဖက်ဒရယ်ပြည်ထောင်စု၏ မူလဘူတ ၂၁ ရာစုပင်လုံ ညီလာခံ၏ ပန္နက်ဖြစ်လာစေမည်မှာ မြေကြီးလက်ခတ် မလွဲပါ။

ထိုနည်းတူပင် တစ်ချိန်က ပဒေသရာဇနယ်ပယ်များ အဖြစ် တည်ရှိနေခဲ့သည့် ပြည်ထောင်စုထဲမှ ရခိုင်ဒေသ၊ မွန်ဒေသ၊ စော်ဘွားများအာဏာစက်အောက်မှာ ရှိနေခဲ့သည့် တောင်ပေါ်ဒေသများ စသဖြင့် မိမိတို့နိုင်ငံတွင် မြို့ပြနိုင်ငံများ အများအပြား။ ရခိုင်တို့၏ ဓညဝတီ၊ ဝေသာလီ၊ မြောက်ဦးမြို့တော်များ အထင်အရှားရှိခဲ့သလို မွန်တို့၏ သထုံ၊ ဟံသာဝတီ၊ ပဲခူး၊ သံလျင်၊ မုတ္တမ စသည့် အထင်ကရမြို့ပြများ။

သထုံဆိုလျှင် ဗုဒ္ဓဘာသာအစစ်အမှန် ကိုးကွယ်မှုကို အစပြုခဲ့သည့် နေရာ။ ရခိုင်တို့၏ ဓညဝတီဆိုလည်း ဗုဒ္ဓကိုယ်ပွားတော် ကိန်းဝပ်စံပျော်သည့် ရာဇဌာနီ၊ အတိတ်သမိုင်းအမွေအနှစ်ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် ယုံကြည်ကိုးကွယ်မှု ထုံးဓလေ့များနှင့် ဝတ်စားဆင်ယင်ယဉ်ကျေးမှုများအပြင် ဘာသာစကားကအစ ဒေသအလိုက် ဖွံ့ဖြိုးမှုရှိခဲ့ပြီးသော မိမိတို့နိုင်ငံ၏ သမိုင်းဝင်နေရာများ။

ယဉ်ကျေးမှုကို ခြုံစည်းရိုးကာ တားဆီးကာကွယ်၍ မရဟူသည့် အဆိုအမိန့်အတိုင်းပင် မိမိတို့နိုင်ငံ၏ ပြည်တွင်းမှာရော၊ ကမ္ဘာနှင့်တစ်ဝန်းမှာပင် ကိုးကွယ်သည့် ဘာသာကအစ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ တံခါးမရှိ၊ ဓားမရှိဟုဆိုရမည်။ နည်းပညာမြင့်မားသည့် မီဒီယာခေတ်တွင် ပိုဆိုးလာသလား၊ ပိုတိုးတက်လာသလား၊ မိမိတို့၏ ရှုထောင့်အမြင်နှင့်ချင့်ချိန်ကြည့်က တွေ့မြင်နိုင်သည်။ အစဉ်သဖြင့် ပြောင်းလဲဖြစ်ပေါ်နေသည်မှာ ခေတ်ရေစီးကြောင်း၏ နိယာမဟုဆိုရမည်။ အဆိုး၊ အကောင်း ပြောင်းလဲမှုကို ကာယကံရှင်၏ ကံသုံးပါးက အဆုံးအဖြတ်ပြုသွားမည်သာ။

မိမိတို့နိုင်ငံတွင် လူမျိုးအားဖြင့် တရားဝင် ၁၃၅ မျိုးရှိသည်။ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စကား ကိုယ်စီနှင့် ကွဲပြားနေလည်း ကိုးကွယ်မှုဘာသာမှာကား ယေဘုယျအားဖြင့် လေးမျိုးသာရှိသည်။ လူမျိုးမတူလည်း ကိုးကွယ်သည့် ဘာသာတူနေတတ်ကြသည်။ ပြည်ထောင်စုဆိုစကားနှင့်အညီ သွားလာလှုပ်ရှားတံခါး မရှိ၊ ဓားမရှိပါ။ ကူးလူးဆက်ဆံရောယှက်တင် ရှိနေကြသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး လူမျိုးများအလိုက် သတ်မှတ်နေရာရှိနေလည်း ရှိရင်းစွဲလူမျိုးများအပြင် ပြည်ထောင်စုအတွင်းမှ တခြားလူမျိုးများလည်းရှိနေသည်။

ထို့ကြောင့် လူမျိုးတစ်မျိုးယဉ်ကျေးမှုဆိုလည်း နေရာဒေသအလိုက် မရှိမဖြစ်လိုအပ်သလို နိုင်ငံတစ်ခုလုံးနှင့် ဆက်နွယ်ယှက်ဖြာ၊ တစ်နိုင်ငံလုံးက လက်ခံနိုင်သည့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုတစ်နည်း နိုင်ငံသမိုင်း၊ မှတ်တမ်းတစ်ခုရှိသင့်သည်။ ဒေသအလိုက် လိုရာဆွဲရေးဖွဲ့ကြသည့် ဒေသသမိုင်းများ၏ အားနည်းချက်ကြောင့် သင်ခန်းစာယူရမည့် သမိုင်းအစား လက်စားချေတိုက်ခိုက်မှုများကို ဖြစ်စေခဲ့သည်မှာ မျက်မှောက်ကာလထိဟုဆိုရမည်။ ၁၉၄၈ နောက်ပိုင်းမှာ အယူဝါဒက တစ်ဖန် အားဖြည့် မွေ့လိုက်သည့်မိမိတို့နိုင်ငံ၏ ပြည်တွင်းစစ်ပွဲများ ခြိမ့်ခြိမ့်သဲဟုဆိုရမည်။ ယနေ့ထိ မငြိမ်းချမ်းနိုင်သေး။

ထို့ကြောင့် သမိုင်းအမွေယဉ်ကျေးမှုနယ်ပယ်အလိုက် မိမိတို့၏ တစ်နိုင်ငံလုံးနှင့် ဆက်နွယ်လွှမ်းခြုံ နိုင်ငံသားတိုင်း အမွေအဖြစ် ဆက်ခံ၊ လက်ခံနိုင်သည့် ပြည်ထောင်စုသမိုင်းမှတ်တမ်းစဉ်တစ်ခု မဖြစ်မနေလိုအပ်နေပါပြီ။ "သင်ပုန်းချေလိုက်ကြပါ။ ဒါပေမယ့် မမေ့နှင့်"၊ နယ်ဆင်မန်ဒဲလား၏ အာဖရိကပြည်သူများသို့ ခွန်းဆိုစကား။သင်ပုန်းမချေနိုင်သမျှ နာကျည်းမုန်းတီးမှုနှင့် ရင်ဆိုင်တိုက်ခိုက်မှုသံသရာမှ လွတ်ကင်းနိုင်မည် မဟုတ်ပါ။ "ဒါပေမယ့် မမေ့နှင့်"ဟူသည် သမိုင်းဟူသည် မေ့ကောင်းသောအရာမဟုတ်။ အားသာချက်၊ အားနည်းချက်များအပေါ် သင်ခန်းစာယူ၊ နောက်နောင်မမှားဖို့ သမိုင်းကို မမေ့နှင့်ဟု ဆိုလိုက်ခြင်း။

ရွှေတိဂုံစေတီတော်သို့ ဩဂုတ်လအတွင်း နိုင်ငံခြားသား ၃၇၄၄၉ ဦး ရောက်ရှိပြီးမြော်

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ယခုနှစ် ဩဂုတ်လ တစ်လတည်းတွင် နိုင်ငံခြားသား ဦးရေ ၃၇၄၄၉ ဦး ရောက်ရှိပြီးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်က အလားတူ ဩဂုတ်လ တစ်လတည်းတွင် နိုင်ငံခြားသားဧည့်သည် ဦးရေ ၂၈၀၇၉ ဦးရောက်ရှိ ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း၊ ယခုနှစ် ဩဂုတ်လတွင် ယမန်နှစ် ဩဂုတ်လထက် နိုင်ငံခြားသား ၉၅၉၀ (၁၀၀၀၀ ခန့်) ပိုပိုရောက်ရှိ ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ယခုနှစ် ဩဂုတ်လအတွင်းရောက်ရှိသည့် နိုင်ငံခြားသားများတွင် ထိုင်း ၈၇၃၂ ဦး၊ တရုတ် ၂၄၈၈ ဦး၊ ဂျပန် ၂၁၆၈ ဦး၊ ကိုရီးယား ၁၉၆၃ ဦး၊ ဗြိတိန် ၁၄၄၅ ဦးအပါအဝင် ပြည်ပနိုင်ငံပေါင်း ၃၀ မှ နိုင်ငံခြားသား ၃၇၄၄၉ ဦး ရောက်ရှိခဲ့ကြသည်။ ရောက်ရှိခဲ့ကြသည့် နိုင်ငံခြားသားဧည့်သည်များထံမှ ဧည့်ဝင်ကြေးအဖြစ် ဒေါ်လာ၂ သိန်း ၃၀၀၀ ကျော် အလျှုခံရရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဩဂုတ် ၂၄ ရက် ညနေပိုင်းက မြန်မာနိုင်ငံအလယ်ပိုင်း ပုဂံဒေသဝန်းကျင်မှာ ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်သွားတယ်။ အဲဒါကြောင့် နိုင်ငံခြားသားတွေအဝင် နည်းသွားနိုင်တယ်လို့ထင်မိတယ်။ တကယ်တမ်းကျတော့ အဲဒီရက်နောက်ပိုင်းမှာမှ နိုင်ငံခြားသားဧည့်တွေက ပုံမှန်ထက်ဝင်လာပါတယ်။ ရန်ကုန်ရောက် နိုင်ငံခြားသားအများစုက ရွှေတိဂုံစေတီတော်ရဲ့ အံ့မခန်းဖွယ်ရာ မြန်မာမှုလက်ရာ သာသနိကအဆောက်အအုံတွေကိုလေ့လာဖို့ ကြည်ညိုဖို့ ရောက်ကြတာများပါတယ်"ဟု ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။ **(ကိုချစ်)**

အဖျောက်မြို့အေးရွာ ဧရာဝတီမြစ်ကမ်းပါး ပြိုကျမှုကြောင့် ရွာဦးဘုန်းကြီးကျောင်း မုခ်ဦး၊ တံခွန်တိုင်၊ အုတ်ရေကန်၊ နတ်လမ်းအဆောက်အအုံများ ပြိုကျပျက်စီး

တိုက်ကြီး စက်တင်ဘာ ၁၃

တိုက်ကြီးမြို့နယ် အဖျောက်မြို့အုန်းပင်ကွင်းကျေးရွာအုပ်စု အေးရွာ၌ ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ရွာဦးဘုန်းကြီးကျောင်း မုခ်ဦး၊ တံခွန်တိုင်၊ အုတ်ရေကန်၊ နတ်လမ်းအဆောက်အအုံများ ပြိုကျပျက်စီးပြီး ကျေးရွာနေအိမ်အချို့ပါ အန္တရာယ်ရှိနိုင်ကြောင်း အဖျောက်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်လင်းထံမှ သိရသည်။

အုန်းပင်စုကျေးရွာအုပ်စု အေးရွာသို့ ဧရာဝတီမြစ်ကမ်းပါး ပြိုကျနေမှုများကို စက်တင်ဘာ ၁၁ ရက်က အဖျောက်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ရွှေနှင့် အဖွဲ့သည် ကမ်းပြိုသည့်နေရာသို့ သွားရောက် ကြည့်ရှုရာ အေးရွာရှိ ရွာဦးဘုန်းကြီးကျောင်းမုခ်ဦး၊ တံခွန်တိုင်၊ အုတ်ရေကန်နှင့် နတ်လမ်းအဆောက် အအုံများ ကမ်းပြိုသဖြင့် ပြိုကျပျက်စီးသွားပြီး ကျေးရွာအိမ်အချို့ပါ ကမ်းပြိုရာတွင်ပါမည့် အခြေအနေတွင်ရှိနေသဖြင့် ရွာဦးကျောင်းနှင့် ကျေးရွာအိမ်ထောင်စု ၃၁ စု ပြောင်းရွှေ့နေထိုင်ရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းပြီး တိုက်ကြီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ထံတင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အဖျောက်မြို့ ကြွေပုဂံချောင်းရွာ ရန်ကုန်တိုင်းဒေသကြီး နယ်ခြားမှတ်တိုင်မှ ဓမ္မာရုံအထိ အဖျောက်ကမ်းတာ၏ နေရာခုနစ် နေရာတွင် ၂၀၁၅ ခုနှစ် ဆည်မြောင်းဦးစီးဌာနမှ တာဖွဲ့ခဲ့သော နေရာများသည် မူလတာနှင့် တွဲဆက်ခြင်းမရှိဘဲ ပြန်လည်ပြုဆင်းနေသဖြင့် ပြန်လည်ပြုပြင်ရန် တာဝန်ရှိသူများစီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ထွန်းလှိုင် (မြိုင်)



စားနပ်ရိက္ခာမလုံလောက်မှုကိုဖြေရှင်းနိုင်ရန် စပ်မျိုးသီးနှံများ အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာ

မကွေး စက်တင်ဘာ ၁၃

လူဦးရေတိုးပွားလာမှုနှင့် ဖောက်ပြန်လာသော ရာသီဥတုကို အနဲတိုးနိုင်ရန်အတွက် စပ်မျိုးနည်းပညာသည် အကောင်း၊ အဆိုးဒွန်တွဲနေ၍ အားမကိုးသင့်သော်လည်း လိုအပ်လျှင် ချက်ချင်းအသုံးချနိုင်ရန် အားပေးသင့်သည့် စိုက်ပျိုးရေးနည်းပညာဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးဦးခင်မောင်ဝင်း၏ ပြောကြားချက်အရ သိရသည်။

"စပ်မျိုးသီးနှံတွေ ထုတ်လုပ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်က စားသုံးသူလည်းကြိုက်တယ်၊ အထွက်နှုန်းတိုးပြီး ဝင်ငွေအကျိုးအမြတ်လည်းများတယ်ဆိုတဲ့အချက်တွေအပေါ်မှာ အခြေခံပြီး ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်ပါတယ်။ ဒါပေမယ့်လည်း စပ်မျိုးစေ့တွေ အစားထိုးစိုက်ပျိုးမှု ကျယ်ပြန့်ကြီးမားလာရင် အထွက်ကောင်းမျိုးတွေနဲ့ ဒေသမျိုးတွေ ကွယ်ပျောက်သွားနိုင်တယ်ဆိုတဲ့ အချက်ကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေ တစ်နေ့ထက်တစ်နေ့ တိုးပွားလာတာနဲ့အမျှ စားနပ်ရိက္ခာဖူလုံရေးဟာ လူသားတွေကြုံတွေ့နေရတဲ့ အဓိကအခက်အခဲဖြစ်လာတာကြောင့်လည်း စပ်မျိုးနည်းပညာအပေါ် အားပေးသင့်တယ်လို့ပဲ ပြောရမှာပါ" ဟု ၎င်းက ပြောသည်။

ကမ္ဘာ့လူဦးရေနှင့် အာဟာရချိန်ခွင်လျှာ မညီမျှမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် စိုက်ပျိုးရေးပညာရှင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် စားနပ်ရိက္ခာ မလုံလောက်မှုကိုဖြေရှင်းနိုင်ရန် စိုက်ပျိုးမြေများ တိုးချဲ့ခြင်း၊ အထွက်တိုးမျိုးစေ့များကိုစိုက်ပျိုးခြင်း စသည့်နည်းလမ်းများကိုသုံးကာ ဆောင်ရွက်နေချိန်တွင် တောင်းဆိုလာသည့်အခြေအနေတစ်ရပ်အရလည်း စပ်မျိုးသီးနှံများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာခဲ့သည်။

မြန်မာနိုင်ငံတွင် စပါးအပြင် အစေ့ထုတ်ပြောင်း၊ နေကြာ၊ ငရုတ်၊ မုန်လာဥဖြူ၊ မုန်လာဥနီ၊ ကိုက်လန်၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ခရမ်းသီး၊ ဘူး၊ ဖရုံ၊ သခွား၊ သင်္ဘော၊ ဖရဲ၊ သခွားမွှေး စသည့်သီးနှံအမျိုးမျိုးတို့တွင် စပ်မျိုးများကို အသုံးပြုလာကြသည်။ အရည်ရွမ်းခြင်း၊ အရွယ်အစားကြီးခြင်း၊ အချိုဓာတ်ပိုမိုခြင်း စသည့်လက္ခဏာများကြောင့် စားသုံးသူများ လက်ခံစားသုံးလာကြသဖြင့် ဖရဲ၊ သခွားမွှေး စပ်မျိုးများ တွင်ကျယ်စွာစိုက်ပျိုးနေကြသည်ဆို၏။

စပ်မျိုးစပါးစိုက်ခင်းတွင် ဝတ်မှုန်ကူးခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

ပြည့်ဝမ်းစာအတွက်ဆိုလျှင် မျိုးရိုးဗီဇကောင်းသောစပ်မျိုးစပါးများသည် စပါးတစ်ဧကချင်းအလိုက် တူညီသောသွင်းအားစုများ အသုံးပြုသောအခြေအနေမျိုးတွင် အခြားသောအထွက်ကောင်းမျိုးများ၊ ဒေသမျိုးများထက် အပင်ပေါက်သန်စွမ်းခြင်း၊ အမြစ်ထွက်အားကောင်းခြင်း၊ ပင်ပွားများခြင်းတို့ကြောင့် အထွက်နှုန်းသာလွန်ကြောင်း၊ အစိုဓာတ်တိုတောင်းသောဒေသများအတွက် သက်တမ်းတိုစပ်မျိုးစပါးများ၊ ဆားပေါက်သောမြေင်နှင်းယယ်များအတွက် ဆားငန်ဒဏ်ခံနိုင်သော စပ်မျိုးစပါးများက တောင်သူအတွက် ဆုံးရှုံးမှုကိုကာကွယ်ပေးပြီး လုပ်ကွက်ငယ်လယ်သမားများအတွက်လည်း တစ်ဧကအထွက်နှုန်းကောင်းမွန်မှုကြောင့် မိသားစုစားနပ်ရိက္ခာ ပိုမိုဖူလုံစေကြောင်း မကွေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းလွင်က ဆိုသည်။

"ရာသီဥတုကြောင့်ဖြစ်တဲ့ သဘာဝဘေးအန္တရာယ်တွေကိုခံနိုင်ရည်ရှိတဲ့ မျိုးတွေရမယ်ဆိုရင်တော့ ပိုကောင်းမှာပါ။ ရေလွှမ်းဒဏ်၊ ဆားငန်ဒဏ်၊ ခြောက်သွေ့ဒဏ်၊ ရောဂါဒဏ်ခံနိုင်ရည်ရှိတဲ့စပ်မျိုးစပါးတွေ အများကြီးစိုက်ပျိုးထုတ်လုပ်နေတယ်လို့လည်း ကွင်းဆင်းတဲ့ စိုက်ပျိုးရေးဝန်ထမ်းတွေဆီက သိရပါတယ်။ ဒါမျိုးတွေ လယ်သမားတိုင်း စိုက်နိုင်ပြီဆိုရင် ဆုံးရှုံးတာတွေ မရှိနိုင်တော့ဘူးပေါ့"ဟု ပွင့်ဖြူမြို့နယ်ရှိ စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခင်က မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းစိုက်ပျိုးခဲ့သော မာရှဘီနီ၊ စီးမား၊ ကမ်ရုံး စသည့်စပ်မျိုးစပါးများမှာ အထွက်နှုန်းကောင်းသော်လည်း ဆန်ကြမ်းသဖြင့် စားသုံးသူများ၏ နှစ်သက်မှုကို ရရှိခဲ့ခြင်းမရှိကြောင်း၊ နည်းပညာရပ်များ တိုးတက်လာမှုနှင့်အတူ အရည်အသွေးကောင်းသည့် မိဘလိုင်းများမှ စပ်မျိုးထုတ်လုပ်ခဲ့ရာ GW 1 ၊ ပုလဲသွယ်-၁၊ Loan ၉၊ ၁၀၊ ၁၁ တို့ကဲ့သို့သောစပါးမျိုးများမှာ စားသုံးမှုအရည်အသွေး ကောင်းရုံသာမက အထွက်နှုန်းတိုးတက်မှုများလည်း ရရှိခဲ့ကြောင်း စိုက်ပျိုးရေးဝန်ထမ်းတစ်ဦးထံမှ သိရသည်။

"မြန်မာနိုင်ငံမှာ ၁၉၉၁ ခုနှစ်က အဖိုမြိုလိုင်းနှစ်မျိုးဖြစ်တဲ့ IR 58025 (A နှင့် B) ၊ IR 62829 (A နှင့် B)တို့ကို IRRI (International Rice Research Institute) က ရရှိခဲ့တာကြောင့် စပ်မျိုးသုတေသနကို စတင်ခဲ့ပါတယ်။ လက်ရှိစပ်မျိုးစပါးသုတေသနလုပ်ငန်းမှာ သုံးလိုင်းစနစ်နည်းပညာ (Three-Line System) ဆောင်ရွက်မှုနဲ့ မိဘလိုင်းများ မွေးမြူတည်ထောင်ခြင်း၊ အဖိုမြိုလိုင်းများထိန်းသိမ်းခြင်းနှင့် အကဲဖြတ်ခြင်း၊ မိဘလိုင်းများ မျိုးစေ့ပွားခြင်း၊ စမ်းသပ်စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်း၊ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်မှုနည်းပညာ သုတေသနဆောင်ရွက်ခြင်း၊ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်း၊ စမ်းသပ်စပ်မျိုးစပါးမျိုးများ အကဲဖြတ်လေ့လာခြင်းတို့ကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်နေပါတယ်"ဟု ဦးစီးဌာန၏ ဆောင်ရွက်ချက်များအား တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက ပြောသည်။

တောင်သူလယ်သမားများသည် မိမိတို့ကြိုက်နှစ်သက်သောသီးနှံ၊ ဒေသတွင်း စျေးကွက်ဝင်သောသီးနှံ၊ နှစ်သက်သောမျိုးတို့အား လွတ်လပ်စွာရွေးချယ်စိုက်ပျိုးပိုင်ခွင့်ရှိနေပြီဖြစ်သောကြောင့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် စိုက်ပျိုးရေးသုတေသနဗဟိုဌာနမှ မျိုးမှာယူပြီး စတင်ဆောင်ရွက်ခဲ့သည့် စပ်မျိုးစပါးများကို မကွေးတိုင်းဒေသကြီးတွင် ကြိုက်နှစ်သက်သောဒေသများရှိသကဲ့သို့ မနှစ်သက်သော ဒေသများလည်း ရှိနေသေးသည်ဆို၏။

သို့သော်လည်း စပ်မျိုးနည်းပညာသည် အနာဂတ်ကာလတွင် ဆက်လက်အရေးပါနေမည်ဖြစ်သောကြောင့် စိုက်ပျိုးရေးဝန်ထမ်းများ အနေဖြင့်လည်း မဖြစ်မနေလေ့လာသိရှိထားရမည့် နည်းပညာဖြစ်ကြောင်း၊ စပ်မျိုးသုံးစွဲမှုများပြားလာခြင်းကြောင့် မူရင်းဒေသမျိုးများ၊ အထွက်ကောင်းမျိုးစေ့များ ကွယ်ပျောက်မသွားစေရန် စိုက်ပျိုးရေးသုတေသနဗဟိုဌာနမှ မျိုးစေ့ဘဏ်ဖွင့်လှစ်၍ နှစ်ကာလကြာရှည်စွာ စနစ်တကျထိန်းသိမ်းမှုများရှိနေကြောင်း သိရသည်။

စပ်မျိုးစပါးရရှိရန် ဆောင်ရွက်မှုကို ၁၉၆၄ ခုနှစ်တွင် တရုတ်နိုင်ငံ၌စတင်ခဲ့ကာ ၁၉၇၆ ခုနှစ်တွင် စီးပွားဖြစ်ထုတ်လုပ်ရန် ပထမဆုံးစပ်မျိုးစပါးကို ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ စပ်မျိုးစပါးသုတေသန ဖွံ့ဖြိုးတိုးတက်ရေးအတွက် စပ်မျိုးစပါးသုတေသန ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Hybrid Rice Research and Development Consortium (HRDC) ကို ၂၀၀၈ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနအဖွဲ့ (International Rice Research Institute (IRRI))က ဖိလစ်ပိုင်နိုင်ငံတွင် ဖွဲ့စည်းခဲ့ကြောင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်များ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ကြပြီး မြန်မာနိုင်ငံသည်လည်း HRDC အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန မှတ်တမ်းများ၌ တွေ့ရသည်။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၈ခု၊ မြို့နယ် ၂၅ မြို့နယ်၊ မြို့နယ်ခွဲတစ်ခုတို့မှ တောင်သူ ၄၅၀၃ ဦးစိုက်ပျိုးသည့် မိုးစပါးစပ်မျိုး (ပုလဲသွယ်)ကေ ၇၅၉၀ တွင် ၇၅၇၂ ဧကကို ရိတ်သိမ်းနိုင်ခဲ့ပြီး အထွက်နှုန်းအားဖြင့် တစ်ဧက ပျမ်းမျှ ၁၄၅ ဒသမ ၉၈ တင်းနှုန်းထွက်ရှိကာ အထွက်တင်း စုစုပေါင်း ၁၁၀၅၃၉၆ တင်း ရရှိခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

စပ်မျိုးနည်းပညာများအား on-job training (လက်တွေ့စိုက်ထုတ်လုပ်သင်တန်းများ)ဖြင့် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပညာရှင်များ ပူးပေါင်းကာ စားသုံးသူများ အလုံးစုံလက်ခံနိုင်သောစပ်မျိုးများကို ဆက်လက်ထုတ်လုပ်နိုင်ရန် ကြိုးစားလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးက အတည်ပြုပြောကြားသည်။ **ဇေယျတု(မကွေး)**

ဝဇီယာ(၅)လမ်းထိပ်၌ သင်္ကြန်ကာလအတွင်း ဖြစ်ပွားခဲ့သော အုပ်စုဖွဲ့ရိုက်နှက်သည့်အမှုမှာ ကြန့်ကြာနေဟုဆို

ရန်ကုန် စက်တင်ဘာ ၁၃

မြောက်ဥက္ကလာပမြို့နယ် ဝဇီယာ(၅)လမ်းထိပ်၌ သင်္ကြန်ကာလအတွင်း ဖြစ်ပွားခဲ့သော အုပ်စုဖွဲ့ရိုက်နှက်သည့်အမှုမှာ ကြန့်ကြာနေပြီဖြစ်ကြောင်း မေဓာဝီလမ်းမပေါ်ရှိ ကရဝိတ်ကုန်ကြမ်းဆိုင်တွင် စက်တင်ဘာ ၁၂ ရက်ညနေ ၅ နာရီကပြုလုပ်ခဲ့သော စာနယ်ဇင်းရှင်းလင်းပွဲ၌ အမှုလိုက်ပါဆောင်ရွက်နေသည့် အထက်တန်းရှေ့နေ ဦးကြင်သန်းက ပြောကြားသည်။

ပြီးခဲ့သည့် ဧပြီ ၁၃ ရက် ညနေ ၃ နာရီ မိနစ်၂၀ ခန့်က ဒေါ်စုစုလွင် (၃၆)နှစ်မှာ မိတ်ဆွေနှစ်ဦးဖြစ်သည့် ကိုလှမျိုးဦး၊ ကိုသန်းလှိုင်တို့နှင့်အတူ ဝယ်ယူပိုင်ဆိုင်ထားသည့် 9k/---- ကြောင်မျက်လုံးယာဉ် ခဲရောင်ဖြင့် သူငယ်ချင်းများအိမ်သို့ အလျှဖိတ်ကြားရန်အတွက်သွားစဉ် ဝဇီယာ(၅) လမ်းထိပ်အရောက်၌ ဦးအေးချိုနှင့် အပေါင်းပါ ၁၀ ဦးခန့်က ကိုလှမျိုးဦးအား ယာဉ်ပေါ်မှ အတင်းဆွဲချပြီး ဝိုင်းဝန်းရိုက်နှက်ကာ အခင်းဖြစ်နေရာမှ ယာဉ်အား လုယက်မောင်းနှင်ယူဆောင်သွားကြောင်း၊ ဒဏ်ရာရ ကိုလှမျိုးဦးအား မြောက်ဥက္ကလာပဆေးရုံသို့ တင်ပို့ကုသရပြီး ဦးခေါင်းမှ ဒဏ်ရာအား ၁၀ ချက်ချုပ်ခဲ့ရကြောင်း၊ ထိုမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာန၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူခဲ့ရကြောင်းနှင့် အခင်းဖြစ်ပြီးချိန်မှစ၍ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ထိရောက်စွာအရေးယူဆောင်ရွက်စေလိုကြောင်းဖြင့် အမှုလိုက်ပါဆောင်ရွက်နေသည့် အထက်တန်းရှေ့နေ ဦးကြင်သန်းက ပြောကြားသည်။

အမှုလိုက်ပါဆောင်ရွက်နေသည့် အထက်တန်းရှေ့နေ ဦးကြင်သန်းက "ရာဇဝတ်မှုတွေတော်တော်များများမှာ များသောအားဖြင့် အမှုစစ်က အဓိကပါ။ ပြစ်မှုကျူးလွန်သူက ရာဇဝတ်မှုကို ကျူးလွန်လိုက်လည်း အဲဒီကျူးလွန်လိုက်သူက ငွေကြေးနဲ့လိုက်တဲ့အခါကျတော့ အဲဒီအမှုကို ပေါ့ပေါ့တန်တန်အမှုလေးလုပ်လိုက်တာတွေရှိပါတယ်။ ဒီလိုအမှုတွေ ကျွန်တော့်ဆီမှာ အများကြီးရှိပါတယ်။ အမှုစစ်အရာရှိဟာ တာဝန်နဲ့ ဝတ္တရားအတိုင်း ပြတ်ပြတ်သားသားနဲ့ ထိထိမိမိလုပ်သင့်ပါတယ်။ ကျွန်တော်ဖြစ်စေချင်တာက ဟိုတုန်းကလို ဝင်ပြီး စစ်ဆေးအရေးယူဆောင်ရွက်နိုင်မယ့် အထူးအဖွဲ့တွေလိုမျိုး လိုချင်မိပါတယ်။ ခုဒီအမှုမှာလည်း လေးလကျော် ကြန့်ကြာနေပြီး လည်နေတာကိုတွေ့နေရပါတယ်။ ရှာဖွေပုံစံမှာကလည်း အားနည်းနေတယ်။ ဒီလောက် လူရှစ်ဦးလောက် ဝိုင်းရိုက်တာကို လက်နက် အင်အားက တုတ်တစ်ချောင်းပဲရတယ်ဆိုတာကတော့ အားနည်းသွားပြီ။ စစ်ဆေးသင့်တဲ့အပိုင်းမှာလည်း တကယ်ထိထိမိမိလုပ်ဆောင်သွားမယ်ဆိုရင် ဒီအမှုက သေချာပေါက်ပေါ်ပေါက်နေလောက်ပြီ။ ကျူးလွန်သူတွေက နစ်နာတဲ့သူထက် လက်ဦးမှုယူသွားလို့ ဒီအမှုက ကြန့်ကြာနေတာပါ။ ပုဒ်မ ၃၂၃ ဆိုတာက လက်သီးနဲ့ထိုးပြီး သာမန်နာကျင်မှုသဘောလောက်ပဲ ရှိပါတယ်။ ခုက ခေါင်းကို ၁၀ ချက်ချုပ်ရတယ်ဆိုတော့ မလွဲမသွေ ထောင်ချပေးရမယ့် ပုဒ်မ ၃၂၅ တပ်ထားတဲ့ အမှုကနေ ပုဒ်မ ၃၂၃ ဆိုပြီး ပြန်ဖြစ်သွားပါတယ်။ အဓိကတော့ အမှန်တကယ်နစ်နာသူတွေအတွက် အမှန်ဖြစ်စေချင်ပါပြီ။ လာမယ့် စက်တင်ဘာ ၁၆ ရက်မှာလည်း ယာဉ်ကိစ္စအတွက် လျှောက်လဲချက်ပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူတွေကိုလည်း စာတင်ထားပြီးပါပြီ"ဟု ပြောသည်။

ဒဏ်ရာရ ကိုလှမျိုးဦးမှာ မြောက်ဥက္ကလာပဆေးရုံ၌ ရှစ်ရက်ကြာ တက်ရောက်ကုသခဲ့ရကြောင်းနှင့် အမှုမှန်ပေါ်ပေါက်စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအား တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း အမှုလိုက်ပါဆောင်ရွက်နေသည့် အထက်တန်းရှေ့နေ ဦးကြင်သန်း၏ ပြောပြချက်အရ သိရသည်။

(ဝင့ဝ)

တောတောင်တင့်တယ် စားကျက်ကြွယ်၏

ပြည်တွင်းရေးရာ

✪ ဝန်ကြီးဌာနမှ

အသင်းများဖြစ်ကြသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက (၂၅-၁၂)၊ (၂၅-၈)၊ (၂၅-၁၃) မှတ်ရရှိကာ သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဗဟိုဘဏ်အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗဟိုဘဏ်အသင်းက (၂၅-၅)၊ (၂၅-၁၄)၊ (၂၅-၁၃) မှတ်ရရှိကာ သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက (၂၅-၁၀)၊ (၂၅-၁၂)၊ (၂၅-၅) မှတ်ရရှိကာ သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက (၂၅-၁၀)၊ (၂၅-၈)၊ (၂၅-၇) မှတ်ရရှိကာ သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ဒုတိယပိုင်းပွဲစဉ်များအဖြစ် အမျိုးသမီးဘော်လီဘောအသင်းများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက (၂၅-၁၆)၊ (၂၅-၁၄)၊ (၂၅-၁၄)မှတ်ရရှိကာ သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက (၂၅-၇)၊ (၂၅-၈)၊ (၂၅-၆) မှတ်ရရှိကာ သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သိရသည်။

(မောင်မောင်ဇော်)

ပြည်ထဲရေးနှင့် ပညာရေး(အမျိုးသမီး)အသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

❍ အာဆီယံ ယူ-၁၉ ပြိုင်ပွဲမှ

ပိုကောင်းသည့်အသင်းဖြစ်၍ ခံစစ်ပိုင်းကို စနစ်တကျပြင်ဆင်ရန် လိုအပ်နေသည်။

မြန်မာ ယူ-၁၉ အသင်းသည် နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ကစားလာရသောကြောင့် ကစားပုံပိုကောင်းခဲ့ပြီး လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲထက် ပိုကောင်းသည့် စွမ်းဆောင်ရည်ကို အင်ဒိုနီးရှားအသင်းနှင့် အဖွင့်ပွဲတွင် ပြသနိုင်ခဲ့သည်။

အုပ်စု(ခ) ဒုတိယနေ့အဖြစ် မြန်မာ စံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့် ဩစတြေးလျ၊ ကမ္ဘောဒီးယားနှင့် လာအို၊ ညနေ ၆ နာရီခွဲတွင် အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ရွှင်းထက်ဇော်

❒

၂၀၁၆ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် ကျင်းပမည်

တောင်ငူ စက်တင်ဘာ ၁၃

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူးလျက် CB Bank မှ အဓိက ကူညီပံ့ပိုးပြီး ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထပွဲစဉ်ကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ Southern Star Golf Club တွင် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့် ဂေါက်သီးရိုက် အားကစားသမားများနှင့် ဝါသနာရှင်အဆင့် အမျိုးသား ပြိုင်ပွဲ (H'cap 0 -12)၊ အမျိုးသမီး (H'cap 0-18)များသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားသည်။ အဆိုပါ ပြိုင်ပွဲကို စိန့်အင်ဒရူး (St. Andrew) ဂေါက်စည်းမျဉ်းများအတိုင်းနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး ပညာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှင့် ဝါသနာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဖုန်း ၀၉-၄၂၁၃၃၃၁၊ ၀၉-၄၂၀၀၂၂၅ တို့ထံ စာရင်းပေးသွင်းနိုင်သည်။

စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်း ပြီးသူများသည် စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် (Official Practice Round) ကစားနိုင်သည်။ အမည်စာရင်းပေးသွင်းပြီး ပြိုင်ပွဲမဝင်နိုင်ပါက စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီမတိုင်ခင် အကြောင်းကြားပေးရန်ဖြစ်သည်။ အကြောင်းကြားခြင်းမပြုနိုင်ပါက နောက်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်းနှင့် အမည်စာရင်း ပေးသွင်းပြီး ပြိုင်ပွဲဝင်ကြေး အချိန်မီပေးသွင်းခြင်းမပြုပါက ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်း ရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

(ဖိုးသော်ဇင်)

ရထားရဲတပ်ဖွဲ့ အမှတ်(၁၂)တပ်ခွဲ (သယ်နံးကျွန်း) တပ်ခွဲမှူး ဒုရဲမှူး သိန်းဝင်း၊ သယ်နံးကျွန်း ရထားရဲစခန်းမှူး ရဲအုပ်ခင်မောင်သိန်းနှင့် တပ်စု(၂)တိုးကြောင်ကလေး တပ်စုမှူး ဒုရဲအုပ်သန်းအေးတို့ဦးစီးသော ရထားရဲတပ်ဖွဲ့ဝင်များနှင့် သယ်နံးကျွန်း ဘူတာရုံပိုင်ကြီး ဦးမောင်မောင်မြင့် ဦးစီးသော ဝန်ထမ်းများပူးပေါင်း၍ စက်တင်ဘာ ၁၂ ရက်က သယ်နံးကျွန်း ဘူတာ ယာဒ်ဝင်းအတွင်း မြက်ပင်၊ ပေါင်းပင်၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းကြစဉ်။

(၁၁၈)

❖ ကျောဖုံးမှ

ကောင်းထက်စံ (ကချင်ပြည်နယ်)က အာကာခန့်ကိုကို (ပဲခူးတိုင်းဒေသကြီး)ကိုလည်းကောင်း၊ သန်းတိုးအောင် (စစ်ကိုင်းတိုင်းဒေသကြီး)က သိန်းစံဦးက (မွန်ပြည်နယ်)ကိုလည်းကောင်း၊ တင်စိုး (ကရင်ပြည်နယ်)က သက်စိုးထွေး (ရှမ်းပြည်နယ်) ကိုလည်းကောင်း၊ ဖုန်းပြည့်စုံဦး (မန္တလေးတိုင်းဒေသကြီး)က ချမ်းငြိမ်းထက်နိုင် (ရန်ကုန်တိုင်းဒေသကြီး) ကိုလည်းကောင်းအသီးသီးအနိုင်ရရှိသည်။

အမျိုးသား (၅၂)ကီလိုတန်းတွင် ချစ်ရင်ထူး (ပဲခူးတိုင်းဒေသကြီး)က သန်းဇော် (နေပြည်တော်) ကိုလည်းကောင်း၊ ရှိုင်းလင်းအောင် (စစ်ကိုင်းတိုင်းဒေသကြီး)က ရန်မျိုးအောင် (ရန်ကုန်တိုင်းဒေသကြီး)ကိုလည်းကောင်း၊ ကျော်လှမောင် (ရှမ်းပြည်နယ်)က ကျော်စွာလင်း (ရခိုင်ပြည်နယ်)ကို လည်းကောင်း၊ ချစ်အေး (မန္တလေးတိုင်းဒေသကြီး)က ထက်ရှား (မကွေးတိုင်းဒေသကြီး)ကို လည်းကောင်း အသီးသီးအနိုင်ရရှိသည်။

အမျိုးသား (၆၀)ကီလိုတန်းတွင် အောင်စိုးပိုင်(ရန်ကုန်တိုင်းဒေသကြီး)က အောင်သူရ (ဧရာဝတီတိုင်းဒေသကြီး)ကိုလည်းကောင်း၊ အောင်မျိုးထက် (မန္တလေးတိုင်းဒေသကြီး)က မောင်မောင်မြတ် (ကချင်ပြည်နယ်)ကိုလည်းကောင်း၊ အောင်အောင် (ပဲခူးတိုင်းဒေသကြီး)က အောင်သူဖြိုး (ရခိုင်ပြည်နယ်)ကို လည်းကောင်း၊ ဗညားအောင် (စစ်ကိုင်းတိုင်းဒေသကြီး)က ဖြိုးကျော် (တနင်္သာရီတိုင်းဒေသကြီး)ကိုလည်းကောင်း အသီးသီးအနိုင်ရရှိသည်။

အမျိုးသား (၆၉)ကီလိုတန်းတွင် အောင်နိုင်ဝင်း (ရှမ်းပြည်နယ်)က ဖြိုးကိုကို (ဧရာဝတီတိုင်းဒေသကြီး)ကိုလည်းကောင်း၊ နှင်းဝေ (ပဲခူးတိုင်းဒေသကြီး)က စောဝင်းထက် (မန္တလေးတိုင်းဒေသကြီး) ကိုလည်းကောင်း၊ ထူးကျော်ဇော (ကချင်ပြည်နယ်)က သောက (နေပြည်တော်) ကိုလည်းကောင်း၊ ခုပ်စွမ်းခိုင် (ချင်းပြည်နယ်)က ဇင်ဖြိုးထွေး (ရခိုင်ပြည်နယ်)ကို လည်းကောင်း အသီးသီး အနိုင်ရရှိသွားသည်။

မောင်မောင်ဇော်

❒

❒ ဘိုကလေးမြို့နယ်မှ

ထိုနေရာတွင် လူတစ်ယောက်၏ လက်ပေါ်နေသည်ကို တွေ့လိုက်၍ စူးစိုက်ကြည့်နေစဉ် မိကျောင်းအဝါကျားကြီးတစ်ကောင်ပေါ်လာပြီး ဒေါ်ခင်မာရီထံ လာပြီး ကိုက်ဟပ်ရန် ကြိုးစားခဲ့သည်။

ထိုအခါ ဒေါ်ခင်မာရီက ကြောက်အားလန့်အားနှင့် "လာကြပါဦး လူတစ်ယောက်ကို မိကျောင်းဆွဲနေလို့. . မိကျောင်းဆွဲနေလို့"ဟု အော်ဟစ်ခဲ့ရာ အနီးအနားတွင် နေထိုင်ကြသော ကိုမျိုးဝင်း၊ ကိုလင်းလင်းတို့ ပြေးထွက်လာပြီး ကူညီကြသဖြင့် ဒေါ်ခင်မာရီ မိကျောင်းရန်မှ လွတ်မြောက်ခဲ့သည်။ မြင်းကအုပ်ရွာသား ကိုမျိုးဝင်းက" ကျွန်တော်တို့ အော်သံကြားလို့ ပြေးထွက်ကြည့်လိုက်တော့ ကြောက်လန့်နေတဲ့ ဒေါ်ခင်မာရီကိုတွေ့ပြီး ချောင်းထဲဆင်းကူကြတယ်။ ချောင်းထဲမှာ ဘဲကျောင်းလေ့တစ်စင်းကိုသာတွေ့ရပြီး ကိုမျိုးထွန်း ပျောက်နေလို့ ရေထဲမှာ လိုက်ရှာကြည့်တာ ရေထဲမှာ ဒဏ်ရာတွေနဲ့ ကိုမျိုးထွန်း အလောင်းကို တွေ့ခဲ့ပါတယ်"ဟု ရှင်းပြသည်။ ကိုမျိုးထွန်းမှာ ညာလက်မောင်း၊ ညာရင်စို့၊ ရင်ဘတ်၊ ညာလည်ပင်းအောက်ညှပ်ရိုးနှင့် ကျောညာဘက်တို့တွင် မိကျောင်းကိုက်ဒဏ်ရာ ကုတ်ရာများနှင့်သေဆုံးခဲ့ခြင်းဖြစ်သည်။ ကိုမျိုးထွန်းသည် မွေးချင်းမောင်နှမ ငါးဦးအနက် အကြီးဆုံးသားဖြစ်ပြီး ဇနီးမနှင်းနှင့် သမီးနှင့်သား နှစ်ဦးကျန်ရစ်သည်။

ဘိုကလေးမြို့နယ်အတွင်း ချောင်းစပ်ကျေးရွာများတွင် မိကျောင်းကိုက်ချီမှု နှစ်အလိုက်ဖြစ်ပွားလျက်ရှိပြီး ချောင်းမြောင်းများအတွင်း သတိထားနေထိုင်ရန် အသိပေးထားသည်။ ယခုရာသီတွင် မိကျောင်းအမများ ဥဉကြပြီး အသိုက်ဆောက် သားပေါက်ချိန်ဖြစ်၍ ရန်လိုနေသည့်အချိန်လည်းဖြစ်သည်။

မိချောင်းကိုက်ခံရသော ကိုမျိုးထွန်းကို ဒဏ်ရာများဖြင့် တွေ့ရစဉ်။

ယင်းဖြစ်စဉ်မျိုးကို မကြာသေးသော ဇွန်လ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲက ဆင်အိုင်စလောင်းကျ ကျေးရွာတွင်နေထိုင်သော ကိုဇော်မျိုးနိုင်၏ဇနီး မခိုင်ခိုင်ဦး အသက်(၂၄)နှစ်မှာလည်း ဘဲကျွေးပြီး ဘဲစာပုံးကို ရေစပ်တွင် ဆင်းဆေးရာ ချောင်းအတွင်းမှ မိကျောင်းနက်ကြီးတစ်ကောင် ကိုက်ချီဆွဲယူသွားခြင်းခံရဖူးသည်။

ထိုဖြစ်စဉ်မျိုး မကြာခဏဖြစ်ပွားနေသဖြင့် ရေလုပ်ငန်းလုပ်ကိုင်သူများ၊ ဘဲမွေးသူများ၊ ကဏန်းထောင်စားသူများသည် ယင်းလုပ်ငန်းများကို

ဇွန် ၁၁ ရက်က ဆင်အိုင်စလောင်းကျ ကျေးရွာမှ မခိုင်ခိုင်ဦးကို မိချောင်းကိုက်ချီသွားစဉ်။

မလုပ်ကိုင်ရဲ ဖြစ်နေကြသည်။ ယခင်ကာလများက ချောင်းအကျယ်များတွင်သာ မိကျောင်းများ ကို တွေ့ရှိတတ်ပြီး ရေတိမ်ပြီး အလွန်ကျဉ်းသော ရေကျော်ချောင်းကဲ့သို့ ချောင်းများ တွင် မိကျောင်းများကို မတွေ့တတ်ချေ။ "လက်ရှိအခြေအနေအရဆိုရင် ချောင်းလေး ဟိုဘက်ဒီဘက် လယ်ကွက်ခြားနေတဲ့ လယ်သမားတွေအတွက် နေ့စဉ် လယ်ထဲဆင်းဖို့ကိုပဲ အတော်ကြောက်နေကြပြီး လုပ်ငန်းအတွက်အခက်အခဲဖြစ်နေပါတယ်"ဟု မြင်းကအုပ်ကျေးရွာ ရာအိမ်မှူး ဦးသန်းလွင်က ပြောသည်။

သတင်းနှင့်ဓာတ်ပုံ-ဌေးနိုင်(ဘိုကလေး)

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌနှင့် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ WFD အဖွဲ့အားတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၃

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်နှင့် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းတို့သည် WESTMINISTER FOUNDATION FOR DEMOCRACY (WFD) အဖွဲ့မှ Technical Advisor Mr. Franklin De Vrieze အားယမန်နေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် အဆောင်အမှတ် (I-13) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် WFD အနေဖြင့် သုတေသနနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ကူညီဆောင်ရွက်ပေးရန်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပညာရေး၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် ဥပဒေပြုရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ WFD အဖွဲ့အားတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၃

ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်သည် WESTMINISTER FOUNDATION FOR DEMOCRACY (WFD) အဖွဲ့အား ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် အဆောင်အမှတ် (I-7) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် WFD အနေဖြင့် လွှတ်တော်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီပေးမည့် အစီအစဉ်များနှင့် လွှတ်တော်များ၏ ဥပဒေပြုရေးအခန်းကဏ္ဍ မြှင့်တင်နိုင်ရန်နှင့် လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော် အထောက်အကူပြု

ဝန်ထမ်းများအား အတွေ့အကြုံနှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များ နှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဥတ္တရသီရိမြို့နယ် လဲဝန်းကျေးရွာတွင် မိုးရွာသွန်းမှုကြောင့် လူနေအိမ်များအတွင်း ရေများဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် လဲဝန်းကျေးရွာတွင် စက်တင်ဘာ ၁၁ ရက်က ရွာသွန်းခဲ့သော မိုးကြောင့် ယမန်နေ့ နံနက် ၅ နာရီခွဲမှစတင်၍ ငလိုက်ချောင်း ရေလျှံမှုဖြစ်ပွားကာ နေပြည်တော်-ချောင်းနက်-တောင်တွင်းကြီးလမ်း မိုင်တိုင်အမှတ်(၃၀/၁) လဲဝန်းကျေးရွာအနီး လမ်းရေကျော်မှုနှင့် အဆိုပါကျေးရွာရှိ လူဦးရေ ၁၉၅ဦးနှင့် အိမ်ခြေ ၄၅ အိမ်ခန့်တွင် ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာသို့ ယမန်နေ့ နံနက် ၉ နာရီတွင် ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သန်းတို့ဦးစီး၍ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရေဝင်ရောက်လျက်ရှိသည့် နေအိမ်များမှ မိသားစုဝင်များအား လဲဝန်းကျေးရွာ အလက(ခွဲ)ကျောင်းသို့ ပြောင်းရွှေ့နေရာချထားပေးကာ လတ်တလော စားသောက်ဖွယ်ရာများ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်နှင့် ဝန်ထမ်းများက ရေဘေးသင့်ပြည်သူများထံလာရောက်၍ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် ရေသန့်ဆေးရည်တို့အား လာရောက်လျူဒါန်းပေးခဲ့ပြီး တောင်ညိုတိုက်နယ်ဆေးရုံမှ ဒေါက်တာကျော်မျိုးသန့်နှင့် ကျန်းမာရေးဝန်ထမ်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအချိန်တွင် ရေအမြင့်တစ်ပေခွဲခန့် ကျဆင်းသွားခဲ့ပြီး ယာဉ်များဖြတ်သန်းသွားလာလျက်ရှိကာ ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။ **(ရွှေရဲရင့်)**

အမျိုးသမီးများ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာ ဝန်ဆောင်မှုအခန်းကဏ္ဍများ နှီးနှောဖလှယ်ပွဲ ကျင်းပ

ဒလ စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဗညားဒလရပ်ကွက်ရှိ မစိုးရိမ်ဘုန်းတော်ကြီးကျောင်းတိုက်၌ အမျိုးသမီး အခွင့်အရေးဌာနအဖွဲ့နှင့် UK aid from the British people အဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်ရှိရပ်ကွက်၊ ကျေးရွာ လူထုနှင့် မိမိပတ်ဝန်းရှိ အမျိုးသမီးများ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာ၊ ကျား၊ မ ရေးရာဆိုင်ရာ ပြည်သူ့အခြေပြုသော ဝန်ဆောင်မှုအခန်းကဏ္ဍများ နှီးနှောဖလှယ်ဆွေးနွေးပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

ထို့နောက် အမျိုးသမီးအခွင့်အရေးဌာနမှ ညွှန်ကြားရေးမှူး တာဝန်ခံ ဒေါ်လွင်လွင်လှိုင်က မိမိတို့အနေဖြင့် ယခုလို မြို့ပြနေအမျိုးသမီးများဖိုရမ်ကျင်းပရာတွင် ရပ်ကွက်၊ ကျေးရွာများတွင်ရှိသည့် လူထုနှင့် မိမိပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသည့် အဖြစ်အပျက်များ၊ အမျိုးသမီးများ၏ ဘေးကင်း လုံခြုံမှုရှိ၊ မရှိ၊ လုယက်မှုများ ရှိ၊ မရှိ၊ အသက်ငယ်မုဒိမ်းမှုများ ရှိ၊ မရှိနှင့် အခြားသော အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများအား နှီးနှောဖလှယ်ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် ဥပဒေအထောက်အကူပြုအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများရရှိအောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဒေါပုံ၊ သာကေတ၊ လှိုင်သာယာ၊ မင်္ဂလာဒုံ၊ အင်းစိန်နှင့် တောင်ဒဂုံ မြို့နယ်တို့တွင် အလားတူ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဒလမြို့နယ်တွင် ပထမဆုံးအကြိမ် လာရောက်၍ အမျိုးသမီးများ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာနှင့် ကျား၊ မရေးရာဆိုင်ရာ ပြည်သူ့အခြေပြု ဝန်ဆောင်မှုအခန်းကဏ္ဍများကို နှီးနှောဖလှယ်ဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ရပ်ကွက်၊ ကျေးရွာများရှိ အမျိုးသမီးပေါင်း ၁၂၀ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်လင်းကျော်(ပြန်/ဆက်)



ပင်လည်ဘူးမြို့၌ ကျွဲ၊ နွား တိရစ္ဆာန်များအား ထောင့်သန်းရောဂါ ကာကွယ်ဆေးထိုး

ပင်လည်ဘူး စက်တင်ဘာ ၁၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာရဲဝင်းနှင့် ဝန်ထမ်းအဖွဲ့သည် စက်တင်ဘာ ၁၂ ရက်က ကသာခရိုင် ပင်လည်ဘူးမြို့နယ်အတွင်းရှိ တိရစ္ဆာန်များအား ရောဂါကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းစီမံချက်အနေဖြင့် အိုးမြေကုန်းကျေးရွာသို့ ကွင်းဆင်းသွားရောက်ပြီး ကျွဲ၊ နွား အကောင်ရေ ၁၀၀ ကျော်အား ထောင့်သန်းရောဂါ ကာကွယ်ဆေးများ ထိုးပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဒေါက်တာရဲဝင်းနှင့် အဖွဲ့သည် အိုးမြေကုန်းကျေးရွာ ပြည်သူများနှင့်တွေ့ဆုံပြီး ဘုန်းကြီးကျောင်းဓမ္မာရုံ၌ အိမ်မွေးတိရစ္ဆာန်များ ဖြစ်သော ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်နှင့် အခြားတိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာရဲဝင်းက ကူးစက်ရောဂါဖြင့် သေဆုံးသော တိရစ္ဆာန်များအား လှီးဖြတ်ရောင်းချ စားသုံးခြင်း မပြုကြရန်၊ သေဆုံးသော တိရစ္ဆာန်နှင့်တကွ ၎င်း၏ အညစ်အကြေးများ၊ စားကြွင်းစားကျန်များကို မီးရှို့ဖျက်ဆီးခြင်း၊ ခြောက်ပေအနက်ရှိ မြေကျင်းတူး၍ မြေမြှုပ်ကြရန်၊ မြေမြှုပ်သောနေရာ မီးရှို့သောနေရာတို့အား မွေးမြူရေးလုပ်ငန်းသုံး ပိုးသတ်ဆေးဖျန်းပေးကြရန်၊ အသေကောင်ကို ရေမျှောခြင်း၊ မြစ်ချောင်းအနီးနှင့် ရေတွင်းရေကန်အနီး မြေမြှုပ်ခြင်းမပြုလုပ်ကြရန်၊ ရောဂါဖြစ်ပွားသည့် တိရစ္ဆာန်နှင့် အတူနေ တိရစ္ဆာန်ကို သီးခြားခွဲထားကြရန်၊ တိရစ္ဆာန်တွင် ကူးစက်ရောဂါ တစ်ရပ်ရပ် ဖြစ်ပွားနေကြောင်း သိရှိလျှင်လည်းကောင်း၊ သေဆုံးသွားသော တိရစ္ဆာန်တွင် ကူးစက်ရောဂါ တစ်ရပ်ရပ် ဖြစ်ပွားနေသည်လက္ခဏာ တွေ့ရှိရလျှင် လည်းကောင်း မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန(သို့) ကျေးရွာ၊ ရပ်ကွက်အာဏာပိုင်သို့ အမြန်ဆုံး သတင်းပေး အကြောင်းကြားရန် ပြောကြားခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မျိုးလွင်(ပင်လည်ဘူး)**

ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း ခုနစ်လမ်း အကောင်အထည်ဖော်မည်

ကျောက်ပန်းတောင်း စက်တင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းလမ်း၊ တံတားများနှင့် ကျေးလက်ဒေသရေရရှိရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများဖြစ်သော ကျေးလက်ကုန်ထုတ်လမ်း ခုနစ်လမ်း၊ လမ်းအရှည်စုစုပေါင်း ၈ မိုင် ၆ ဖာလုံနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၁ ခု အနက် မြောက်ကုန်းကျေးရွာ၊ သရက်ချိုကုန်းကျေးရွာ၊ အင်ဂေါင်းကျေးရွာနှင့် ပန်တော်ကျင်းကျေးရွာလေးရွာတွင် တွင်းနက် စက်ရေတွင်းလေးတွင်းတို့ကို ငွေကျပ် ၅၆ သန်းအကုန်အကျခံ၍ တူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများ လိုက်ပါစစ်ဆေးခဲ့ကြပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး ဦးစားပေးဆောင်ရွက်ရန်နှင့် ဒေသခံများအနေဖြင့် လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဒေသခံကျေးရွာ ပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

မြစိမ်းရောင်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးသုံး စက်ကိရိယာများဝယ်ယူအသုံးပြုမှုနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ဘားအံ စက်တင်ဘာ ၁၃

ကရင်ပြည်နယ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေရေး၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန် ရည်ရွယ်၍ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်း(အရင်းမပျောက်မတည်ရန်ပုံငွေ)ဖြင့် ဖာပွန်မြို့ တံခွန်တိုင်ကျေးရွာ၊ ဝေနောင်ကျေးရွာ၊ ကူးဆိပ်ကျေးရွာများတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သော ထွန်ယက်ကိရိယာများ ဝယ်ယူအသုံးပြုမှုနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြစိမ်းရောင်စီမံကိန်း (အရင်းမပျောက်မတည်ရန်ပုံငွေ)အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်ကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ပြည်နယ်အတွင်း ကျေးရွာ ၂၀၅ ရွာတွင် ရန်ပုံငွေကျပ် သန်း ၆၁၅၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဖာပွန်မြို့နယ်အတွင်းရှိ ကျေးရွာ ၃၄ ရွာတွင် မြစိမ်းရောင်ရန်ပုံငွေကျပ် သန်း ၁၀၂၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တံခွန်တိုင်၊ ဝေနောင်၊ ကူးဆိပ်ကျေးရွာများတွင် မြစိမ်းရောင်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးသုံး ထွန်ယက်စက်ကိရိယာများ ဝယ်ယူအသုံးပြုမှုနှင့် ဝက်မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား ယမန်နေ့နံနက်ပိုင်းက ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် ပြည်နယ်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက သွားရောက်စစ်ဆေးပြီး လိုအပ်ချက်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(နေမျိုးလွင်)**

ပိုးသည်းထန်စွာရှာသွန်းမှုကြောင့် လယ်ဝေးမြို့ပေါ်ရပ်ကွက်အချို့နှင့် ကျောင်းဝင်းအချို့ ရေလွှမ်း

လယ်ဝေး စက်တင်ဘာ ၁၃

နေပြည်တော် လယ်ဝေးမြို့နယ်တွင် စက်တင်ဘာ ၁၁ ရက် ညပိုင်း၌ ပိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်အချို့နှင့် အခြေခံပညာကျောင်းအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ပိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမှတ်(၂)ရပ်ကွက်ရှိ အထက(၁) ကျောင်းဝင်းအတွင်း ရေများဝင်ရောက်ခြင်း၊ အမှတ်(၃)ရပ်ကွက် ဆင်အုံကန်လက်တံမြောင်းဘေးရှိ လူနေအိမ် ၃၀ တွင် ရေများဝင်ရောက်နစ်မြုပ်ခြင်းနှင့် အမက(မြွေရိုးလေး) ကျောင်းဝင်းအတွင်း ရေများစီးဝင်ခြင်းတို့ကြောင့် ကျောင်းများအား ယာယီပိတ်ထားပြီး ရေလျှာနည်း ကျဆင်းသွားပါက ကျောင်းပြန်လည်ဖွင့်လှစ်၍ ပိတ်ရက်များအား အစားထိုးဖွင့်လှစ်သွားမည်ဖြစ်သည်။

အမှတ်(၃)ရပ်ကွက်ရှိ အိမ်ခြေ ၃၀၊ လူဦးရေ ၁၂၉ ဦးတို့အား ဖောင်တော်ချက်မဘုရားဓမ္မာရုံသို့ ခေတ္တပြောင်းရွှေ့နေထိုင်ရေးအတွက် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးနေဇော်နှင့် မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနတို့ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ ဒို့လယ်ဝေး ပရဟိတလူငယ်များနှင့် ပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိသည်။

စေတနာရှင် အလှူရှင်များက ထမင်းထုပ်များ ဝေငှလျက်ရှိပြီး အဆိုပါ ရေကြီးရေလျှံမှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ကျော်စွာ(လယ်ဝေး)

ဘီးလင်းမြို့နယ်တွင် တင်ဒါအောင်မြင်သော ကုမ္ပဏီများနှင့် မိတ်ဆက်ရှင်းလင်း

ဘီးလင်း စက်တင်ဘာ ၁၃

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဘီးလင်းမြို့နယ်၌ ဆောင်ရွက်မည့်လုပ်ငန်းများ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့် မိတ်ဆက်ရှင်းလင်းပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းက တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့် ဒေသခံပြည်သူများအကြား လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရရှိစေရန်ရည်ရွယ်၍ မိတ်ဆက်ရှင်းလင်းပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲက တင်ဒါအောင်ကုမ္ပဏီများက လုပ်ငန်းများအရည်အသွေးပြည့်မီအောင် စေတနာထားဆောင်ရွက်ရေးနှင့် သတ်မှတ်ကာလအမီ ပြီးစီးအောင်ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက တင်ဒါအောင်ကုမ္ပဏီများ၏ ဆောင်ရွက်ခွင့်ရရှိသည့်လုပ်ငန်းများကို မိတ်ဆက်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)



အထက်တန်းကျောင်းအဆင့် ကင်းထောက်သင်တန်းဖွင့်

လိပ်သို စက်တင်ဘာ ၁၃

ကရင်ပြည်နယ် လိပ်သိုမြို့ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ် ကင်းထောက်သင်တန်းဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အထကလိပ်သိုခန်းမဆောင်၌ ကျင်းပသည်။

လိပ်သိုအထက်တန်းကျောင်း၏ ကင်းထောက်သင်တန်းကို ဒုတိယအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၀၀ ကို သင်တန်းကာလသုံးလတွင် ကင်းထောက်ပညာဆိုင်ရာ ခရီးတို၊ ခရီးရှည် ထွက်ခြင်းပညာရပ်များကို သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းဖွင့်ပွဲတွင် သံတောင်ကြီးမြို့နယ် ပညာရေးမှူး ဦးစောစတီဗင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ပီးယာက သင်တန်းသား သင်တန်းသူများအား ကင်းထောက်စိတ်ဓာတ်အသိရှိကြရန် လိုအပ်ကြောင်း နိုင်ငံ့အကျိုးသယ်ပိုးနိုင်သူများဖြစ်နိုင်အောင် ကြိုးစားကြပါဟု တိုက်တွန်းပြောကြားခဲ့သည်။ **လိပ်သို(ပြန်/ဆက်)**

ဆေးဖျန်းပုံး၊ ဆေးဖျန်းစက်များအသုံးပြုမှုနှင့် သီးနှံကာကွယ်ရေး သရုပ်ပြပွဲကျင်းပ

ဘားအံ စက်တင်ဘာ ၁၃

ကရင်ပြည်နယ် ဘားအံမြို့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဘက်စုံသုံးဆေးဖျန်းပုံး၊ ဆေးဖျန်းစက်များ တပ်ဆင်အသုံးပြုမှုနှင့် သီးနှံကာကွယ်ရေးပညာပေးသရုပ်ပြပွဲကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးသိပ္ပံ(ဇဲကပင်)ကျောင်း၌ ကျင်းပသည်။

ပညာပေးသရုပ်ပြပွဲ၌ ကရင်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ဘက်စုံသုံးဆေးဖျန်းပုံးများ၊ ဆေးဖျန်းစက်များကို နောင်ဖြစ်ပေါ်လာမည့် ပိုးမွှားရောဂါနှင့်ပတ်သက်ပြီး သီးနှံကာကွယ်ရေးအတွက် အသုံးပြုနိုင်ရန် ပညာပေးသရုပ်ပြပွဲကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့်ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံများက ပိုးသတ်ဆေးစနစ်တကျအန္တရာယ်ကင်းစွာ သုံးစွဲနည်း၊ ဆေးဖျန်းစက်များ တပ်ဆင်အသုံးပြုပုံများ၊ ပိုးသတ်ဆေးများ၏ ဆိုးကျိုးများ၊ ကောင်းကျိုးများ၊ စနစ်တကျ ပိုးသတ်ဆေးဖျန်းပုံစသည်တို့ကို လက်တွေ့ပညာပေးသရုပ်ပြခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

အရေးပေါ်မီးငြိမ်းသတ်ရန်နှင့် သောက်သုံးရေအတွက် ကျပ်ငွေ ၁၂၈ သိန်းဖြင့် အုတ်ရေကန်များ တည်ဆောက်

ကမမောင်း စက်တင်ဘာ ၁၃

ကရင်ပြည်နယ် ကမမောင်းမြို့ပေါ်ရပ်ကွက် လေးရပ်ကွက်အတွက် နွေရာသီအရေးပေါ်မီးငြိမ်းသတ်ရန်နှင့် လိုအပ်သော သောက်သုံးရေသိုလှောင်ထားရှိနိုင်ရန်အတွက် တစ်ရပ်ကွက်လျှင် တစ်ကန်နှုန်းဖြင့် အုတ်ရေကန်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေကန်တစ်ကန်စီကို နွေရာသီမီးဘေးအန္တရာယ်နှင့် သောက်သုံးရေအတွက် အသုံးပြုနိုင်ရန် ကရင်ပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ရေကန်တစ်ကန်လျှင် အလျား ပေ ၂၀၊ အနံ ရှစ်ပေ၊ အမြင့် ငါးပေ သုံးလက်မရှိသော ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်လျှင် ငွေကျပ် ၃၂ သိန်း အကုန်အကျခံကာ စုစုပေါင်း ကန်လေးကန်အတွက် ကျပ်ငွေ ၁၂၈ သိန်းဖြင့် တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။ **ကမမောင်း(ပြန်/ဆက်)**

ရုပ်မြင်သံကြားအစီအစဉ်များ

[၁၄- ၉ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
- ၆း၀၀ အဖွင့် ဖိုးလေ၀သအစီအစဉ် MRTV Entertainment Music
- ၆း၂၀ Premier League(Review)
- ၆း၄၀ MRTV Entertainment Music
- ၇း၂၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ" (အပိုင်း-၈၄)
- ၇း၅၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘ၀ ကိုယ့်အိပ်မက်" (အပိုင်း-၄၄)
- ၈း၃၅ MRTV Entertainment Music
- ၈း၅၅ ကက်ဆက်ဇာတ်လမ်း "မုန်းချင်သလောက် မုန်းလိုက်စမ်း"
- ၉း၅၅ မြန်မာဒီဒီယိုဇာတ်လမ်း "ဆရာမကြီးလို့ တံဆိပ်လာမတပ်နဲ့"
- ၆း၀၀ အစီအစဉ်ပြီး၏။

၁၅-၉-၂၀၁၆(ကြာသပတေးနေ့) နံနက် ၀း၀၀ မှညနေ ၆း၀၀ ထိကို အထက်ပါအစီအစဉ်အတိုင်း (၃) ကြိမ် ပြသပါသည်။

မြန်မာ့ရုပ်မြင်သံကြား News Channel

နံနက်ပိုင်း
- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ မြန်မာ့ဌေကြေးစေးကွက်ဆိုင်ရာ စကားပိုင်း(လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းဟာ တိုင်းပြည်အတွက် ဘယ်လိုအကျိုးသက်ရောက်မှုရှိသလဲ (အပိုင်း-၁)
- ၈း၃၅ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲ၀င်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (မဟာဂီတ) (၀ါဒနာရှင်(ဒုတိယတန်း)အဆင့်) (အမျိုးသား၊ အမျိုးသမီး)
- ၉း၃၅ The Farmer (ရေကျနောက်စိုက်စပါးစိုက်ပျိုးနည်း)
- ၉း၅၀ "ဖွံ့ဖြိုးမှုပြဿနာများဖြင့် သက်သေပြနေသည့်ကျွန်းစု"
- ၁၀း၃၅ "သီလ၀တောင်ပြုံးသွားတယ်" (ရန်ပိုင်စိုး၊ ကင်းကောင်၊ နေဆန်းကြယ်သီး၊ ကြူကြူသင်း) (ဒါရိုက်တာ-ဇာဂနာ)
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
- ၁၂း၅၀ ဒီမိုကရေစီ စိတ်ထား(အပိုင်း-၃)
- ၁း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၇၈)
- ၂း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ"(အပိုင်း-၉၉)
- ၂း၅၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ

ညပိုင်း
- ၃း၃၅ မြန်မာ့ဌေကြေးစေးကွက်ဆိုင်ရာ စကားပိုင်း(လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဟာ တိုင်းပြည်အတွက် ဘယ်လိုအကျိုးသက်ရောက်မှုရှိသလဲ(အပိုင်း-၁)
- ၄း၁၅ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲ၀င်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး) (၀ါသနာရှင်(ဒုတိယတန်း)အဆင့်) (အမျိုးသမီး)
- ၄း၃၅ Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း)
- ၅း၁၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (အဖေ့သွေးနှင့် စောလိုး)
- ၅း၃၅ NHK Programme (Quiz Me!S cience!) "တိုင်ဖွန်မုန်တိုင်းများ အကြောင်း"
- ၆း၃၅ ဘ၀ထဲကဝတ္ထု၊ ဝတ္ထုထဲကဘ၀ "စရိုက်နှစ်မျိုးဖြင့်ပါ၀င်သရုပ်ဆောင်သည်"(ရဲလင်း၊ အောင်ကို၊ ဇော်ဇော်(၀ါးခယ်မ)၊ မေရတီခန့်) (ဒါရိုက်တာ - သိမ်းစိုး(သီဟရတနာ)
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၁၀၀)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊မိုးလေ၀သအခြေအနေ "လူမှုပတ်ဝန်းကျင်နှင့်ဇီဝကာပိုင်းရပ်စိအကြောင်း သိကောင်းစရာ (အပိုင်း-၁)
- ၉း၀၀ -ပြည်တွင်းသတင်း Sunday Talk -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၇၉) -သုခမရင်ခွင်အဖြိမ့်သဘင်"ယူနစ်အဖွဲ့"(ဓင်းသမီး-ချစ်ခွန်းချို၊ လူရွှင်တော် ချက်ကြီး၊ ဖိုးသဲ၊ ပေါင်မုန့်၊ အာကာ၊ ချစ်ဦး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

MRTV-4

- ၅း၀၀ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၄၀ "ဗုဒ္ဓ၀င်"တရားတော် [ဆရာတော်ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိ၀ံသ (ဗန်းမော်ဆရာတော်)]
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ ဟင်းချက်ရအောင်
- ၁၁း၄၀ ရန်ကုန်မြင်ကွင်းကျယ် (လူရွှင်တော်အသင်း(ရန်ကုန်)၏ (၅)ကြိမ်မြောက်လူရွှင်တော် သက်ကြီးပူဇော်ပွဲအခမ်းအနား)
- ၁၂း၃၅ အနုပညာမိုးကောင်းကင်
- ၃း၃၅ Cartoon Series (English PlayGround)
- ၄း၃၅ ခေတ်သစ်ပျိုမေ
- ၅း၃၀ Press Conference ASEAN Olympic Medalists Ceremony in Bangkok
- ၅း၅၀ ရန်ကုန်မြင်ကွင်းကျယ် (CP Mini Press Conference)
- ၆း၁၀ Health Fix
- ၈း၁၀ ရသစုံညွှန်တမ်းများ
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၀၉)
- ၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိ မိန်းမလှလေး" (အပိုင်း-၃၂)
- ၉း၄၅ အနုပညာမိုးကောင်းကင်
- ၁၀း၀၅ Let's Talk
- ၁၀း၃၅ MRTV-4 Stage
- ၁၁း၀၀ World Of Knowledge (Mega Factories : TANKS)

တရုတ်တိုင်းရင်းဆေးပညာတက္ကသိုလ်ကျောင်းသူ Miss Earth China 2016 အလှမယ်ဘွဲ့ ဆွတ်ခူး

Miss Earth China 2016 အလှမယ်ရွေးချယ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပခဲ့ရာ တရုတ်တိုင်းရင်းဆေးပညာ တက္ကသိုလ် ကျောင်းသူတစ်ဦးဖြစ်သူ အသက်(၂၁) နှစ်အရွယ်ရှိ အလှမယ် Zhu Tain Le က ရရှိဆွတ်ခူးခဲ့သည်။

အလှမယ် Zhu Tain Le သည် မကြာမီတွင် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် Miss Earth အလှမယ် ရွေးချယ်ပွဲတွင် တရုတ်နိုင်ငံကိုယ်စားပြုအဖြစ် ပါ၀င်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

နောက်ဆုံးအဆင့် Miss Earth China 2016 အလှမယ်ရွေးချယ်ပွဲသို့ Miss Earth 2015 သရဖူရှင် Angelia Gabrena Ong လည်း တက်ရောက်ခဲ့သည်။

Angelia Gabrena Ong သည် တရုတ်-ဖိလစ်ပိုင်မော်ဒယ်တစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ်၏ Miss Earth 2015 ပြိုင်ပွဲတွင် Miss Philippines Earth 2015 အဖြစ် ပါ၀င်ယှဉ်ပြိုင်ခဲ့ရာမှ Miss Earth 2015 သရဖူ ရရှိဆွတ်ခူးခဲ့သူလည်းဖြစ်သည်။

သရုပ်ဆောင်များ၏ အချိန်မပေးနိုင်မှုများကြောင့် ကြန့်ကြာနေဦးမည့် G.I. Joe 3

မျိုးစန္ဒာမောင်-စုစည်းသည်

စတူဒီယိုနေဖြင့် G.I. Joe ဇာတ်ကား၏ တတိယမြောက်ဇာတ်လမ်းတွဲကို ဆက်လက်ရိုက်ကူးရန် အစီအစဉ်ရှိသော်လည်း သရုပ်ဆောင်များ အထူးသဖြင့် ခေါင်းဆောင်မင်းသား Dwayne Johnson၏ အချိန်မအားလပ်မှုများကြောင့် ယင်းဇာတ်ကား၏ ထုတ်လုပ်ရေးလုပ်ငန်းများမှာ ကြန့်ကြာနေဦးမည်ဖြစ်ကြောင်း G.I. Joe ဇာတ်ကားမှ တောင်ကိုရီးယားမင်းသား လီပြောင်ဟွန်းက တိုရန်တိုရုပ်ရှင်ပွဲတော်တွင် ပြောကြားခဲ့သည်။

"စတူဒီယိုကတော့ G.I. Joe 3 ကို ဆက်လက်ရိုက်ကူးဖို့ အစီအစဉ်ရှိပေမယ့် လောလောဆယ်မှာ သရုပ်ဆောင်တွေနဲ့ အချိန်တွေညှိနေတုန်းပါ။ အထူးသဖြင့်တော့ Johnson ပေါ့။ အခုသူက တော်တော်အလုပ်များနေတာ တချို့သရုပ်ဆောင်တွေကိုလည်း သူတို့အားတဲ့ အချိန်ထိ စောင့်ဖို့လုပ်နေတာပါ"ဟု မင်းသားလီပြောင်ဟွန်းက ဆိုသည်။

ကမ္ဘာ့ရုပ်ရှင်လောက၏ နံပါတ်တစ်ဝင်ငွေအကောင်းဆုံးမင်းသားအဖြစ် စံချိန်တင်ထားခဲ့သူ မင်းသား Dwayne Johnson သည် ယခုနှစ်အတွင်းထွက်ရှိမည့် Central Intelligence နှင့် Fast 8 ဇာတ်ကားနှင့် ၂၀၁၇ တွင် ထွက်ရှိမည့် Baywatch ဇာတ်ကားတို့တွင်လည်း ပါ၀င်သရုပ်ဆောင်ထားသည်။

(၄၁)ကြိမ်မြောက် တိုရွန်တိုနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဇာတ်ကားပေါင်း ၄၀၀ ခန့် ပြသမည်

(၄၁)ကြိမ်မြောက်အဖြစ် ကျင်းပမည့် တိုရွန်တိုနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် စက်တင်ဘာ ၈ ရက်မှ ၁၈ ရက်အထိ ကျင်းပလျက်ရှိပြီး နိုင်ငံတကာမှ ရုပ်ရှင်ဇာတ်ကားပေါင်း ၄၀၀ ခန့်ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် တက်ရောက်သူ ပရိသတ်ဦးရေ အများဆုံးအဖြစ် မှတ်တမ်းတင်ခံထားရသည့် အဆိုပါ တိုရွန်တိုနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို နှစ်စဉ်တက်ရောက်သူ လေးသိန်းရှစ်သောင်းနီးပါးခန့်ရှိကြောင်း သိရပြီး ယင်းရုပ်ရှင်ပွဲတော်၏ ဆုအမျိုးအစား တစ်ခုဖြစ်သည့် Grolsch People's Choice မှာ တက်ရောက်ကြည့်ရှုကြသူ ပွဲလာပရိသတ်များ၏ မဲပေးဆုံးဖြတ်မှုအရ ပေးအပ်ခြီးမြှင့်သော ဆုတစ်ခုလည်း ဖြစ်သည်။

တိုရွန်တို နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ၁၉၇၆ ခုနှစ်တွင် The Festival of Festivals ဟု စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် ကျင်းပခဲ့သည့် ရုပ်ရှင်ပွဲတော်များမှ အကောင်းဆုံး ဇာတ်ကားများကို ပရိသတ်များအား ပြသခဲ့သည်။

ထို့အပြင် ယင်းရုပ်ရှင်ပွဲတော်သည် ကမ္ဘာတစ်ဝန်းမှ ရုပ်ရှင်ချစ်သူများ၊ ဇာတ်ကားထုတ်လုပ်သူများ ဆုံတွေ့နိုင်သည့် ပွဲတစ်ပွဲလည်းဖြစ်ခဲ့ပြီး ကမ္ဘာပေါ်တွင် ထင်ရှားသော ရုပ်ရှင်ပွဲတော်များအနက် တစ်ခုဖြစ်သည်။

ယခုကျင်းပလျက်ရှိသည့် (၄၁)ကြိမ်မြောက် တိုရွန်တိုနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင်လည်း မကြာခင်က ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် ဆုရဇာတ်ကားအချို့ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးဖွဲ့ဖွဲ့ရွာနေသည့်ကြားက (၄၁)ကြိမ်မြောက် တိုရွန်တိုရုပ်ရှင်ပွဲတော်တွင် ပါ၀င်ပြသမည့် Planetarium ဇာတ်ကားအတွက် တက်ရောက်လာသည့် မင်းသမီး နာ့တလီပေါ့တ်မန်းနှင့် သူ၏ ပရိသတ်များ။

ချန်ပီယံလီဂ်သတင်းများ

မန်စီးတီး မည်သည့်ဖလားမျှ ရလောက်အောင်မကောင်းသေးဟု ဂွါဒီယိုလာ သတိပေး

မန်စီးတီးအသင်းသည် ခြောက်ပွဲဆက်အနိုင်ဖြင့် ရာနှုန်းပြည့် နိုင်ပွဲရရှိထားသော်လည်း ချန်ပီယံလီဂ်တွင် ပိုလ်စွဲနိုင်လောက်အောင် ပြီးပြည့်စုံမှု မရှိသေးကြောင်း နည်းပြ ဂွါဒီယိုလာက ဆိုသည်။ ဂွါဒီယိုလာက မန်စီးတီးအသင်းသည် မန်ချက်စတာဒါဘီတွင် အနိုင်ရခဲ့သော်လည်း ယခုထိ မည်သည့်ဖလားမျှ မရရှိသေးသလို ကစားသမားများ ခြေစွမ်းတိုးတက်လာစေရန် ကြိုးပမ်းရဦး မည်ဖြစ်ကြောင်း သတိပေးစကားဆိုခဲ့သည်။ မန်စီးတီးအသင်းသည် ချန်ပီယံလီဂ်တွင် ဘာစီလိုနာ၊ ဆဲလ်တစ်၊ မိုချန်ဂလာဘတ်အသင်းများနှင့် တစ်အုပ်စုတည်း ကျရောက်နေရာ အုပ်စုမှလွန်မြောက်ရန် ခြေကုန်ထုတ်ကစားရမည် ဖြစ်သည်။

ချန်ပီယံလီဂ်ပြိုင်ပွဲ၏ ချန်ပီယံလောင်းစာရင်းတွင် အက်သလက်တီကိုအား ထည့်သွင်းခြင်းကို ငြင်းဆန်လိုက်သည့် ဆီမြွန်နီ

အက်သလက်တီကို မက်ဒရစ်အသင်းသည် သုံးနှစ်အတွင်း ချန်ပီယံလီဂ် ပိုလ်လုပွဲသို့ နှစ်ကြိမ်တိုင် တက်ရောက်နိုင်ခဲ့သော်လည်း အက်သလက်တီကို အသင်းအား ချန်ပီယံလောင်းစာရင်းတွင် ထည့်သွင်းမှုကို နည်းပြ ဆီမြွန်နီက ငြင်းဆန်လိုက်သည်။ အက်သလက်တီကိုအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်း၏ ကြယ်ပွင့်ကစားသမားများကို ဆက်လက်ထိန်းထားခဲ့သလို ဂိုင်တန်နှင့် ဂါမီရိုတို့ကဲ့သို့ ခြေစွမ်းထက်ကစားသမားများကို ထပ်မံခေါ်ယူ အားဖြည့်နိုင်ခဲ့ရာ ယခုနှစ် ချန်ပီယံလောင်းစာရင်းတွင် အက်သလက်တီကို အသင်းကို ထည့်သွင်းရမည်ဆိုသော မှန်းဆချက်များ ထွက်နေခြင်းဖြစ်သည်။ အက်သလက်တီကိုသည် ချန်ပီယံလီဂ် ပိုလ်လုပွဲနှစ်ကြိမ်တွင် ရီးယဲလ်မက်ဒရစ် အသင်းနှင့်သာ တွေ့ဆုံခဲ့ပြီး နှစ်ကြိမ်လုံးတွင်လည်း ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ပထမအကြိမ်တွင် ရီးယဲလ်မက်ဒရစ်၏ အချိန်ပို မိနစ် ၃၀ သွင်းဂိုးများကြောင့် လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သော်လည်း ဒုတိယအကြိမ် ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အရေးနိမ့်ခဲ့ရာ ယင်းအရှုံးကို "သေလောက်အောင်ခံရခက်သော ရှုံးပွဲ"အဖြစ် ဆီမြွန်နီက တင်စားပြောဆိုခဲ့သည်။

ဘင်ဖီကာအသင်း ချန်ပီယံလီဂ်ဖလား ရယူနိုင်စွမ်းရှိ

ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းသည် ၁၉၆၂ ခုနှစ်နောက်ပိုင်း ဥရောပအောင်မြင်မှုမရရှိခဲ့သော်လည်း ချန်ပီယံလီဂ်ဖလားရယူရန် ဆိုသည်မှာ မဖြစ်နိုင်သော ကိစ္စတစ်ခုမဟုတ်ကြောင်း နည်းပြ ဗစ်တိုးရီးယားက သူ၏ ယုံကြည်ချက်ကို ဖွင့်ဟပြောကြားလိုက်သည်။ ဘင်ဖီကာအသင်းသည် ၁၉၆၁ ခုနှစ်နှင့် ၁၉၆၂ ခုနှစ်တို့တွင် နှစ်နှစ်ဆက်တိုက် ဥရောပအောင်မြင်မှုများ သိမ်းပိုက်နိုင်ခဲ့သော်လည်း ၁၉၉၀ ခုနှစ် အေစီမီလန်အသင်းနှင့် တွေ့ဆုံခဲ့သည့် ပိုလ်လုပွဲနောက်ပိုင်းမှစတင်ကာ ချန်ပီယံလီဂ်ဖလားကို ခြိမ်းခြောက်နိုင်စွမ်းမရှိတော့ပေ။ သို့သော် ပြီးခဲ့သည့်ဂါးနှစ်အတွင်း ယူရိုပါလီဂ်ဖလားပိုလ်လုပွဲသို့ နှစ်ကြိမ် (၂၀၁၃၊ ၂၀၁၄) တက်ရောက်နိုင်ခဲ့ပြီး နှစ်ကြိမ်စလုံး ရှုံးနိမ့်ခဲ့၍သာ ဥရောပအောင်မြင်မှုများနှင့် ဆက်လက်ဝေးကွာနေခဲ့ခြင်းဖြစ်သည်။ ဘင်ဖီကာအသင်း ယခုနှစ်ရည်မှန်းချက်မှာ အနိမ့်ဆုံး ၁၆ သင်း ရှုံးထွက်အဆင့် တက်ရောက်နိုင်ရေးဖြစ်ပြီး ချန်ပီယံလီဂ်ပိုလ်စွဲရန်ဆိုသည်မှာလည်း ဘင်ဖီကာအသင်းအတွက် မဖြစ်နိုင်စရာအကြောင်းတရား မဟုတ်သည်မှာ သေချာကြောင်း နည်းပြဗစ်တိုးရီးယားက မှတ်ချက်ပြုခဲ့သည်။

အုပ်စုတက်ရေး ကြိုးပမ်းမယ့် ပီအက်စ်ဗွီ

ပီအက်စ်ဗွီအသင်းသည် ချန်ပီယံလီဂ် အုပ်စု(D)တွင် ဘိုင်ယန်မြူးနစ်၊ အက်သလက်တီကို အသင်းတို့ကဲ့သို့မာကျောသည့် ပြိုင်ဘက်များနှင့် တစ်အုပ်စုတည်းက ကျရောက်နေသော်လည်း အုပ်စုတက်ရေး နောက်တစ်ဆင့်အတွက် ရေကုန်ရေခမ်းကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပီအက်စ်ဗွီနည်းပြ ကိုကူးက ဆိုသည်။ ပီအက်စ်ဗွီအနေဖြင့် အုပ်စုတက်ရေး ရည်မှန်းချက်မရှိလျှင် အစကတည်း လာရောက်ယှဉ်ပြိုင်ရန် ကြိုးပမ်းမည်မဟုတ်ကြောင်း တစ်ဆက်တည်းပင် ရှင်းလင်းပြောကြားလိုက်သည်။ ပီအက်စ်ဗွီနှင့် အက်သလက်တီကို အသင်းတို့သည် ယမန်နှစ် ချန်ပီယံလီဂ် (၁၆)သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင် တွေ့ဆုံခဲ့ကြသေးပြီး နှစ်ကျော့လုံး ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ခြင်းကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် မိနစ် ၁၂၀ လုံး ဂိုးပေါက်ပျောက်သည့် ပွဲအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ အဆိုပါအုပ်စုသည်လည်း အုပ်စုကျပ်တစ်ခုဖြစ်ပြီး ပီအက်စ်ဗွီအနေဖြင့် အုပ်စုတက်ရောက်ရေးအတွက် ဘိုင်ယန်မြူးနစ်၊ အက်သလက်တီကို အသင်းများနှင့် ယှဉ်ပြိုင်ရာတွင် ရှုံးပွဲမကြုံရေး အားထုတ်ရမည်ဖြစ်သလို မျက်နှာသစ်အသင်း ရုရှားကလပ် ရော့စ်တော့ဗ် အသင်းအားလည်း နှစ်ကျော့လုံး ဂိုးပြတ်အနေအထားဖြင့် အနိုင်ကစားရန် လိုအပ်သည်။

လီဗာပူးနှင့် ပွဲမှအရှုံးအတွက် အကောင်းဆုံး ပြန်လည်တုံ့ပြန်ရန် လက်စတာအသင်းဖော်များအား ရှုမိုက်ကယ်တိုက်တွန်း

လက်စတာအသင်းသည် လီဗာပူးအား ပရီမီယာလီဂ်ပွဲစဉ်(၄)တွင် လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်ကို တုံ့ပြန်သည့်အနေဖြင့် ချန်ပီယံလီဂ်ပွဲစဉ်တွင် အကောင်းဆုံးပုံစံဖြင့် ပြန်လည်ကစားပြရန်လိုကြောင်း လက်စတာ ဂိုးသမားကပ်စ်စပါရှမိုက်ကယ်က အသင်းဖော်များကို တိုက်တွန်းပြောကြားလိုက်သည်။ လက်စတာအသင်းသည် ယမန်နှစ်တွင် ပရီမီယာလီဂ်ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ရာ ချန်ပီယံလီဂ်အုပ်စု ထိပ်ဆုံးဦးစားပေး အသင်းများစာရင်းတွင် ပါဝင်ခွင့်ရရှိခဲ့သည်။ ချန်ပီယံလီဂ်အုပ်စုပွဲများ မဲနှိုက်ရွေးချယ်ရာတွင်လည်း ကလပ်ဘရူးဂ်၊ ပေါ်တိုနှင့် ကိုပင်ဟေဂင်အသင်းများနှင့်အတူ ကျရောက်နေသဖြင့် အုပ်စုမှလွတ်မြောက်ရန် မျှော်လင့်နေခြင်းဖြစ်သည်။ အသင်းနည်းပြ ရာနီ ရေရီက လက်စတာအသင်းသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက ပရီမီယာလီဂ် အင်အားကြီးအသင်းများကိုပင် ဖြတ်ကျော်ကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်ဖြစ်ရာ ချန်ပီယံလီဂ် အတွေ့အကြုံမရှိသော်လည်း ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်၍ နောက်ထပ် အံ့သြဖွယ်ရာတစ်ခု ထပ်မံလုပ်ဆောင်ပြနိုင်လိမ့်ဦးမည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

တစ်နှစ်အတွင်း ပေါင်သန်း ၅၀၀ အထက် ဝင်ငွေရရှိတဲ့ ပထမဆုံး ပြိုတိန်အသင်းဖြစ်လာတဲ့ မန်ယူ

မန်ယူအသင်းသည် တစ်နှစ်အတွင်း (ဇွန် ၃၀ ရက်စာရင်းပိတ်)ဝင်ငွေ ပေါင် ၅၁၅ ဒသမ ၃ သန်း ရရှိခဲ့သည်ဟု စက်တင်ဘာ ၁၃ ရက် ထုတ်ပြန်ကြေညာခဲ့ရာ ပေါင်သန်း ၅၀၀ အထက် ဝင်ငွေရရှိသည့် ပထမဦးဆုံးသော ပြိုတိန်ကလပ်ဖြစ်လာခဲ့ကြောင်း မေးလ်အွန်လိုင်းက ဖော်ပြသည်။ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် တစ်နှစ်ဝင်ငွေ ပေါင်သန်း ၅၇၀ ရရှိခဲ့သည်ဟု ဇူလိုင်လအတွင်း ကြေညာခဲ့ပြီးဖြစ်ရာ မန်ယူအသင်း၏ အဆိုပါ ဝင်ငွေပမာဏမှာ ကမ္ဘာ့ကလပ်အသင်းများတွင် ဒုတိယအများဆုံး ဝင်ငွေဖြစ်လာခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ရှယ်ယာရှင်များအားလုံးအတွက် အမြတ်ငွေ ပေါင်သန်း ၂၀ ပေးအပ်ခဲ့ခြင်းကြောင့် မန်ယူအသင်း၏ ရှယ်ယာ ၈၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်သည့် ဂလေဇာမိသားစုအနေဖြင့် ပေါင် ၁၅ သန်းခန့် အကျိုးအမြတ်ရရှိမည်ဖြစ်သည်။ ယခုကဲ့သို့ စံချိန်တင် ဝင်ငွေတစ်ရပ်ရရှိခဲ့ခြင်းက အက်ဒီးဒက်စ် အားကစားပစ္စည်းကုမ္ပဏီနှင့် ချုပ်ဆိုခဲ့သည့် ပေါင်သန်း ၇၅၀ တန် စာချုပ်သစ်ကြောင့်ဖြစ်ပြီး အခြားကုမ္ပဏီ ၁၄ ခုနှင့်လည်း စပွန်ဆာစာချုပ်သစ်များ ချုပ်ဆိုခဲ့သည်။

အမေရိကန်အခြေစိုက် ဂလေဇာမိသားစုသည် ၂၀၀၅ ခုနှစ်တွင် မန်ယူအသင်းကို ဘဏ်ချေးငွေ ပေါင် ၅၂၅ သန်းဖြင့် ဝယ်ယူခဲ့ပြီးနောက် ၎င်းတို့၏ ကြွေးမြီများကို ကလပ်အသင်းသို့ ပြန်လည်လက်လွှဲခဲ့သည်။ ပြီးခဲ့သည့် နှစ်က မန်ယူအသင်း၏ ရှယ်ယာတစ်စုအတွက် အမြတ်ငွေ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၅ သာပေးခဲ့ရာ ယင်းလုပ်ရပ်ကို "အရှက်မဲ့သော လုပ်ရပ်"ဟု ဝေဖန်မှုများ ထွက်လာခဲ့သေးသည်။

မန်ယူအသင်းသည် ဝင်ငွေများ တိုးတက်လာနေသော်လည်း တစ်ဖက်တွင် ကြွေးမြီပမာဏမှာ ၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာပြီး ပေါင် ၂၆၀ ဒသမ ၉ သန်း အထိ တင်ရှိနေဆဲဖြစ်ကာ အမေရိကန်ငွေကြေး ဒေါ်လာနှင့် ဗြိတိန်ငွေ ပေါင်တို့ကြား ကွာဟသည့် ငွေလဲလှယ်မှုနှုန်းထားကလည်း အနည်းငယ်သက်ရောက်မှုရှိကြောင်း သိရသည်။ ယခုနှစ်အတွင်း နည်းပြ ဗန်ဟားလ်နှင့် သူ၏ နည်းပြအဖွဲ့ဝင်များအား ထုတ်ပယ်ခဲ့ရာ လျော်ကြေးအဖြစ် ပေါင် ၈ ဒသမ ၄ သန်းခန့် ပေးချေခဲ့ရပြီး မော်ရင်ဟိုပွဲထွက်စာရင်းတွင် အသုံးမပြုသည့် ရှုဝိန်းစတိုင်ဂါအတွက် လစာစုစုပေါင်း ပေါင် ၆ ဒသမ ၇ သန်း ပေးချေနေရခြင်းတို့ကဲ့သို့ အပိုအသုံးစရိတ်ကျခံနေခြင်းတို့လည်း ရှိနေသည်။

စက်တင်ဘာ ၁၅ ရက် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလီဂ် အုပ်စုပွဲစဉ်

လေဗာကူဆင် -	CSKA မော်စကို	နံနက်-၁း၁၅
စပါး -	မိုနာကို	နံနက်-၁း၁၅
ရီးယဲလ်မက်ဒရစ် -	စပို့တင်းလစ္စဘွန်း	နံနက်-၁း၁၅
လီဂီယာဝါဆော -	ဒေါ့မွန်	နံနက်-၁း၁၅
ဘရူးဂ် -	လက်စတာ	နံနက်-၁း၁၅
ပေါ်တို -	ကိုပင်ဟေဂင်	နံနက်-၁း၁၅
လိုင်ယွန် -	ဒိုင်နမိုဇာဂရက်	နံနက်-၁း၁၅
ဂျူဗင်တပ် -	ဆီဗီလာ	နံနက်-၁း၁၅

မောင်မောင်ဇော်

မေလ့ဲသင်း - စုစည်းရေးသားသည်

တွံတေး၌ ဆိုင်ကယ်လုယက်မှုဖြစ်ပွား

တွံတေး စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်နှင့် ဒလမြို့နယ်အစပ်ရှိ အုန်းပင်ချောင်းတံတားပေါ်တွင် စက်တင်ဘာ ၁၂ ရက် နံနက် ၀၀း၀၅ နာရီတွင် ဆိုင်ကယ်ပျက်ချင်ယောင်ဆောင်၍ ဆိုင်ကယ်လုယက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးသိန်းနိုင် ကျန်စစ်သားရပ်ကွက် ဒလမြို့နယ်နေသူမှာ တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာသို့ ဆိုင်ကယ်ကယ်ရိုပ္ပြီးအပြန် အုန်းပင်ချောင်းတံတားပေါ်တွင် လူငယ်သုံးဦးက ဆိုင်ကယ်ချိန်းပျက်သဖြင့် ခဏရပ်ပေးရန်တားရာ ဆိုင်ကယ်ရပ်လျှင် ရပ်ချင်း ၎င်းတို့သုံးဦးက တွန်းလဲပြီး Suzuki smart အမျိုးအစား ယာဉ်အမှတ် ၂၀ယ/----- အား လုယူ၍ တွံတေးဘက်သို့ မောင်းနှင်ထွက်ပြေးသွားကြောင်း သတင်းရရှိသဖြင့် ဘုရားဝှတ္တိ လမ်းဆုံရဲကင်းတွင် ကင်းစစ်ဆေးရန်ရောက်ရှိနေသည့် တွံတေးမြို့နယ် ရဲတပ်ဖွဲ့မှူး ခင်မောင်ရွှေ၊ စခန်းမှူး ဒုရဲမှူး ကျော်နိုင်စိုးတို့ ဦးဆောင်သောအဖွဲ့သည် သတင်းရလျှင်ရချင်း ကော့မှူးရဲတပ်ဖွဲ့မှူး အဖွဲ့ဖြင့် တရားခံပုံသဏ္ဌာန်၊ ဆိုင်ကယ်အမျိုးအစား ပေးပို့ချိတ်ဆက်၍ လိုက်လံဖမ်းဆီးရာ ကော့မှူး-ကွမ်းခြံကုန်းလမ်းပေါ်တွင် ကော့မှူး ပိတ်ဆို့ရှာဖွေရေးရဲတပ်ဖွဲ့၏ အကူအညီဖြင့် ၎င်းတို့သုံးဦးကို သက်သေဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်လုယက်မှု ကျူးလွန်သူ စိုးမိုးအောင်(၁၉)နှစ် ကျန်စစ်သားရပ်ကွက် ဒလမြို့၊ နေလင်းအောင်(၁၉)နှစ် မြို့မ(၄)ရပ်ကွက် ဒလမြို့၊ ကျော်ဆန်းဝင်း(၁၉)နှစ် မြို့မ(၄)ရပ်ကွက် ဒလမြို့နေသူတို့အား တွံတေးမြို့မရဲစခန်းက (ပ)၅၃၃/၂၀၁၆၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၈၂ ဖြင့် အရေးယူထားကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

ဘိန်းဆီခဲဟုယူဆရသော အထုပ်တစ်ထုပ်တွေ့ရှိ၍ ဖမ်းဆီးစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၃

အလုံမြို့မရဲစခန်းမှ ရဲအုပ်သိန်းသန်းနှင့်တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၁ ရက်ည ၇ နာရီ ၄၅ မိနစ်ခန့်က မူးယစ်ဆေးဝါးသတင်းအရ အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် သစ်တောလမ်းဘေးရှိ လျှပ်စစ်ကိုယ်ပိုင်လမ်းထိပ်တွင်တွေ့ရှိသူ အောင်ကိုကို(၂၄)နှစ် တိုက် E/4 လျှပ်စစ်မိုးကောင်းဝင်း စောရန်ပိုင်အနောက်ရပ်ကွက် အလုံမြို့နယ်၊ ပြည့်ဖြိုးကျော်(၂၄)နှစ် အမှတ်(က/၂၉) လျှပ်စစ်ကိုယ်ပိုင်ဝင်း သစ်တောလမ်း စောရန်ပိုင်တောင်ရပ်ကွက် အလုံမြို့နယ်နေသူတို့နှစ်ဦးအား ရှာဖွေစစ်ဆေးရာ အောင်ကိုကို ဝတ်ဆင်ထားသော ဘောင်းဘီတို ဝဲဘက်အိတ်အတွင်းမှ LONDON စီးကရက်ဘူးခွံအတွင်း SUNDAY COFFEEMIX စာတန်းပါ အိတ်ခွံဖြင့်ထည့်လျက် ဘိန်းဆီခဲဟုယူဆရသော အလေးချိန် လေးဂရမ်ခန့်ရှိ အမည်းရောင် အစေးခဲတစ်ထုပ်၊ မီးခိုးရောင် ဂတ်(စ်)မီးခြစ် တစ်လုံးကို လည်းကောင်း၊ ပြည့်ဖြိုးကျော်၏ ယာဘက်လက်အတွင်းမှ Dantusil စာတန်းပါ ၆၀ မီလီလီတာဝင် နီညိုရောင် ပုလင်းအတွင်းထည့်လျက် ချောင်းဆိုးပျောက် ဆေးဟုယူဆရသော နီညိုရောင် အရည်လက်ကျန် ၂၀ မီလီလီတာခန့်ရှိ ပုလင်းတစ်လုံးကိုလည်းကောင်း တွေ့ရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ချိပ်ပိတ်သိမ်းဆည်းပြီး ၎င်းတို့နှစ်ဦးအား အလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်ဦး(အလုံ)

ရွှေစကြာမှန်လုံယာဉ် ချောင်းရေစီးအားမထိန်းနိုင်ဘဲ ရေကျော်လမ်းဘေးထိုးကျ

ငါန်းဇွန် စက်တင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ စက်တင်ဘာ ၁၃ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က ရန်ကုန်မှ ငါန်းဇွန်သို့ ယာဉ်မောင်းစီးကိုကို မောင်းနှင်လာသော ရွှေစကြာမှန်လုံ ခရီးသည်တင်ယာဉ် ယာဉ်အမှတ် (9E/----) မှာ မကျီးကုန်းကျေးရွာနှင့် ဂျီကျေးရွာအကြား မိုင်တိုင်အမှတ် (၈/၃)နှင့် (၈/၄)အကြားရှိ မကျီးကုန်းရေကျော်သို့ ဖြတ်သန်းစဉ် စက်တင်ဘာ ၁၂ ရက်ညက မိုးရွာသွန်းမှုကြောင့် ချောင်းရေကျလျက်ရှိရာ ရေစီးအားကိုမထိန်းနိုင်ဘဲ လမ်းယာဘက်သို့ ထိုးကျခဲ့ပြီး ယာဉ်ပေါ်တွင်ပါလာသော ခရီးသည်ရှစ်ဦးတို့ကို မြို့နယ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိခိုက်ဒဏ်ရာ မရရှိဘဲကယ်ဆယ်နိုင်ခဲ့ပြီး ယာဉ်အားဆွဲယူနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သက်နောင်ဦး(ငါန်းဇွန်)

တန့်ယန်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၃

မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၂ ရက်က တန့်ယန်းမြို့နယ် တန့်ယန်း-မိုင်းကောင်သွားကားလမ်း မိုင်တိုင်အမှတ်(3 KM)အနီးတွင် ဆန်ဝင်းမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးပြည်ထောင်စုကားလမ်း မိုင်တိုင်အမှတ် (၈၀/၄) တွင် သိမ့်ပိုင်ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် မောင်လင်းထိမ့် စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
မြောင်းမြခရိုင်ရုံးနှင့် နတ်မောက်မြို့နယ်ရုံးများပြင်ဆင်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည့် လူမှုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် အဆင့်မြှင့်တင်နိုင်ရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပိုင် အောက်ပါရုံးများကို ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသော ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဈေးနှုန်းလွှာများတင်သွင်းကြရန် ဖိတ်ကြားအပ်ပါသည်။
(က) မြောင်းမြခရိုင်ရုံး။ ပင်မရုံးအဆောက်အအုံပြုပြင်ခြင်း၊
(ခ) နတ်မောက်မြို့နယ်ရုံး။ ပင်မရုံးအဆောက်အအုံနှင့် ရေစင်ပြုပြင်ခြင်း။
၂။ အိတ်ဖွင့်တင်ဒါများကို ၁၃-၉-၂၀၁၆ရက်မှ ၁၆-၉-၂၀၁၆ရက် ရုံးချိန်အတွင်း ဝယ်ယူပြီး ၂၃-၉-၂၀၁၆ရက် ညနေ ၁၅း၀၀နာရီအတွင်း နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာသို့ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်သော တင်ဒါများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်းစုံစမ်းနိုင်ပါသည်။
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြောင်းမြခရိုင်ရုံး၊
မြရတနာရပ်ကွက်(ဘုရားချောင်း)၊ မြောင်းမြမြို့။
ဖုန်း-၀၄၂-၇၀၁၉၀၊ ၀၉-၄၉၇၁၁၆၅၅
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နတ်မောက်မြို့နယ်ရုံး
နတ်မောက်-မကွေးလမ်း၊ (၄)ရပ်ကွက်၊ နတ်မောက်မြို့။
ဖုန်း-၀၆၃-၆၉၀၉၄၊ ၀၉-၉၇၇၂၉၇၂၁၉

ကန့်ကွက်နိုင်ပါသည်
မိတ္ထီလာမြို့တိုးချဲ့ပြည်သာယာ(မြောက်)၊ မြေကွက်အမှတ်-၀/၂၈၉၊ မြေကွက်အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မိတ္ထီလာမြို့၏ ၁၆-၃-၂၀၀၄ရက်စွဲပါ စာအမှတ် ၅/၄၃-၁၆/ဦး-၆ဖြင့် ဒုအရာခံပိုလ်ခင်သက်တဆရ ခုတင်(၅၀၀)မိတ္ထီလာအမည်ဖြင့် မြေပေးမိန့်ချထားပေးခဲ့ပါသည်။ ယခုအခါ မြေပေးမိန့်မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။
ဦးခင်သက်[စ/မထလ(နိုင်)]၀၂၈၈၆၄
မိတ္ထီလာ

အလင်းရောင် Travels
ခရီးစဉ်ထိုင်း ဟားကတည်း-ဇေးဆင့် (ဖြတ်)
(၆၄)ခြေမိခမြောက် အဘဘုတော်ကို ပုဇွန်၊ (သီးသန့်) အဘဘုတော်ကို ပုဇင်းဆည်ဘီဦး (စွယ်ခေတ်လေးဆု) မြတ်ထီ ကားတစ်ဘုရားနဲ့ရှုပ (၃)ရက်
ကားမျှဝေ ဝီးလုံးသာသည်ဈေးကွက်၊ ရိုး / ကြို
09-421061860 /421129597 /774400430

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ မုံတိုင်ပင် အထက ဒသမတန်း(A)မှ မဖြူမြူသက်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်း [၅/ရဥန(နိုင်)၀၃၄၄၈] ဖြစ်ပါကြောင်း။
ဦးအောင်ဆန်း

ဖခင်အမည်မှန်
တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ အထက(ဘိုကုန်း)၊ ဒသမတန်း(A)မှ မအိမြတ်နိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာမင်း [၇/အတန(နိုင်)၀၇၆၉၆] ဖြစ်ပါကြောင်း။
ဦးကျော်စွာမင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ထိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ မြေကွက်အမှတ်(၄)၏ အစိတ်အပိုင်း၊ × × မြေကွက်တည်နေရာအမှတ်(၂၆/A-၄)၊ အောင်မမွန်ရိပ်သာလမ်း၊ (၁၂) ရပ်ကွက်၊ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)အမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသောမြေ၊ ဧရိယာ(၂.၀၁၁)ဧက ထိမှ တစ်စိတ်တစ်ဒေသ(၀.၀၂၇)ဧကရှိ အောင်မမွန်ရိပ်သာ ဂရန်ပေးရေးစီမံချက်အတွင်း မူလနေထိုင်သူထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်မြင့်မြင့်သန်း[၁၂/လမန(နိုင်)၀၉၀၁၄] အရပ်ကတိအရောင်းအဝယ်စာချုပ်(၁၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောက်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) အဖြစ် အဆင့်မြှင့်တင်နိုင်ရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပိုင် အောက်ပါရုံးများကို ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသော ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဈေးနှုန်းလွှာများတင်သွင်းကြရန် ဖိတ်ကြားအပ်ပါသည်။
(ကၡ) မြောင်းမြခရိုင်ရုံး။ ပင်မရုံးအဆောက်အအုံပြုပြင်ခြင်း၊
(ခ) နတ်မောက်မြို့နယ်ရုံး။ ပင်မရုံးအဆောက်အအုံနှင့် ရေစင်ပြုပြင်ခြင်း။
၂။ အိတ်ဖွင့်တင်ဒါများကို ၁၃-၉-၂၀၁၆ရက်မှ ၁၆-၉-၂၀၁၆ရက် ရုံးချိန်အတွင်း ဝယ်ယူပြီး ၂၃-၉-၂၀၁၆ရက် ညနေ ၁၅း၀၀နာရီအတွင်း နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာသို့ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်သော တင်ဒါများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်းစုံစမ်းနိုင်ပါသည်။
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြောင်းမြခရိုင်ရုံး၊
မြရတနာရပ်ကွက်(ဘုရားချောင်း)၊ မြောင်းမြမြို့။
ဖုန်း-၀၄၂-၇၀၁၉၀၊ ၀၉-၄၉၇၁၁၆၅၅
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နတ်မောက်မြို့နယ်ရုံး
နတ်မောက်-မကွေးလမ်း၊ (၄)ရပ်ကွက်၊ နတ်မောက်မြို့။
ဖုန်း-၀၆၃-၆၉၀၉၄၊ ၀၉-၉၇၇၂၉၇၂၁၉

သင်္ချာကျော်မြိန် M.Sc. (Maths). Final.
ရုံးဖွင့်ချိန်- သင်္ချာ(၆)လပြည့် ၁၃-၉-၂၀၁၆ စပယ်
ဘဝတန်းဘာသာရပ် (၆)လပြည့်သင်တန်း
ရိုးရိုးပိုင်း(၅)၀၀၀၀/-)နှင့် Dayဘော်ဒါ(သင်းကျက်/စစ်)(၁)သိန်း
အမှတ်-၃၅၂၁၊ဒုထပ်၊မဟာပန္ဓာလလမ်း(ဆိပ်ကမ်းသာလမ်းနှင့်ဥဇင်လမ်းကြား)
Ph:09-250359833, 09-253034191, 09-263451177

ဖခင်အမည်မှန်
သန်လျင်မြို့ အထက၊ ကျောက်ရေတွင်း၊ ဒသမတန်း(D)မှ မခွန်ဦးဝေနှင့် မောင်ဝိမိန်းထက်ဇော် (ပဥ္စမတန်း) (A)တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းလွင် [၁၂/သလန(နိုင်)၁၀၄၅၅] ဖြစ်ပါကြောင်း။ **ဦးဝင်းလွင်**
[၁၂/သလန(နိုင်) ၁၀၄၅၅]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၁/၂)၊ မြေကွက်အမှတ်(၂၀၂ / ၂၀၃)အား ဦးလှသိန်း(ခ)ဝေါင်လောရှင် (LMDW-၀၀၆ စ၂၆)မှ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ဝင်းလှိုင်လမ်းနေ ဦးမြင့်ဆွေပါ (၅၀) ဦးတို့သည် လွန်ခဲ့သော နှစ်ပေါင်း (၃၀) (၄၀) (၆၀) နှစ်ကတည်းက ဝင်းလှိုင်လမ်းအတွင်း မြေကွက်ဝယ်ယူနေထိုင်ခဲ့ကြသူများဖြစ်ပြီး ဦးမြင့်ဆွေပါ (၅၀) ဦးနေထိုင်ရာ အုပ်ဖတ်လမ်းနေးအတွက် မြေအမည်ပေါက် ဦးဘကြောင်းပါ၊ ဝင်း ဟည်းတစ်ဦးထံမှ ဝယ်ယူ၍ မြေကွက်အတွင်းနေထိုင်ခြင်းလုပ်ငန်းလုပ်ကိုင်ခြင်းလုပ်ခဲ့ပါ။ (၂-၉-၂၀၁၆) ရက်စွဲပါ ကြေးမုံသတင်းစာမှလေ့ကြည် အထက်ဖော်ပြပါ ဝင်းလှိုင်လမ်း၊ မြေကွက် (၅) ကွက်ကို ဦးဆိုက်လင်းမှ အမည်ပြောင်းလျှောက်ထားခြင်းကို (၇) ရက်အတွင်း ကန့်ကွက်ရန်ကြော်ငြာမယ့် ဦးမြင့်ဆွေပါ (၅၀) ဦးတို့သည် မိမိတို့လက်ရှိ နေထိုင်ရာ နေအိမ်မြေပြမှုများသည် ဦးဝင်ဂ်လင်းအမည်ပြောင်းလျှောက်ထားသည့် ဝင်းလှိုင်လမ်းမြေကွက်ထဲတွင် ပါဝင်ခြင်းမရှိပဲ တရားဝင်မြေတိုင်းတာပြီးမှ လက်ရှိနေထိုင်သည် ဦးမြင့်ဆွေပါ (၅၀) ဦးတို့အနေအပြင်ပြမှုများကို ခွင့်လပ်၍ အမည်ပြောင်းလဲခွင့်ပြုပါမည် ကန့်ကွက်စာကို ဝင်စာအမှတ်-၁ ၂၁၃၃/၁၆ ဖြင့် မရမ်းကုန်းမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်း နှင့် ပြေမပျယ်ခန့်ခွဲမှုရုံးသို့ တရားဝင်ကန့်ကွက်ထားပြီးဖြစ်ကြောင်း ဦးဆိုက်လင်း နှင့်အမှားသိမ်းစရန်ကြော်ငြာအပ်ပါသည်။
လိုအပ်ညွှန်ကြားသူ
ဦးမြင့်ဆွေပါ (၅၀) ဦး
ဝင်းလှိုင်လမ်း၊ (၆) ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်။
လိုအပ်သည့်ကြားဆက်အရ
ဒေါ်လှလှဝင်း (LL.B) (စဉ်-၄၇၁၄)
ဦးဇော်နေလင်း (LL.B) (စဉ်-၁၀၅၄၆)
တရားလွှတ်တော်ရှေ့နေများ
အမှတ် - ၉၉ ၊ အောင်သုခ (၁) လမ်း၊ (၆) ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၇၃၁၃၀၅၅ ၊ ၀၉ ၇၉၅၂၀၅၅၆

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း

ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ယမန်နေ့မှအဆက်

၇၉။ အခန်း(၁၁)ပါရင်းနှီးမြှုပ်နှံမှုများ ဆက်ဆံဆောင်ရွက်ခြင်းပြဋ္ဌာန်းချက်တွင် မည်သို့ပင်ဆိုစေကာမူ အစိုးရအဖွဲ့သည်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် နိုင်ငံသားပိုင် အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများအား အထောက်အပံ့များ၊ ငွေကြေးဆိုင်ရာပံ့ပိုးမှုများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သင်တန်းများဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းဆောင်ရွက်နေသည့်နေရာ သို့မဟုတ် စီးပွားရေးလုပ်ငန်းအမျိုးအစားများနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များတွင် အထူးနှင့် သာလွန်သောကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခွင့်ပြုပေးနိုင်သည်။

၈၀။ ကော်မရှင်သည်ရင်းနှီးမြှုပ်နှံသူက တင်ပြလျှောက်ထားလာလျှင် အောက်ပါ အကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို စိစစ်ခွင့်ပြုပေးနိုင်သည် -

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပြင်ဆင်မှုကာလအတွင်း အမှန်တကယ်လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ခြင်းမရှိသော တည်ဆောက်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များ ဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ခ) ပြည်ပသို့ရာနှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက ပို့ကုန်ထုတ်လုပ်ရန်အတွက် တင်သွင်းသော ကုန်ကြမ်းပစ္စည်းများ၊ တစ်ပိုင်းတစ်စထုတ်လုပ်ပြီးသော ကုန်ပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များ ဖြစ်စေ၊နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဂ) ပြည်ပမှကုန်ကြမ်းပစ္စည်းများနှင့် တစ်စိတ်တစ်ပိုင်း ထုတ်လုပ်ပြီးသော ပစ္စည်းများ တင်သွင်းပြီး ပြည်တွင်း၌ ကုန်ပစ္စည်းထုတ်လုပ်ကာ ပြည်ပသို့ ပြန်လည်တင်ပို့ခဲ့လျှင် တင်ပို့သည့်ကုန်ပစ္စည်းပမာဏအတွက်ပြည်ပမှ တင်သွင်းခဲ့သော ကုန်ကြမ်းပစ္စည်းများနှင့်တစ်စိတ်တစ်ပိုင်းထုတ်လုပ်ပြီးသော ပစ္စည်းများအပေါ်တွင် ကောက်ခံခဲ့သောအကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များ ဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ပြန်လည်ထုတ်ပေးခွင့်၊

(ဃ) ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပမာဏ တိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း တိုးချဲ့လုပ်ကိုင်ပါက ယင်းသို့တိုးချဲ့သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအတွက် အမှန်တကယ်အသုံးပြုရန် လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာ အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ခြင်းမရှိသော တည်ဆောက်ရေး ပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များ ဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

၈၁။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက လျှောက်ထားလာလျှင် အောက်ပါ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်ကို လိုအပ်သလို စိစစ်ခွင့်ပြုနိုင်သည် -

(က) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင်ဖြစ်စေ၊ ၎င်း၏ အခြားအမျိုးအစားတူ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင်ဖြစ်စေ တစ်နှစ်အတွင်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထို အမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ခ) ဝင်ငွေခွန်စည်းကြပ်ရန်အလို့ငှာ စက်ပစ္စည်း၊ စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံး အခြားမတည်ပစ္စည်းများအပေါ်တွင် သတ်မှတ်အချိန်ကာလထက် လျော့နည်းသော ပစ္စည်းတန်ဖိုး လျှော့တွက်နှုန်းများအရ တွက်ချက် ခံစားခွင့်၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အမှန်တကယ်လိုအပ်၍ နိုင်ငံတော်အတွင်း ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေမှ နုတ်ယူခွင့်။

၈၂။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ဝင်ငွေအပေါ်တွင် ပြည်တွင်းနေ နိုင်ငံသားများပေးဆောင်သည့် ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၈၃။ ပုဒ်မ ၇၈၊ ၈၀ နှင့် ၈၁ တွင် ပြဋ္ဌာန်းထားသည့်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များမှအပ အခြားအခွန်ဆိုင်ရာ ကိစ္စရပ်များအား သက်ဆိုင်ရာ အခွန်ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၈၄။ အထက်ဖော်ပြပါကင်းလွတ်ခွင့်နှင့် သက်သာခွင့်များသည် အထူးစီးပွားရေးဇုန်တွင် လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

အခန်း(၁၉)
အငြင်းပွားမှုဖြေရှင်းခြင်း

၈၅။ ဤဥပဒေကိုထိရောက်စွာ အကောင်အထည်ဖော်ရာတွင် ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြဿနာရပ်များအား တရားဝင်အငြင်းပွားမှုအဆင့်သို့မရောက်ရှိခင် ဖြေရှင်းနိုင်ရန်၊ အငြင်းပွားမှုဖြစ်ပွားခြင်းမှ ကာကွယ်ရန်နှင့် သက်ဆိုင်သည့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန်အတွက် နစ်နာမှုဖြေရှင်းသည့် နည်းလမ်းတစ်ရပ်ကို စီမံချမှတ်ရမည်။

၈၆။ ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်အကြား သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအချင်းချင်းအကြား ဖြစ်ပွားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများကို တရားရုံး သို့မဟုတ် အနုညာတခုံရုံးတို့တွင် တရားမစွဲဆိုမီ အငြင်းပွားသူများသည် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန် ထိုကဲ့သင့်သည့် ကြိုးပမ်းမှုများ အားလုံးကို အသုံးပြုရမည်။

၈၇။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်း၍ ပြေလည်မှု မရရှိပါက-

(က) သက်ဆိုင်ရာ စာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်း မရှိလျှင် စီရင်ပိုင်ခွင့်ရှိသော တရားရုံး သို့မဟုတ် အနုညာတခုံရုံး၌ နိုင်ငံတော်၏ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) သက်ဆိုင်ရာ စာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် ယင်းသတ်မှတ်ထားသည့် ဖြေရှင်းနည်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

အခန်း(၂၀)
စီမံခန့်ခွဲရေးပြစ်ဒဏ်

၈၈။ ကော်မရှင်သည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် ရင်းနှီးမြှုပ်နှံသူ အပေါ်တွင် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ကိုဖြစ်စေ သို့မဟုတ် တစ်ရပ်ထက်ပိုသော ပြစ်ဒဏ်များကို ဖြစ်စေ ချမှတ်နိုင်သည် -

(၁) သတိပေးခြင်း၊

(၂) ကော်မရှင်က သတ်မှတ်သော ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(၃) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ယာယီရပ်ဆိုင်းခြင်း၊

(၄) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(၅) နောင်တွင်မည်သည့်ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်မျှ ထုတ်ပေးမည် မဟုတ်သော နာမည်ပျက်စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်း။

(ခ) ပုဒ်မ ၈၈ ပုဒ်မခွဲ (က) အရ စီမံခန့်ခွဲမှုပြစ်ဒဏ် မချမှတ်ခင် ကော်မရှင်က စီမံခန့်ခွဲမှုပြစ်ဒဏ်နှင့်စပ်လျဉ်းသည့် ကြိုတင်အကြောင်းကြားစာကို ရင်းနှီးမြှုပ်နှံသူသို့ အကြောင်းကြားရမည်။ ရင်းနှီးမြှုပ်နှံသူသည် ၎င်းအပေါ် ချမှတ်မည့်စီမံခန့်ခွဲမှုပြစ်ဒဏ်နှင့်စပ်လျဉ်း၍ စာဖြင့် ရေးသားမေးမြန်း ဖြေရှင်းနိုင်ခွင့်ရှိရမည်။

(ဂ) ပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ စီမံခန့်ခွဲမှု ပြစ်ဒဏ်ချမှတ်ရာတွင် ထိုသို့ချမှတ်ရသည့် အကြောင်းအရင်းကို ယင်းချမှတ်သည့် ဆုံးဖြတ်ချက်နှင့်အတူ ဖော်ပြပေးရမည်။

၈၉။ ကော်မရှင်က ပုဒ်မ ၈၈ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိသည့် ရင်းနှီးမြှုပ်နှံသူသည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၉၀။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပြုစုတင်ပြသောအဆိုပြုချက်၊ စာရင်းဇယားများ၊ စာချုပ်စာတမ်းအထောက်အထားများ၊ ငွေရေးကြေးရေး၊ အလုပ်သမားခန့်ထားရေးဆိုင်ရာ အထောက်အထားများ စသည်တို့ကို မရိုးမဖြောင့်သောသဘောဖြင့် မမှန်ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ခိုင်လုံသော သက်သေခံ အထောက်အထားများ ပေါ်ပေါက်လျှင် ပြစ်မှုကြောင်းအရ အရေးယူခြင်းခံရမည်။

၉၁။ ရင်းနှီးမြှုပ်နှံသူသည် ပုဒ်မ ၄၄ ပါ တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း အပါအဝင် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်လျှင် ဤဥပဒေအရအရေးယူမည့်အပြင် လိုအပ်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရမည်။

အခန်း(၂၁)
ခြွင်းချက်ပြုရမည့်အချက်များ

၉၂။ ဤဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ အစိုးရအဖွဲ့၏ ဆင်ခြင်တုံတရားဖြင့် ချမှတ်ထားသော သို့မဟုတ် ထိန်းသိမ်းထားသော မျှတမှုရှိသည့် အောက်ပါ ဆောင်ရွက်ချက်များကို တားမြစ်သည်ဟု မှတ်ယူခြင်းမပြုရ-

(က) ပြည်သူ့ကိုယ်ကျင့်တရားကာကွယ်ရန် သို့မဟုတ် အများပြည်သူ အကျိုးငှာ ထိန်းသိမ်းရန် လိုအပ်ချက်၊

(ခ) လူသား၊ တိရစ္ဆာန် သို့မဟုတ် အပင်များ၏သက်တမ်း သို့မဟုတ် ကျန်းမာရေးကာကွယ်ရန် လိုအပ်ချက်၊

(ဂ) ရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်တွင် ငွေကြေးအပ်နှံသူများ၊ ငွေကြေးစျေးကွက်တွင် ပါဝင်ဆောင်ရွက်သူများ၊ အာမခံထားရှိသူများ၊ အာမခံတောင်းသူများ သို့မဟုတ် ယုံမှတ်အပ်နှံမှုတာဝန်ရှိသည့် ဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခုက ၎င်းမှတာဝန်ရှိသည့် လူပုဂ္ဂိုလ်များကို ကာကွယ်ခြင်း၊

(ဃ) ဘဏ္ဍာရေး အဖွဲ့အစည်းများ၏ လုံခြုံရေး၊ ရပ်တည်နိုင်မှု၊ တည်မြဲမှုနှင့် တည်ငြိမ်မှုကိုအာမခံခြင်း၊

(င) နိုင်ငံတော်၏ ဘဏ္ဍာရေးစနစ်တည်တံ့ခိုင်မြဲမှုနှင့် တည်ငြိမ်မှုကို အာမခံခြင်း၊

(စ) ရင်းနှီးမြှုပ်နှံသူနှင့်ပတ်သက်၍ မျှတ၍ထိရောက်မှုရှိသော စည်းကြပ်ခြင်း သို့မဟုတ် တိုက်ရိုက်အခွန်များ ကောက်ခံခြင်းအားသေချာစေရန် ရည်ရွယ်ခြင်း၊

(ဆ) အနုပညာဆိုင်ရာ၊ သမိုင်းဆိုင်ရာ သို့မဟုတ် ရှေးဟောင်းတန်ဖိုးရှိသော အမျိုးသားအမွေအနှစ် ရတနာများကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဇ) ပြည်တွင်း၌ ထုတ်လုပ်မှု သို့မဟုတ် သုံးစွဲမှုများကြောင့် ထိခိုက်မှုဖြစ်စေပါက ယင်းသို့မဖြစ်စေရန် သဘာဝသယံဇာတများအား ထိန်းသိမ်းရန် ဆောင်ရွက်ခြင်း။

အခန်း(၂၂)
လုံခြုံရေးဆိုင်ရာကင်းလွတ်ခွင့်များ

၉၃။ (က) ဤဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ အစိုးရအဖွဲ့က လုံခြုံရေးအလို့ငှာ လိုအပ်သောဆောင်ရွက်ချက်များပြုလုပ်ခြင်းကို တားမြစ်သည်ဟုမမှတ်ယူရ။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းသတ်မှတ်ချက်များသည် အစိုးရအဖွဲ့က နိုင်ငံတော်၏ အရေးပါသော လုံခြုံရေးကိစ္စကို ကာကွယ်ရန်အတွက် လိုအပ်သည်ဟု ယူဆရသည့်အောက်ဖော်ပြပါ ဆောင်ရွက်ချက်တစ်စုံတစ်ရာ လုပ်ဆောင်ခြင်းကို တားဆီးခြင်းမရှိစေရ -

(၁) တပ်မတော် သို့မဟုတ် အခြားလုံခြုံရေးအဖွဲ့အား လက်နက်၊ ခဲယမ်းမီးကျောက်နှင့် စစ်လက်နက်ကိရိယာ၊ တန်ဆာပလာများ ထောက်ပံ့ရန်အတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဆောင်ရွက်သော ဆောင်ရွက်ချက်များ၊

(၂) နိုင်ငံတကာ ဆက်ဆံရေးတွင် စစ်ဖြစ်ပွားခြင်းနှင့် အခြားအရေးပေါ်အခြေအနေများအရ လိုအပ်သလိုဆောင်ရွက်ခြင်း။

အခန်း(၂၃)
အထွေထွေ

၉၄။ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် နိုင်ငံတော်က အတည်ပြု လက်ခံထားသော အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် သဘောတူညီချက်ပါအချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်ကွဲလွဲပါက ထိုဆန့်ကျင်သည့် ပြဋ္ဌာန်းချက်အတွက် အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် သဘောတူညီချက်ပါအချက်များကို လိုက်နာရမည်။

၉၅။ ဤဥပဒေပြဋ္ဌာန်းပြီးနောက် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်းမပြုနိုင်သေးမီကာလအတွင်း ဤဥပဒေနှင့်မဆန့်ကျင်လျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၂၁/၂၀၁၂)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများကို ဆက်လက်ကျင့်သုံးနိုင်သည်။

၉၆။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ်၁၀/၁၉၈၈) သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။) သို့မဟုတ် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၁၈။) တို့ကို အခြေခံ၍ ကော်မရှင်ကပေးအပ်ထားသည့်ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်သည် အဆိုပါ ခွင့်ပြုမိန့်၏သတ်မှတ်သက်တမ်းကုန်ဆုံးသည့်အချိန်အထိ ဆက်လက် အကျိုးသက်ရောက်စေရမည်။

၉၇။ အခြားဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၉၈။ ဤဥပဒေအရအပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီ သို့မဟုတ် အဖွဲ့ဝင်၏၊ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကို ဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၉၉။ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများသည် ဤဥပဒေအရ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အဂတိတရား ကင်းရှင်းစွာဖြင့် ဆောင်ရွက်ရမည်။

၁၀၀။ကော်မရှင်အဖွဲ့ဝင်များသည် မိမိရရှိထားသည့် သတင်းအချက်အလက်များကို ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန်ကိစ္စများမှ တစ်ပါး အခြားကိစ္စရပ်များတွင်အသုံးမပြုရ။

၁၀၁။ပုဒ်မ ၈၉ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ အယူခံခြင်းမှတစ်ပါး ဤဥပဒေအရ အပ်နှင်းသော လုပ်ပိုင်ခွင့်နှင့်အညီ ကော်မရှင်က ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၁၀၂။ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုသည် -

(က) ကော်မရှင်၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကော်မရှင်၏ ကုန်ကျစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံရမည်။

၁၀၃။ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်၊

(ခ) ကော်မရှင်သည် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

၁၀၄။နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။) နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၈။)တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ရုပ်သိမ်းလိုက်သော်လည်း ယင်းဥပဒေအရ တည်ထောင်ထားရှိသည့် ကော်မရှင်သည် ဤဥပဒေအရ ဆက်ခံမည့် ကော်မရှင်အား တာဝန်ဝတ္တရားများ လွှဲအပ်ပေးသည့်နေ့အထိ လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိစေရမည်။

နှစ်(၅၀)ပြည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပုံပြောပြိုင်ပွဲ ကျင်းပ

သရက် စက်တင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာရေးဆရာအသင်း၊ ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်ကို ရင်းနှီးမှု ရရှိစေရန်နှင့် ကျောင်းစာအပြင် ပြင်ပစာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိစေရန် ရည်ရွယ်၍ နိုင်ငံတကာ

စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပုံပြောပြိုင်ပွဲနှင့် စာအုပ်ပြပွဲကို စက်တင်ဘာ ၉ ရက်က ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်အား အကျယ်တဝင့် ပြောကြားပြီး လက်ထောက်ပညာရေးမှူး(ငြိမ်း) ဦးအောင်ကျော်စိုးက အမှတ်ပေး စည်းမျဉ်း၊ စည်းကမ်းများကို ပြောကြားသည်။

ထို့နောက် ပုံပြောပြိုင်ပွဲ ကျင်းပရာ မူလတန်းကျောင်း(၁၁)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၁ ဦးက မိမိနှစ်သက်သည့် ခေါင်းစဉ်များ ဖြင့်ယှဉ်ပြိုင်ကြပြီး တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြသထားသည့် နိုင်ငံတော်အစိုးရသစ်၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှု နံရံကပ်စာစောင်နှင့် ကျန်းမာရေး အသိပညာပေး နံရံကပ် စာစောင်များ၊ စာအုပ်ပြပွဲကို စိတ်ဝင်တစား လေ့လာခဲ့ကြကြောင်းသိရသည်။

စော်ထက်(သရက်)

သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဘားအံ စက်တင်ဘာ ၁၃

ကရင်ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုဘဝလိုအပ်ချက်တစ်ခုအပါအဝင် ဖြစ်သော ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ၊ ပြည်တွင်း ပြည်ပနိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ဖာပွန်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာတွင် သောက်သုံးရေပေးဝေရေး ဆောင်ရွက်ပေးထားမှုနှင့် ထပ်မံလိုအပ်ချက်များရှိပါကဆောင်ရွက် ပေးနိုင်ရေးအတွက် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၂၅ ရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၉၄၃ ဒသမ ၅၂ သန်းဖြင့် တွင်းတိမ် ၃၂ တွင်း၊ တွင်းနက် ၂၄ တွင်း၊ လက်တူးတွင်း ၅၁ တွင်း၊ မြေသားရေကန် သုံးကန်နှင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၁၅ ခုအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖာပွန်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာတွင် တွင်းတိမ် ခြောက်တွင်း၊ တွင်းနက် သုံးတွင်းနှင့် လက်တူးတွင်း ခြောက်တွင်း၊ ကရှမ်းကျေးရွာ မဲသလွတ်၊ ကတိုင်းတော ကျေးရွာ စက်ရေတွင်းများမှ ရေအရည်အသွေး၊ ရေထွက်ရှိမှုနှုန်းများနှင့် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေး ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် ကရင်ပြည်နယ်ကျေးလက်ဦးစီးမှူး ဦးနေဦးတို့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ချင်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆–၂၀၁၇ခု ဘဏ္ဍာနှစ်ငွေလုံးငွေရင်းလုပ်ငန်းများ တင်ဒါဖွင့်ပွဲ ဟားခါး၌ကျင်းပ

ဟားခါး စက်တင်ဘာ ၁၃

ချင်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းများ တင်ဒါဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

တင်ဒါဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်း၊ တင်ဒါလျှောက်လွှာတင်သွင်းသည့် ကုမ္ပဏီ ၇၉ ခုမှ လုပ်ငန်းရှင်များနှင့်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်နောက် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမျိုးအောင်က တင်ဒါနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက သိရှိလိုသည့် အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကာ တင်ဒါလျှောက်လွှာများကို ဖွင့်ဖောက်စိစစ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

'၀' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ဈေးရပ်ကွက် ဈေးအနီးရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်စေရေး၊ ခြင်ယင်များမပေါက်ပွားစေရေးအတွက် စက်တင်ဘာ ၁၀ ရက် နံနက် ၇နာရီ ခွဲက ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်ဦးဆောင်ကာ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များသည်ရေနုတ်မြောင်းအတွင်းရှိ သဲနုန်းများဆယ်ယူခြင်း၊ အမှိုက်သရိုက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- ခရိုင်ပြန်/ဆက်

မြို့နယ်ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဖယ်ခုံ စက်တင်ဘာ ၁၃

ဖယ်ခုံမြို့နယ်ပြည်သူ့ဆေးရုံတွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူလူထုများ စုပေါင်း၍ စက်တင်ဘာ ၈ ရက် နံနက်က သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့

ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဆေးရုံစုပေါင်းသန့်ရှင်းရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ဆေးရုံဝင်းအတွင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေမြောင်းများရှင်းလင်းခြင်းလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးနှင့် တပ်ဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုများနှင့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား တစ်ထောင်ကျော်ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှိုက်ကားများဖြင့် သိမ်းဆည်းပေးခဲ့ကြောင်း သိရသည်။

ယင်းစုပေါင်းသန့်ရှင်းရေး လုပ်ကိုင်နေမှုများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအေးဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုး၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးထိန်လင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေး၍ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုထွေး

ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး၊ လောင်းကစားမှုကင်းစင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ထပ်ဆင့်ချပြရှင်းလင်း

မကွေး စက်တင်ဘာ ၁၃

မင်းဘူးခရိုင် ရဲတပ်ဖွဲ့မှူးရုံး ရဲဗလအစည်းအဝေးခန်းမ၌ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး၊ လောင်းကစားမှုကင်းစင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်က ထပ်ဆင့်ချပြ ရှင်းလင်းဆောင်ရွက်ခဲ့ရာ အခမ်းအနားသို့ ခေတ္တမင်းဘူးခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်ဦးနှင့် ခရိုင်/မြို့နယ်များမှ အရာရှိ တပ်ဖွဲ့ဝင် စုစုပေါင်း အင်အား ၄၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အလားတူ အဆိုပါ အခမ်းအနားကို ပခုက္ကူမြို့နယ် အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၉ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ကျင်းပရာ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်က ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး၊ လောင်းကစားမှု ကင်းစင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ထပ်ဆင့်ချပြ ရှင်းလင်းဆောင်ရွက်ခဲ့ပြီး၊ ပခုက္ကူခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး လှဝင်းက ဦး/ရေး/ထောက်ဆိုင်ရာ ကိစ္စရပ်များအား power point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ထပ်ဆင့်ချပြရှင်းလင်းပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူး အပါအဝင် ခရိုင်၊ မြို့နယ်များမှ အရာရှိ၊ အခြားအဆင့် တပ်ဖွဲ့ဝင် စုစုပေါင်း အင်အား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

ဇီကာဗိုင်းရပ်စ် (Zika Virus) ရောဂါကာကွယ်ရေးအသိပညာပေးဟောပြော

ဗန်းမော် စက်တင်ဘာ ၁၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဇီကာဗိုင်းရပ်စ် ရောဂါကာကွယ်ရေးနှင့်ပတ်သက်သည့် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မိုးမောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဦးအောင်ကျော်စိုးက ဇီကာဗိုင်းရပ်စ် ရောဂါကာကွယ်ရေးနည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများ၏မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

သရက် စက်တင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခြင်း အခမ်းအနားကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ အတွင်းကျင်းပရာ အထက်တန်းပြ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ရှေးဦးစွာ အထက်တန်းပြဆရာမ ဒေါ်စန်းစန်းကြူက လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခြင်း ကျင်းပပေးရသည့် ရည်ရွယ်ချက်အား ပြောကြားပေးပြီး အလယ်တန်းပြဆရာမ ဒေါ်မြင့်မြင့်စိန်က လူကုန်ကူးမှု အန္တရာယ် ဝိုင်းဝန်းကာကွယ်တားဆီးပေးခေါင်းစဉ်ဖြင့် အကျယ်တဝင့်ပြောကြား ဆွေးနွေးခဲ့သည်။

ယင်းနောက် အလယ်တန်းပြဆရာမ ဒေါ်စန်းစန်းဝင်းက လူကုန်ကူးသူမှန်သမျှ စုပေါင်းကာကွယ်တိုက်ဖျက်ကြ ခေါင်းစဉ်ဖြင့် အကျယ်တဝင့်ပြောကြားခဲ့ကြောင်း သိရသည်။

စော်ထက်(သရက်)

လမ်းပေါ်အထိ အမှိုက်များရောက်ရှိနေသည့် အမှိုက်ပုံကြီးအား အမြန်ရှင်းလင်းပေးစေလို

ကျောက်ပန်းတောင်း စက်တင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ စည်ပင်သာယာဝေးကြီးအနီး ပျံကျဝေးတန်းအရှေ့ဘက် မြို့မရပ်ကွက် မဟာစေတီကြီး ဘုရားနှင့် မြို့မမူလတန်းကျောင်းအကြားတွင် တည်ရှိသော အမှိုက်ပုံကြီးမှာ အနံ့ဆိုးများ ထွက်နေပြီး ကတ္တရာလမ်းပေါ် အထိ အမှိုက်များရောက်ရှိနေရာ ကျောင်းသွား၊ ကျောင်းပြန် ကလေးများနှင့် ရပ်ကွက်နေပြည်သူများ၊ ရဟန်းသံဃာများမှာ အဆိုပါအမှိုက်ပုံမှ အနံ့အသက်ဆိုးများကို နေ့စဉ်ခံစားနေရကြောင်း ဒေသခံများက ပြောသည်။

"အမှိုက်တွေက ကတ္တရာလမ်းပေါ် တောင် ရောက်နေပြီဗျာ။ မြင်မကောင်းပါဘူး။ အနံ့ကြီးကလည်း တအားဆိုးတာဗျ။ အဲဒီအနံ့ဆိုးကြီးကို ကလေးတွေ ကျောင်းသွား ကျောင်းပြန် ရှူရှိုက်နေကြရတာပဲ။ ကျွန်တော်တို့ ရပ်ကွက်သူ ရပ်ကွက်သားတွေလည်း စျေးဝယ်သွားသွား၊ မြို့ထဲပဲအလုပ်ကိစ္စနဲ့သွားသွား ဒီအမှိုက်ပုံကြီးနားက ဖြတ်သွားရတာပဲဗျာ။ အမှိုက်ကားကလည်း ပုံမှန်သိမ်းဆည်းတာမရှိဘူး။ ပျံကျစျေးသည်တွေကလည်း စည်းမဲ့ကမ်းမဲ့ပစ်တယ်။

'ဒီဒုက္ခကိုခံရတော့ ရပ်ကွက်က လူတွေနဲ့ ကျောင်းသားကလေးတွေ ခံစားရတယ်ဗျာ။ နောက်ပြီး ဒီရပ်ကွက်မှာက ဘုန်းကြီးကျောင်းတွေ၊ စာသင်တိုက်တွေလည်းရှိတယ်ဗျ။ ရဟန်းသံဃာတွေ၊ ဆွမ်းခံကိုရင်လေးတွေလည်း နိစ္စဒုဝ ဒီအနံ့ဆိုးကိုခံပြီး သွားလာနေကြရတာပဲ" ဟု မြို့မရပ်ကွက်သား တစ်ဦးဖြစ်သူဦးဖြူက ပြောသည်။

အဆိုပါအမှိုက်ပုံကြီးကို ယခင်က လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ အကြိမ်ကြိမ် သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခဲ့သော်လည်း ပျံကျစျေးတွင်ရောင်းချသည့် စျေးသည်များ၏ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ အမှိုက်သိမ်းကားဖြင့် ပုံမှန်သိမ်းဆည်းမှုမရှိခြင်းတို့အပြင် စည်းကမ်းသတ်မှတ်ထားသော်လည်း လိုက်နာမှုအားနည်းသည့်အပေါ် ထိရောက်သည့်အရေးယူမှုမရှိခြင်းတို့ကြောင့် အမှိုက်ပုံမှာ တစ်စထက်တစ်စ နေရာကျယ်ပြန့်လာပြီး ကတ္တရာလမ်းပေါ် အထိ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ အဆိုပါအမှိုက်ပုံကြီးမှာ မြို့၏အထင်ကရဖြစ်သော မဟာစေတီကြီးဘုရားနှင့် နီးကပ်နေခြင်း၊ မူလတန်းကျောင်းနှင့်နီးသဖြင့် ကျောင်းသွား ကျောင်းပြန်ကလေးများ အနံ့အသက်ဆိုးကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြင်းတို့ကြောင့် အမြန်ဆုံးဖယ်ရှား ရှင်းလင်းပေးရန် ရပ်ကွက်နေပြည်သူများက မျှော်လင့်လျက်ရှိနေကြကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

မလှိုင်မြို့နယ်တွင်းရှိ ဒေသခံတောင်သူများ ရာသီပေါ်သီးနှံ စျေးကောင်းရရန် မျှော်လင့်

မလှိုင် စက်တင်ဘာ ၁၃

မလှိုင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးဦးက စိုက်ပျိုးခဲ့သောသီးနှံများ လှိုင်လှိုင်ထွက်ရှိနေချိန် သီးနှံစျေးမကောင်းသဖြင့် စျေးကောင်းရရန် မျှော်လင့်နေကြောင်း သိရသည်။

မိုးဦးက စိုက်ပျိုးခဲ့သောသီးနှံများဖြစ်သည့် နှမ်း၊ ပဲတီစိမ်းနှင့် ပဲနောက်များ လှိုင်လှိုင်ပေါ်နေပြီဖြစ်သော်လည်း စျေးကောင်းမရ ဖြစ်နေသည်။ နှမ်းစတင်ထွက်ရှိချိန်တွင် တစ်တင်းလျှင် ကျပ် ၂၄၀၀၀၊ ကျပ် ၂၄၅၀၀ နှုန်း၊ ပဲတီစိမ်း၊ ပဲနောက်တစ်တင်းလျှင် ကျပ် ၁၇၅၀၀ နှုန်း ရောင်းရသော်လည်း သီးနှံများ လှိုင်လှိုင်ထွက်ရှိချိန်တွင် နှမ်းတစ်တင်း ကျပ် ၂၀၀၀၀၊ ကျပ် ၂၁၀၀၀ နှုန်း၊ ပဲနောက်၊ ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၁၆၀၀၀ နှုန်းသာရောင်းရသဖြင့် တောင်သူများ တွက်ခြေမကိုက်ဖြစ်နေကြောင်း သိရသည်။

'သီးနှံစျေး မကောင်းတော့ ကျွန်တော်တို့ တောင်သူတွေ ငွေကြေးကျပ်တည်းတာပေါ့။ သီးနှံစျေးကမကောင်း အလုပ်သမားခကျတော့ အရင်နှစ်တွေထက် ပိုပေးရတော့ ပိုဆိုးတာပေါ့။ မနှစ်က လူတစ်ယောက် တစ်နေ့ကို ကျပ် ၂၅၀၀ ပေးရပါတယ်။ ဒီနှစ် အလုပ်သမားခက ကျပ် ၃၀၀၀၊ ကျပ် ၃၅၀၀ ပေးရပါတယ်။ အလုပ်သမားရှားတော့လည်း ပေးခေါ်ရတာပါပဲ။ အလုပ်သမားခက စျေးကြီးပြီး သီးနှံစျေးမကောင်းတော့ တွက်ခြေမကိုက်တာပေါ့။ တောင်သူလုပ်ကိုင်မယ့် အလုပ်သမားလည်း နည်းသွားပါပြီ။ ဒါကြောင့် သီးနှံစျေးကောင်းရရန် မျှော်လင့်နေပါတယ်" ဟု ဒေသခံတောင်သူတစ်ဦးကပြောပြ၍ သိရသည်။

ဒေသခံတောင်သူများအနေဖြင့် သီးနှံစျေးကောင်းမရခြင်း၊ တောင်သူလုပ်ငန်းလုပ်ကိုင်မည့် အလုပ်သမား ရှားပါးလာခြင်းတို့ကြောင့် တောင်သူလုပ်ငန်းလုပ်ကိုင်သူလျော့နည်းလာမည်ကို စိုးရိမ်လျက်ရှိနေကြကြောင်းသိရသည်။

အောင်ရွှေ (မလှိုင်)

ဒေါ့ဖုန်းယန်မြို့နယ်တွင် ဇီကာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

ဒေါ့ဖုန်းယန် စက်တင်ဘာ ၁၃

ကချင်ပြည် ဒေါ့ဖုန်းယန်မြို့နယ်တွင် ဇီကာဗိုင်းရပ်စ် ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မိုးမောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး အဆင့်(၁)ဦးအောင်ကျော်စိုးက ဇီကာဗိုင်းရပ်စ် (Zika Virus)ရောဂါ ကူးစက်ပြန့်ပွားပုံနှင့် စတင်ဖြစ်ပွားသည့် အခြေအနေများ၊ ရောဂါကူးစက်ခံရပါက ကိုယ်ဝန်ဆောင် မိခင်လောင်းများတွင် ဦးခေါင်းသေးငယ်သည့် ကလေးများ မွေးဖွားမှုဖြစ်စဉ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ကြိုတင်ကာကွယ်မှုလုပ်ဆောင်ရမည့် နည်းလမ်းများကို ရှင်းလင်း ပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများ၏မေးမြန်းချက်များ ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ကျန်းမာရေးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ဒေါ့ဖုန်းယန်(ပြန်/ဆက်)

မြန်မာ့(တောင်ကြီး) လူနေမှုဘဝပြောင်းလဲမှုကို ကာတွန်းနှင့် ပန်းချီဖြင့် ပုံဖော်ပြသ

တောင်ကြီး စက်တင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စူဌာမုနိလောကချမ်းသာစေတီတော်ရင်ပြင်၌ စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲက မြန်မာ့(တောင်ကြီး) လူနေမှုဘဝပြောင်းလဲမှုကို ကာတွန်းနှင့် ပန်းချီဖြင့် ပုံဖော်ခြင်းပြပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါကာတွန်းနှင့် ပန်းချီဖြင့် ပုံဖော်ခြင်းပြပွဲတွင် ထိုင်ဝမ်နိုင်ငံမှ ကာတွန်း၊ ပန်းချီပညာရှင် မဟိယုကျင်၊ မအုန်းရင်လျှံတို့နှစ်ဦးနှင့် တောင်ကြီးမှ ကာတွန်းပန်းချီပညာရှင် ဝေယံ၊ ခွန်ထွန်းရွှေ ကလောင်သွေးတို့လေးဦးမှ စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်ထိ ကာတွန်းနှင့် ပန်းချီပုံများဖြင့် သရုပ်ပြဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှု၊ ပညာရေးကဏ္ဍပြောင်းလဲမှု၊ လယ်ယာမြေကဏ္ဍပြောင်းလဲမှုနှင့် စိုက်ပျိုးနည်းပညာများ၊ တိုင်းရင်းသားယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းမှုများနှင့် ကုန်စျေးနှုန်းမညီမျှမှုတို့ကို ကာတွန်း၊ ပန်းချီပညာရပ်များဖြင့် အသိပညာပေး ဖော်ပြရခြင်းဖြစ်ကြောင်း ကလောင်သွေးက ပြောသည်။

မောင်မောင်သန်း(တောင်ကြီး)

C.P ပြောင်းစိုက်တောင်သူများအား မျိုးစေ့နှင့် မြေဩဇာအကြောင်းရှင်းလင်း

မြင်းမြီ စက်တင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ရွှေပြည်စိုးသာသနာ့ဝိဟာရတွင် C.P ပြောင်းစိုက်ပျိုးသော တောင်သူများကို C.P Yangon Co,Ltd မှ လာရောက်တွေ့ဆုံရှင်းလင်းခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ C.P Yangon Co,Ltd မှ AGM ဦးဆန်းထွန်းမှ မိတ်ဆက်စာကားပြောကြားခဲ့ပြီး ပြောင်းမျိုးစေ့များဖြစ်သော C.P 888၊ C.P 301 ၊ C.P 808 မျိုးစေ့များ အရည်အသွေးကောင်းမွန်မှု၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမှုများနှင့် C.P မြေဝိဇာဓာတ်မြေဩဇာအကြောင်းများကို တင်ပြရှင်းလင်းခဲ့သည်။

ရှင်းလင်းပွဲအပြီးတွင် တက်ရောက်လာသည့်တောင်သူများအား ကံစမ်းမဲများဖောက်ပြီး C.P ပြောင်းစေ့များ၊ C.P ဓာတ်မြေဩဇာများကိုပေးအပ်ခဲ့ကြောင်းသိရသည်။

ဓော်မင်းနိုင် (မြင်းခြံ)

သဘာဝအလှအပများကို ဖော်ထုတ်ပြသနိုင်ရန် ကရင်ပြည်နယ် ဓါတ်ပုံအသင်းစတင်ဖွဲ့စည်း

ဘားအံ ဩဂုတ် ၁၃

ကရင်ပြည်နယ်အတွင်း ဓါတ်ပုံပညာတိုးတက်ပြန့်ပွားစေရန်၊ ဓါတ်ပုံပညာဖြင့် ကရင်ပြည်နယ်၏ သဘာဝအလှအပများ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ပွဲတော်များ၊ ကိုးကွယ်ယုံကြည်မှုနှင့် လူနေမှုဘဝများကို ဖော်ထုတ်ပြသနိုင်ရန်၊ ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ကရင်ပြည်နယ်ဓာတ်ပုံအသင်းကို စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ဓါတ်ပုံဆရာများစုစည်း၍ စတင်တည်ထောင်ဖွဲ့စည်းသည့် အစည်းအဝေးကို ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ဓါတ်ပုံအသင်းနာယက တောင်ကလေးကျောင်းတိုက်ဆရာတော် ဦးဝရဗုဒ္ဓိက အဖွင့်အမှာစကားပြောကြားပြီး ဓါတ်ပုံပညာရှင် ကိုကျော်ကျော်ဝင်းက ဓါတ်ပုံအသင်းဖွဲ့စည်းမှုအကြောင်း အကြံပြုပြောကြားကာ တက်ရောက်လာကြသော ဓါတ်ပုံဆရာများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသော ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ မြဝတီ၊ သံတောင်၊ မြိုင်ကလေး၊ ကျုံဒိုး၊ ကြာအင်းဆိပ်ကြီး စသည့် ဒေသများမှ ဓါတ်ပုံဆရာများက ယာယီ EC အဖွဲ့ကို ဆန္ဒပြုရွေးချယ်၍ ကရင်ပြည်နယ် အစိုးရအဖွဲ့ထံတွင် ဖွဲ့စည်းခွင့်ရရှိရန် တင်ပြသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရပါက ယာယီ EC အဖွဲ့ဖြင့် တည်ထောင်သွားမည်ဖြစ်ကာ ယာယီ EC အဖွဲ့ကို သက်တမ်းတစ်နှစ်ပြည့်ချိန်တွင် ညီလာခံကျင်းပ၍ ပြန်လည်ရွေးချယ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

ဓာတ်ပုံပြိုင်ပွဲများလည်း စီစဉ်ကျင်းပပေးမည်ဖြစ်သည့်အပြင် ပြည်တွင်းနှင့် နိုင်ငံတကာမှဓါတ်ပုံပညာရှင်များဖြင့် ဓါတ်ပုံစကားဝိုင်းများ၊ Workshop များ ပြုလုပ်ပေးနိုင်ရန်နှင့် နိုင်ငံတကာနှင့် ပြည်တွင်းဓါတ်ပုံ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် ကြိုးစားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်ဓါတ်ပုံအသင်းကို ယခုမှ စတင်ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံအတွင်း ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မကွေး၊ ရှမ်း၊ စစ်ကိုင်း၊ ကော့သောင်း၊ ကသာ၊ ပျဉ်းမနားတို့တွင် ဓါတ်ပုံအသင်းများ ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်ကာ ယခုအစည်းအဝေးသို့ ကရင်ပြည်နယ်အတွင်းမှ ဓါတ်ပုံဝါသနာရှင် ၅၀ ကျော် တက်ရောက်ခဲ့ကြပြီး ယာယီ နာယကအဖွဲ့ကို ဆရာတော်သုံးပါး၊ ဓာတ်ပုံပညာရှင်နှစ်ဦးဖြင့်လည်းကောင်း၊ ယာယီ EC အဖွဲ့ကို ဓါတ်ပုံဝါသနာရှင် ၁၅ ဦးဖြင့်လည်းကောင်း၊ အသင်းဝင်များအဖြစ် ဓါတ်ပုံဝါသနာရှင် ၃၀ ကျော်တို့ဖြင့် ကရင်ပြည်နယ်ဓာတ်ပုံအသင်းကို စတင်တည်ထောင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

တင်ဒါအောင်ကုမ္ပဏီများနှင့် မိတ်ဆက်ရှင်းလင်း

သထုံ စက်တင်ဘာ ၁၃

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် သထုံမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် မည့် တင်ဒါအောင်ကုမ္ပဏီများနှင့် မိတ်ဆက်ရှင်းလင်းပွဲကို စက်တင်ဘာ ၈ ရက်က သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ကျေးလက်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဦးစီးမှူး၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းဆောင်ရွက်မည့်ကုမ္ပဏီများမှ တာဝန်ခံများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

(ကြေးမုံ)

ပင်ထောင်ခရမ်းချဉ်ပင်များ စိုက်၍ မိသားစုဝင်ငွေရနေ

သာစည် စက်တင်ဘာ ၁၃

ညောင်ရမ်းကျေးရွာအုပ်စု ကွမ်းခြံမြောက်ပိုင်း နယ်မြေတွင် နေထိုင်ကြသည့် တောင်သူဦးကြီးများ မိမိတို့၏ အိမ်ခြံမြေအတွင်းရှိ မြေကွက်လပ်များတွင် ထွန်ယက်၍ တစ်ပိုင်တစ်နိုင် ပင်ထောင် ခရမ်းချဉ်သီးပင်များစိုက်ပျိုး၍ မိသားစုဝင်ငွေ ကောင်းမွန်နေကြကြောင်း သိရသည်။

"ကျွန်တော့်မှာ မိသားစုလေးဦးရှိပါတယ်။ သမီးတွေရဲ့ ကျောင်းစရိတ်အတွက် ကျွန်တော့်ရဲ့ ခြံမြေထဲမှာ ထွန်ယက်ပြီး ပင်ထောင် ခရမ်းချဉ်သီးပင် ၃၅၀ စိုက်ထားပါတယ်။ နယုန်လပြည့်ကျော် ၇ ရက်က စိုက်ခဲ့တာ တော်သလင်းလပြည့်ကျော် ၅ ရက်မှာ အသီးစတင် ဆွတ်ခူးရပါတယ်။ အပင်တစ်ပင်ကို အသီးခူးရင် လေးပိဿာထိရပါတယ်။ တစ်ပတ်ကို နှစ်ကြိမ်ဆွတ်ခူးကြရပါတယ်။ တစ်ကြိမ်ခူးရင် ပိဿာ ၅၀ ထိရပါတယ်။ တစ်ပိဿာကို ဒီနေ့ပေါက်ဈေး ကျပ် ၅၀၀ နှုန်းရပါတယ်။

"ရတဲ့အသီးတွေကို နေ့ချင်းပဲ ညောင်ရမ်းဈေးကိုသွားပြီး အဝယ်ဒိုင်ကိုအားလုံးသွင်းတယ်။ ငါးရက်တစ်ဈေးဆိုရင် ဝင်ငွေ ကျပ် ၂၀၀၀၀ ရပါတယ်။ ဒီပင်ထောင်ခရမ်းချဉ်သီးပင်ကြောင့် မိသားစုစားဝတ်နေရေး ပြေလည်နေပါတယ်"ဟု ကွမ်းခြံမြောက်ပိုင်းနယ်မြေတွင် နေထိုင်၍ ပင်ထောင်ခရမ်းချဉ်သီး စိုက်ပျိုးထားသူ ဦးဇော်ဝင်းက ပြောသည်။

ညောင်ရမ်းကျေးရွာ အုပ်စုအတွင်းရှိ ကွမ်းခြံတောင်ပိုင်းနှင့် မြောက်ပိုင်း နယ်မြေတို့တွင် နေထိုင်ကြသည့် တောင်သူအများစုမှာ ယခုအခါ မိသားစုသီးခြားဝင်ငွေရှိရေးအတွက် မိမိတို့၏ နေအိမ်ခြံဝိုင်းများထဲတွင် ပင်ထောင် ခရမ်းချဉ်သီးပင်များ စိုက်ပျိုးထားကြကြောင်းနှင့် ပင်ထောင်ခရမ်းချဉ်ပင်များ စိုက်ပျိုးရာတွင် လုပ်သားငှားရမ်းမှုမရှိကြဘဲ မိမိတို့၏ မိသားစုဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြကြောင်း သိရသည်။

မောင်ကိုဂ(သာစည်)

မြို့နယ်ဦးစီးမှူးများ လုပ်ငန်းခွင်စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း(၁/၂၀၁၆) ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာလ ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများ လုပ်ငန်းခွင်စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအမှတ်(၁၄) အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ မြို့နယ်ဦးစီးမှူး ၆၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခုနစ်ရက်ကြာမြင့်ကြောင်း သိရသည်။ **သူရအောင် (ပြည်)**

ရထားသံလမ်းကင်းစခန်းများလိုက်လံစစ်ဆေး

ပဲခူး စက်တင်ဘာ ၁၃

ရထားဖြင့်ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ခရီးလမ်းဖြောင့်ဖြူးစေရန် ရထားရဲတပ်ဖွဲ့ဝင်များမှမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရထားသံလမ်းတစ်လျှောက်တွင် လုံခြုံရေးရဲကင်းများထားရှိပြီး နယ်မြေအပိုင်းများ အလိုက် ရထားရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်မှုများပြုလုပ်လျက်ရှိနေပြီး စက်တင်ဘာ ၁၀ ရက်က ရထားရဲတပ်ဖွဲ့အမှတ်(၁၁)တပ်ခွဲ(ပဲခူး) ကွပ်ကဲမှုအောက်ရှိတပ်စု(၁)ညောင်လေးပင်တပ်စုမှူး ဒုရဲအုပ်ဝင်းသူအောင်နှင့်အဖွဲ့သည် တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက်ညောင်တပ်စုအပိုင်နယ်မြေအတွင်းလုံခြုံရေးတာဝန်ချထားသော ရထားလမ်းများရှိဘူတာနှင့် ရထားလမ်းတစ်လျှောက်ရှိ ကင်းစခန်းများသို့ လိုက်လံစစ်ဆေးခြင်းများနှင့်လုံခြုံရေးဆောင်ရွက်ရမည့် တာဝန်ပိုင်းများကို ပြောကြားခဲ့သည်။ **(ဝ၂၇)**

ကလေးသူငယ်လူကုန်ကူးမှုတားဆီးရေးနှင့် ရှေ့ပြောင်းနေသော ကလေးများဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်

တွံတေး စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ (မြန်မာ) တို့ပူးပေါင်း၍ ကလေးလူကုန်ကူးမှုတားဆီးရေးနှင့် ရှေ့ပြောင်းနေသောကလေးများဆိုင်ရာ အသိပညာပေးသင်တန်းကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ဓမ္မာလက်ံာရ မိဘမဲ့ကလေး စောင့်ရှောက်ရေးကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါအသိပညာပေးသင်တန်းသို့လူမှုအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသားများတက်ရောက်ကြသည်။

ယင်းနောက် ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ (မြန်မာ) မှ ဆရာဦးကျော်သန်းထွန်းနှင့် ဆရာမများက တက်ရောက်လာသော သင်တန်းသား၊ သင်တန်းသူများအား အစုအဖွဲ့ခွဲ၍ကလေးသူငယ်လူကုန်ကူးခံရခြင်းနည်းလမ်းများ၊ ကြိုတင်ကာကွယ်ခြင်းများကို လက်တွေ့ရေးသားခြင်းများ၊ စာတွေ့၊ လက်တွေ့ သရုပ်ဖော်မှုများဖြင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထိုသင်တန်းကိုစက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်တိုင်တိုင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

မျိုးလှိုင် (တွံတေး)

ငါးရှဉ့်ဈေးကျသော်လည်း တရုတ်ပြည်သို့ ပုံမှန်တင်ပို့ရောင်းချနေ

မန္တလေး စက်တင်ဘာ ၁၃

လက်ရှိကာလတွင် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ်ငါးထောင်သာရှိသည်။ ဖမ်းမိသော ငါးရှဉ့်များကို ငါးရှဉ့်ပွဲရုံတွင်သွင်းပြီး ပွဲရုံများမှာ ပလိပ်ရှိ ငါးရှဉ့်ပွဲရုံများကို ကားများဖြင့် တင်ပို့ကြသည်။ ပလိပ်မှတစ်ဆင့် တရုတ်ပြည်သို့ နေ့စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသများတွင် ငါးရှဉ့်ထောင်သည့်လုပ်ငန်းဖြင့် အသက်မွေးသူများစွာရှိသည်။ ငါးရှဉ့်ဖမ်းသမားများသည် ကိုယ်တိုင်ငါးရှဉ့်ထောင်သည့်ပုံး ဒေသအခေါ်အဝေါ် ငါးရှဉ့်ပုံးများစွာကို ကိုယ်တိုင်ရက်လုပ်ကြပြီး တစ်ဦးလျှင်ငါးရှဉ့်ပုံး ၁၀၀ ကျော် အထိကိုင်သည်။ အများအားဖြင့်နေ့လယ်ပိုင်းတွင် ငါးရှဉ့်ပုံးများတွင်းသို့ အစာသွင်းပြင်ဆင်ကြသည်။

ငါးရှဉ့်ထောင်ရာတွင် ငါးရှဉ့်ပုံးအတွင်း ပုဇွန်ပုပ်နှင့်အတူ တီနံ့ပါသောအစာတို့ကို ထည့်သွင်းကြရသည်။ ငါးရှဉ့်များစွာမိစေရန်နှင့် ငါးရှဉ့်ပုံးတွင်းဝင်ရန် ပထမဦးစွာ လယ်ပုဇွန်ကို ထည့်ပေးရသည်။ ပုဇွန်ထည့်ပြီးသည်နှင့်တီကို တောက်တောက်စဉ်းကာ ပဲမှုန့်ဖြင့် ကော်သဖွယ်ပြုလုပ်ပြီး ငါးရှဉ့်ပုံးအပိတ်ကို တီကော်သုတ်ကာပိတ်ပေးကြသည်။ ပုဇွန်အနံ့တီအနံ့ရသည်နှင့် ငါးရှဉ့်များပုံးအတွင်းဝင်လာကာပြန်ထွက်မရအောင် စီမံထားကြသည်။

ညနေပိုင်းတွင် ငါးရှဉ့်ပုံးများကို လယ်ကြား၊ မြောင်းကြား ရေရှိသည့်ချိုင့်နေရာများကို ဆိုင်ကယ်ဖြင့် ပတ်သွားကာ ငါးရှဉ့်ပုံးထောင်ကြသည်။ နံနက်ခင်းပိုင်းတွင် လိုက်လံသိမ်းယူလေ့ရှိသည်။ ငါးရှဉ့်တစ်ပုံးတွင် တစ်ကောင် နှစ်ကောင်မှသည် ၂၅ ကျပ်သား၊ ငါးဆယ်ကျပ်သားအထိ မိသည်လည်းရှိသည်။

ငါးရှဉ့်ဖမ်းသူများက ဖမ်းယူရရှိသောငါးရှဉ့်များကို ငါးရှဉ့်ဒိုင်သို့ ရောင်းချကြသည်။ ဒိုင်မှတစ်ဆင့် ငါးရှဉ့်များကို သေတ္တာပုံးများဖြင့် တရုတ်ပြည်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရသည်။ လက်ရှိကာလတွင် မန္တလေးတိုင်းဒေသကြီး ပလိပ်ရှိ ငါးရှဉ့်ပွဲရုံများသို့ မြန်မာနိုင်ငံဒေသ အသီးသီးမှ လာရောက်ပို့ဆောင်ကြသည်။ ပို့ဆောင်လာသည့် ငါးရှဉ့်များကို တရုတ်ပြည်သို့ ပို့နိုင်ရန် စနစ်တကျချိန်ရိုးတွယ်ကာ အကျိုးအခွဲမရှိစေရန် ပြုလုပ်ရသည်။

တိမ်တမန်

လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းမောင်းနှင်မှုသင်တန်း(၂/၂၀၁၆)ဆင်း

မုံရွာ စက်တင်ဘာ ၁၃

တောင်သူလယ်သမားများနှင့် လယ်ယာသုံးစက်ကိရိယာများပြုပြင်ထိန်းသိမ်းရန် လုပ်ကိုင်လိုသူများကို အထောက်အကူဖြစ်စေရန်ဖွင့်လှစ်ခဲ့သော လယ်ယာသုံး စက်ကိရိယာပြုပြင်ထိန်းသိမ်းမောင်းနှင်မှု သင်တန်းအမှတ်စဉ် (၂/၂၀၁၆)ဆင်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၆)အလတ်စားစက်ပြင် အလုပ်ရုံတွင် စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် လယ်ယာသုံး စက်ကိရိယာများကို တောင်သူများအနေဖြင့် မိမိတို့ကိုင်တွယ်ရသော စက်များကို ပြုပြင်ထိန်းသိမ်းမောင်းနှင်နိုင်စေရန်၊ စက်များ၏ စွမ်းအားကို သိရှိပြီး သက်တမ်းပြည့်သုံးစွဲ နိုင်စေရန်အတွက် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှကြီးမှူးပြီး တစ်လကြာ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

"ကျေးလက်ဒေသနေတောင်သူတွေအနေနဲ့ လယ်ယာလုပ်ငန်းခွင်တွေမှာ အသုံးပြုနေတဲ့ လယ်ယာသုံးစက်ကိရိယာတွေကို သက်တမ်းပြည့်သုံးစွဲနိုင်ဖို့၊ စက်တွေရဲ့စွမ်းအားကိုသိရှိပြီး လိုသလိုကိုင်တွယ် ထိန်းသိမ်းတတ်စေဖို့အတွက် သင်တန်းတွေဖွင့်လှစ်ပေးခဲ့တာပါ။ အခုသင်တန်းကရရှိတဲ့အသိပညာတွေနဲ့ လယ်ယာသုံး စက်ကိရိယာတွေကို စနစ်တကျကိုင်တွယ်မောင်းနှင်နိုင်မယ်လို့မျှော်လင့်ပါတယ်" ဟု တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါသင်တန်းတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အဓိက အသုံးပြုလျက်ရှိသော ၅၀ ပါဝါ ထွန်စက်၊ ဆိုနာလီကာ ၉၀ ပါဝါနဲ့ ၇၀ ပါဝါထွန်စက်ကြီးတွေ၊ DKC-စ၆၅ ရိတ်သိမ်းခြွေလှေစက်၊ ကွန်ဘိုင်းဟာဘက် စတာရိတ်သိမ်းခြွေလှေစက်၊ ဇွဲ(၅၀) Super ထွန်စက်၊ ရှန်ဟိုင်းထွန်စက် (SH-၆၄၅)၊ တစ်လုံးထိုး အင်ဂျင်များကို ပြုပြင်ထိန်းသိမ်းနည်းများကို စာတွေ့၊ လက်တွေ့တစ်လကြာသင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မုံရွာမြို့၊ မင်းကင်းမြို့၊ ဘုတလင်မြို့၊ အရာတော်မြို့၊ တန့်ဆည်မြို့၊ ကနီမြို့၊ ယင်းမာပင်မြို့၊ ရွှေကူမြို့နယ်ရှိ ကျေးလက်ဒေသမှတောင်သူများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသူ စုစုပေါင်း သင်တန်းသား ၃၅ ဦးအား သြဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ သင်ကြားပေးခဲ့သည်။ **မင်းဓေ(မုံရွာ)**

အိုဇုန်းလွှာနှင့် ရာသီဥတုကောင်းမွန်ရေး ကမ္ဘာတစ်ဝန်းလက်တွဲညီညီ ဆောင်ရွက်ပေး

မင်းမင်း(ထားဝယ်)

ယနေ့ ကမ္ဘာ့နိုင်ငံ အသီးသီးသည် ခေတ်မီ နည်းပညာရပ်ဝန်းနှင့်အတူ ကဏ္ဍပေါင်းစုံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ကမ္ဘာကြီး၏ အမိုးကြီးတစ်ခုပမာ တံတိုင်းကြီးတစ်ခုအသွင် ဆောင်ပေးနိုင်သည့် အိုဇုန်းလွှာပါးလွှာမှုကြောင့် ကျန်းမာရေး ဆိုးကျိုးများ၊ အိုဇုန်းဓာတ်ငွေ့ များပြားလာမှုနှင့်အတူ ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကို ကမ္ဘာ့တစ်ဝန်းလုံးရှိ လူသားများမှ စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ရင်ဆိုင်ကြုံတွေ့ နေရပါသည်။ သို့ပါ၍ အဆိုပါ ဘေးဒုက္ခအပေါင်းကို အချိန်မီ ကုစားသွားရန် ကမ္ဘာ့နိုင်ငံအသီးသီးမှ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

အိုဇုန်းလွှာသည် ကမ္ဘာ့လေထုအတွင်းရှိ အိုဇုန်းဓာတ်ငွေ့ (O3)စုစည်းမှု အများအပြား ပါဝင်သော အလွှာတစ်လွှာဖြစ်ကာ ကမ္ဘာ့မြေပြင်ပေါ်ကိုနေမှ ကျရောက်သည့် ဘေးအန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်၏ ၉၇ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိ စုပ်ယူပေးနိုင်သည့် သဘာဝ အကာအရံတစ်ခု ဖြစ်ပါသည်။ ခရမ်းလွန်ရောင်ခြည်ဆိုသည်မှာ နေရောင်မှ လာသည့် စွမ်းအားမြင့်သည့် စွမ်းအင်ဖြာထွက်မှု တစ်ခုပင်ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်၏ ပြင်းအားကို ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းဖြင့် ဖော်ပြပြီး စကေးတန်ဖိုး သုည မှ ၁၁+ အထိ ၁၂ ဆင့် ခွဲခြားထားကြောင်း သိရှိရပါသည်။

သက်ရှိများအပေါ် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း မြင့်မားစွာ ထိတွေ့ ခံစားရပါက ကျန်းမာရေးဆိုးကျိုးများအဖြစ် အရေပြားကင်ဆာ၊ မျက်စိရောဂါများ၊ မျိုးရိုးဗီဇ ပျက်စီးခြင်းစသည့် ဆိုးကျိုးများကို ခံစားရမည်သာမက စိုက်ပျိုးရေးကဏ္ဍအတွက် များစွာထိခိုက်စေမည်ဖြစ်သည်။ အိုဇုန်းလွှာသည် ကမ္ဘာ့လေထု အလွှာလေးလွှာမှ စထရာတိုစဖီးယား အလွှာတွင် တည်ရှိကာ ကမ္ဘာ့မြေမျက်နှာပြင်မှ ၁၂ မိုင် မှ ၁၉ မိုင် (၂၀ ကီလိုမီတာမှ ၃၀ ကီလိုမီတာ)ခန့် အကွာတွင်ရှိပြီး အထူမှာ ရာသီဥတုနှင့် ပထဝီမြေပြင် အနေအထားတို့အပေါ် မူတည်ပြီး ပြောင်းလဲမှုရှိပါသည်။

အိုဇုန်းလွှာကို ၁၉၁၃ ခုနှစ်တွင် ပြစ်သစ်ရူပဗေဒပညာရှင် ချားလ်စ်ဖာဘရီနှင့် အွန်နရီဘွီဆန်တို့မှ ရှာဖွေတွေ့ရှိခဲ့ပြီး ယင်း၏ ဂုဏ်သတ္တိများကို ဗြိတိသျှ လေထု ပညာရှင် ဂျီအမ် ဘီဒေါ့ဘ်ဆန်က အသေး စိတ်လေ့လာခဲ့ပါသည်။ ကမ္ဘာ့လေထု၏ စထရာတို စဖီးယား အလွှာအတွင်းရှိ အိုဇုန်းဓာတ်ငွေ့ကြောင့် နေရောင်ခြည်တွင် ပါဝင်သော လူသားများနှင့် သက်ရှိများ အားလုံးအတွက် အန္တရာယ်ပေးနိုင်သည့် ခရမ်းလွန်ရောင်ခြည်များကို ဒိုင်းကြီးတစ်ခုသဖွယ် တားဆီး စုပ်ယူပေးနိုင်ပြီး တစ်ဖက်တွင် လေထုအောက်ပိုင်း ထရိုပိုစဖီးယားအလွှာတွင် လူသားများ၏ လုပ်ဆောင်ချက်များ၊ စက်မှုလုပ်ငန်းများ၊ ပို့ဆောင်ရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ဟိုက်ဒရိ ကာဗွန်များနှင့် နိုက်ထရိုဂျင် အောက်ဆိုဒ်များ ဓာတ်ပြုခြင်းမှ ထွက်ပေါ်လာသည့် အိုဇုန်းဓာတ်ငွေ့များသည် မှန်လုံအိမ်ဓာတ်ငွေ့ကို ပိုမိုပေးစွမ်းနိုင်ပြီး ကမ္ဘာကြီးပိုမိုပူနွေးလာစေမည် ဖြစ်သည်။ သို့ပါ၍ အိုဇုန်း ဓာတ်ငွေ့သည် ကောင်းကျိုးနှင့် ဆိုးကျိုး တစ်ပြိုင်တည်း ပေးနိုင်သည့် ဒြပ်ပေါင်း တစ်မျိုးဟု ဆိုရမည် ဖြစ်သည်။



၁၉၇၀ ပြည့်နှစ် ဝန်းကျင်တွင် သိပ္ပံပညာရှင်များသည် အိုဇုန်းလွှာကို အန္တရာယ် ပြုနေသည့် ဓာတ်ငွေ့ တစ်ခုဖြစ်သည့် ကလိုရိုဖလိုရိုကာဗွန် (CFCs) ကို တွေ့ရှိခဲ့ပါသည်။ CFCs သည် ယနေ့ ကမ္ဘာတွင် အသုံးပြုလာကြသည့် ဇီဝခံပစ္စည်းများဖြစ်သည့် လေအေးပေးစက်များ၊ ရေခဲသေတ္တာများ ၊ ရေမွှေးဘူး၊ ခြင်ဆေးဘူး၊ စပရေးဘူးများ၊ တီဗွီ၊ ကွန်ပျူတာများမှ ထွက်ရှိနေပြီး အဆိုပါ ဓာတ်ငွေ့များကြောင့် အိုဇုံးလွှာသည် တဖြည်းဖြည်းပါးလွှာခဲ့ရာ ၁၉၈၀ ခုနှစ် ဝန်းကျင်တွင် အန္တာတိက တိုက်နှင့် အာတိတ် စက်ဝိုင်းပေါ်ရှိ အိုဇုန်းလွှာ အပေါက်ကြီးတို့ကို စိုးရိမ်ဖွယ် တွေ့ရှိခဲ့ရပါသည်။

အဆိုပါ အပေါက်ကြီးများကြောင့် အလွန်ပူပြင်းသည့် နေရောင်ခြည်များ တိုက်ရိုက်ထိတွေ့ကာ ဧရာမ ရေခဲပြင်များ အရည်ပျော်စီးဆင်းပြီး ကမ္ဘာ့ရေထု မြင့်တက်လာကာ ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများနှင့်အတူ ရေကြီးခြင်း၊ မုန်တိုင်းများ တိုက်ခိုက်ခြင်းစသည့် သဘာဝဘေးဒဏ်များကို ကမ္ဘာ့တစ်ဝှမ်းကြုံတွေ့ ခဲ့ရပါသည်။ CFCs ဒြပ်ပေါင်းများသည် လေထုအထက်ပိုင်း စထရာတိုစဖီးယားအတွင်း ရောက်ရှိပြီး ခရမ်းလွန်ရောင်ခြည်များဒဏ်ကြောင့် ပြိုကွဲသွားပြီး ကလိုရင်းအက်တမ်များ ဖြစ်ပေါ်လာပါသည်။ အဆိုပါ ကလိုရင်း အက်တမ်များသည် အိုဇုန်းမော်လီကျူးများနှင့် ချိတ်ဆက်ဓာတ်ပြုပြီး ကလိုရင်းအက်တမ် တစ်ခုသည် အိုဇုန်းမော်လီကျူးပေါင်းတစ်သိန်းခန့်ကို အသာအယာပင် ဖျက်ဆီးနိုင်စွမ်းရှိကြောင်း သိရှိရပါသည်။

သို့ပါ၍ CFCs ဓာတ်ငွေ့များသည် အိုဇုန်းလွှာ၏ သေမင်းတမန် ဟု ဆိုရမည် ဖြစ်သည်။ ထို့အပြင် စက်ရုံအလုပ်ရုံတို့မှ ထွက်ရှိလာသည့် မီးခိုးခေါ် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုသည့် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများတွင် ပါဝင်သည့် နိုက်ထရိုဂျင်ဒြပ်ပေါင်းများသည် အိုဇုန်းလွှာကို အန္တရာယ်ပေးသည့် ဓာတ်ငွေ့များဖြစ်ပါသည်။

အိုဇုန်းလွှာသည် ကမ္ဘာသူ၊ ကမ္ဘာသားများအတွက် အသက်သခင် ကျေးဇူးရှင်ဖြစ်သည်နှင့်အညီ ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကမ္ဘာလုံးဆိုင်ရာ အိုဇုန်းလွှာ ပျက်စီးခြင်း ပြဿနာကို တားဆီးကာကွယ်ရန် အတည်ပြုခဲ့သော မွန်ထရီရယ် သဘောတူညီချက်မှ တစ်ဆင့် ကမ္ဘာသူ၊ ကမ္ဘာသားများအား အိုဇုန်းလွှာ ထိန်းသိမ်းကာကွယ်ရေး နှင့် ပတ်သက်၍ အသိပညာပဟုသုတများ မျှဝေပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ၁၉၉၅ ခုနှစ်မှစပြီး နှစ်စဉ် ကျင်းပလာခဲ့ပါသည်။

ယခုနှစ် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်အဖြစ် "Ozone and Climate, Restored by A World United" "အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ရေး ကမ္ဘာ့တစ်ဝန်း လက်တွဲညီညီ ဆောင်ရွက်ပေး" ဟူ၍ သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ ဆိုလိုသည်မှာ ဗီယက်နာကွန်ဗင်းရှင်းနှင့် မွန်ထရီရယ် သဘောတူညီချက်တို့နှင့် အညီ အတိတ်ကာလ ဆယ်စုနှစ် သုံးစုတာကာလ၏ အိုဇုန်းလွှာ၏ အနေအထားသို့ ရောက်ရှိရန်နှင့် ရာသီပြောင်းလဲမှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်များနှင့်အညီ ကမ္ဘာကြီးပူနွေးလာမှုတို့ကို အချိန်မီ ကုစားနိုင်ရန် ကမ္ဘာတစ်ဝန်းရှိ လူသားတိုင်းမှ လက်တွဲညီညီ ဆောင်ရွက်နိုင်ရန် မီးမောင်းထိုးပြထားခြင်းပင်ဖြစ်သည်။

၁၉၈၇ ခုနှစ်တွင် မွန်ထရီရယ်စာချုပ်ကို အမေရိကန် အပါအဝင် နိုင်ငံ (၃၆)နိုင်ငံမှ လက်မှတ်ရေးထိုးခဲ့ပြီး CFCs ထုတ်လုပ်မှုကို လျှော့ချရန် သဘောတူညီခဲ့ပါသည်။ မွန်ထရီရယ် သဘောတူညီချက်၏ ရလဒ်အဖြစ် ၁၉၉၀ ခုနှစ် နောက်ပိုင်းတွင် CFCs ထုတ်လွှတ်မှုကို လျှော့ချနိုင်ခဲ့ပါသည်။ ထို့အပြင် CFCs အစားအိုဇုန်းလွှာကို အန္တရာယ်မဖြစ်စေသည့် (Hydro Chloroflurocarbon-HFCs) ဖြင့် အစားထိုး အသုံးပြုရန် သဘောတူခဲ့ပါသည်။ သို့သော်လည်း HFCs အနေဖြင့် ဖန်လုံအိမ် အာနိသင်ကို ပိုမိုတွန်းအားပေးသည်ကို တွေ့ရှိရသဖြင့် HFCs လျှော့ချရေးကိုလည်း တစ်ဖန် ဆောင်ရွက်ခဲ့ပါသည်။

သိပ္ပံပညာရှင်များ၏ ခန့်မှန်းချက်အရ ၂၀၁၅ ခုနှစ်တွင် ချမှတ်ထားသည့် HFCs ဆိုင်ရာ ဒုဘိုင်းလုပ်ငန်းစဉ်နှင့် ၂၀၁၆ ခုနှစ် မွန်ထရီရယ် သဘောတူညီချက် ပြင်ဆင်ချက်များအရ HFCs ဓာတ်ငွေ့များ ထုတ်လုပ်မှုကို လျှော့ချနိုင်ပါက ရာစုနှစ်နှောင်းပိုင်းတွင် ကမ္ဘာကြီးပူနွေးမှုဒဏ်ကို သုညဒသမ ၅ ဒီဂရီစင်တီဂရိတ် ရောင်ရှားနိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် အိုဇုန်းလွှာကို ပိုမိုကာကွယ်ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတကာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အိပ်ချ်စီအက်ဖ်စီ သုံးစွဲမှုကို ၂၀၃၀ ပြည့်နှစ်တွင် လုံးဝရပ်ဆိုင်းနိုင်ရန် အဆင့်အလိုက် လျှော့ချဆောင်ရွက်ရာ၌ ၂၀၁၅ ခုနှစ် တွင် ၁၀ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၃၅ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၆၇ ဒသမ ၅ ရာခိုင်နှုန်း အသီးသီး လျှော့ချသွားရမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲ စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အိပ်ချ်စီအက်ဖ်စီ သုံးစွဲမှုလျှော့ချရပ်ဆိုင်းရာတွင် အဆင်ပြေ ချောမွေ့စေရန် အိပ်ချ်စီအက်ဖ်စီ သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေးလုပ်ငန်း စီမံကိန်း (HCFCs Phase-out Management Plan- HPMP) တစ်ရပ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာ ကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP)၏ ပံ့ပိုးမှုဖြင့် အမျိုးသားအိုဇုန်းယူနစ် (National Ozone Unit) ကို တည်ထောင်ထားရှိခြင်း၊ မြန်မာနိုင်ငံသည် အိုဇုန်းလွှာ ပျက်စီးစေသည့် စီအက်ဖ်စီ ထုတ်လုပ်မှုကို ၂၀၀၇ ခုနှစ်ကစပြီး တင်သွင်းမှု ရပ်ဆိုင်းခဲ့ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် အိပ်ချ်စီအက်ဖ်စီသုံးစွဲမှုလျှော့ချရေးအတွက် HPMP စီမံကိန်းကို ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်နှင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့တို့၏ ပံ့ပိုးမှု၊ သက်ဆိုင်ရာဌာနများနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ၂၀၁၂ ခုနှစ်ကစပြီး ရေးဆွဲဆောင်ရွက်နေပြီ ဖြစ်ရာ အိုဇုန်းလွှာထိန်သိမ်းနိုင်ရေး၊ ရာသီဥတုကောင်းမွန်ရေးတို့အတွက် ရလဒ်များပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ထို့အပြင် ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကမ္ဘာကို ကာကွယ်ပေးနေသည့် အိုဇုန်းလွှာသည် နှစ်ပေါင်းများစွာ ပါးလွှာသွားခဲ့ပြီးနောက် ပြန်လည် ထူထဲလာပြီး ပြန်လည်ကောင်းမွန်လာသော လက္ခဏာများ တွေ့မြင်နေရကြောင်း သတင်းတစ်ပုဒ်တွင် ဖတ်ရှုရပါသည်။ နောက်ထပ် သတင်းကောင်းတစ်ခုအနေဖြင့် အန္တတိကအပေါ်တွင် နှစ်စဉ်ပေါ်လာလေ့ရှိသည့် အိုဇုန်းလွှာ၏ အပေါက်သည်လည်း ယခင်ကလို ထပ်ကြီးလာခြင်းမရှိသည်ကို သိရှိရပါသည်။ အဓိကမှာ အိုဇုန်းလွှာကို ပျက်စီးစေသော ကလိုရို ဖလူရို ကာဗွန်ဓာတ်ငွေ့များ တဖြည်းဖြည်း လျှော့ချရေးလုပ်ငန်းစဉ်များကြောင့် အိုဇုန်းလွှာ ပြန်လည် ကျန်းမာလာကြောင်း သိပ္ပံပညာရှင်များမှ ထင်မြင်ချက် ပေးထားပါသည်။

နောက်ဆုံးရရှိသည့် သတင်းများအရ အိုဇုန်းလွှာသည် ၂၀၀၀ ခုနှစ်ထက် ၂၀၁၆ စက်တင်ဘာလတွင် ၄ မီလီယံ Square Kilometer ကျော်ဝင်ခဲ့ပြီး ၂၀၅၀ ပြည့်နှစ်တွင် အိုဇုန်းလွှာအပေါ် လုံးဝ ပြန်လည် ကျန်းမာအောင် ကုစားနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ ခန့်မှန်းချက်သည် အနာဂတ် ကမ္ဘာကြီးအတွက် အားရကျေနပ်စရာပင် ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် "Earth Without Ozone is Like A House Without Roof" ဟူသည့်အတိုင်း အိုဇုန်းလွှာမရှိသည့် ကမ္ဘာသည် ခေါင်မိုးမရှိသည့် အိမ်နှင့် အလားသဏ္ဌာန်တူသည့် မြင်ကွင်းကို မိမိတို့ မျက်စိထဲတွင် မြင်ယောင်ခံစားပြီး အိုဇုန်းလွှာကျန်းမာရေး ကောင်းမွန်ရေး၊ ရာသီဥတု ညီညွတ်မျှတစေရေးတို့ကို ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးမှ "အေးအတူ ပူအမျှ" ဖြင့် လက်တွဲညီညီ အလေးထားပြီး ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်၊ သိပ္ပံနှင့် နည်းပညာစသည့် ရှုထောင့်အသီးသီးမှ ခေတ်နှင့် အညီ ဆန်းသစ် တီထွင် ဖန်တီးနိုင်သည့် အတွေးအမြင်များဖြင့် မျှော်တွေးပြီး ပူးပေါင်းဆောင်ရွက် ပေးကြပါစို့ဟု တိုက်တွန်းရင်း ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ကို ဂုဏ်ပြုအပ်ပါသည်။

ပြည်သူ့ဗဟိုပြုသောရဲလုပ်ငန်းများ ဟောပြောပွဲ မုံရွာတောင်ရပ်ကွက်တွင် ကျင်းပရာ အများပြည်သူစိတ်ဝင်စားမှုပိုလာ

မုံရွာ စက်တင်ဘာ ၁၃

မုံရွာမြို့ မုံရွာတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၁၁ ရက်က မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲကိုကျင်းပရာ ယခင်ကထက် အများပြည်သူစိတ်ဝင်စားမှုပိုမိုခဲ့ကြောင်း မုံရွာတောင်ရပ်ကွက်နေသူများထံမှ သိရသည်။

"မှုခင်းအသိပညာပေး ဟောပြောတာတွေ ဟိုအရင်ကလည်း ရှိခဲ့ပါတယ်။ ဒါပေမယ့် ဟောပြောပွဲသွားရမှာ တွန့်ဆုတ်ခဲ့ကြတာအားလုံးအသိပါ။ ဒါပေမယ့် အခုနောက်ပိုင်း ရဲလုပ်ငန်းစနစ်တွေ ပြောင်းလိုက်တဲ့နောက်မှာ ပြည်သူတွေ စိတ်ဝင်စားတာ ပြောင်းလဲလာနေပါပြီ။ ရဲတပ်ဖွဲ့အပေါ် ပြည်သူတွေရဲ့ အမြင်မှာ မပတ်သက်လိုတာဟာ အနည်းငယ်သော ရဲတပ်ဖွဲ့ဝင်တွေရဲ့ ပုံရိပ်ဆိုးကြောင့် ရှိရှာမုန်းတီးနေပြီး အကြောက်တရားရှိနေသေးတာပဲ ဖြစ်ပါတယ်။ အဲဒါတွေရဲ့ အဓိကအချက်က မှုခင်းအသိပညာ၊ ဥပဒေအသိပညာ နည်းပါးတဲ့အတွက်ကြောင့် ဖြစ်တယ်လို့မြင်ပါတယ်" ဟု မုံရွာတောင်ရပ်ကွက်နေသူတစ်ဦးက သုံးသပ်ပြောသည်။

ဒုတိယရက် ၁၀၀ မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၁ ရက်က မုံရွာတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ကျင်းပရာ မုံရွာမြို့မရဲစခန်းမှူး ဒုတိယရဲမှူးသိန်းဆွေမြင့်က မှုခင်းကျဆင်းရေးနှင့် ပြည်သူ့ဗဟိုပြုသောရဲလုပ်ငန်းစနစ် ပြည်သူ့ပူးပေါင်းပါဝင်သော ဥပဒေ အသိပညာများကို ဟောပြောခဲ့ပြီး အမှတ် ၁၁၁ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးအေးကျော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အများပြည် သူသိရှိလိုက်နာစေရန် ယာဉ်ဥပဒေများကို ရှင်းလင်းဟောပြောခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည်များ၊ မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဒီမိုကရေစီ နိုင်ငံတော်သစ်သို့ ပြောင်းလဲနေချိန်တွင် နိုင်ငံရေးစနစ်အပြောင်းအလဲ၊ အုပ်ချုပ်မှုစနစ်အပြောင်းအလဲတို့၏ နောက်တွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရန် ပြည်သူ့ဗဟိုပြုသော ရဲလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မျိုးဝင်းထွန်း (မုံရွာ)

မင်္ဂလာတောင်ညွှန့်မြို့နယ် သီလရှင်လေးများ ဘိုးဘွားရိပ်သာသို့ တစ်နေ့တာ အာဟာရဒါနနှင့် ငွေပဒေသာပင်များလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ် ကန်တော်လေးမြောက်ရပ်ကွက်ရှိ သီလရှင်လေးများ ဘိုးဘွားရိပ်သာသို့ စက်တင်ဘာ ၁၁ ရက် နံနက်က သယ်နိုးကျွန်းမြို့နယ် ပြည်သာယာလမ်းသွယ် ၂ အမှတ် S ၁၄၁ ငွေတိုက်စိုးခြံနေ ဦးညွှန့်မြင့်+ဒေါ်ဝင်းမြင့် မိသားစုတို့က တစ်နေ့တာ အာဟာရနှင့် ငွေပဒေသာပင် ငွေကျပ်သိန်း ၅၀ အား သဒ္ဓါကြည်ဖြူ လာရောက်လှူဒါန်းကြရာ သီလရှင်လေးများ ဘိုးဘွားရိပ်သာဂေဟာမှူး စစ္စတာမေရီဂျိုးစဖင်းနှင့် တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

"ကျွန်တော်တို့မိသားစုက ဒီတစ်နေ့လုံး အဘိုး၊ အဘွားတွေအတွက် အာဟာရဒါနပြုလှူဒါန်းပြီး ဘိုးဘွားတွေလိုအပ်တဲ့နေရာမှာ အသုံးပြုဖို့ ငွေကျပ်သိန်း၅၀ ပဒေသာပင် လှူဒါန်းပေးခဲ့ပါတယ်။ ဒီဂေဟာကြီးမှာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ အဘိုး၊ အဘွားတွေ စိတ်ချမ်းမြေ့စွာ နေထိုင်ကြတာကို တွေ့ရတဲ့အတွက် ဂေဟာမှူးကြီးနဲ့တကွ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု အလှူရှင်မိသားစုက ပြောသည်။

အဆိုပါသီလရှင်လေးများ ဘိုးဘွားရိပ်သာတွင် ဂေဟာမှူးနှင့် သီလရှင်ဆရာလေး ၁၈ ပါး၊ ဝန်ထမ်း ၃၀ ဖြင့် အဘိုး၊ အဘွား ၁၃၀ ကို လူမျိုး၊ ဘာသာမခွဲခြားဘဲ စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။ လှူဒါန်းလိုသူများအနေဖြင့် ဖုန်း ၀၁၂၄၃၃၉၈၃၊ ၀၁၂၄၃၃၉၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၉၇)

နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

တောင်တွင်းကြီး စက်တင်ဘာ ၁၃

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို စက်တင်ဘာ ၁၂ ရက်က မြို့မအလယ်တန်းကျောင်းခွဲ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်တင့်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ချိုမီအောင်တို့က မူးယစ်ဆေးဝါးနှင့် ပြည်သူ့အန္တရာယ်၊ လူမှောင်ခိုလူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောကာ မြို့နယ်ပြန်/ဆက် ဦးစီးမှူးက စာပေရေချမ်းစင်စာအုပ်များကို ကျောင်းစာကြည့်တိုက်အတွက် လျှဒါန်းခဲ့ပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၄၀၀ ကျော်တို့က ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြသည်။

၅၈၀

Sugar @ Spice ဇာတ်ကားဖြင့် အရှေ့တောင်အာရှ အကောင်းဆုံး မှတ်တမ်းရုပ်ရှင်ဆုရရှိ

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်မြို့ ဝဇီရာရုပ်ရှင်ရုံ၌ စက်တင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ပြုလုပ်ခဲ့သော ဝဿန်ရုပ်ရှင်ပွဲတော်၏ဆုပေးပွဲကို စက်တင်ဘာ ၁၁ ရက် ညနေ ၅ နာရီက ကျင်းပခဲ့ရာ အရှေ့တောင်အာရှ အကောင်းဆုံး မှတ်တမ်းရုပ်ရှင်ဆုကို Sugar & Spice ဇာတ်ကားဖြင့် ဒါရိုက်တာ မီမီလွင်က ရရှိခဲ့သည်။

"ဒီကားက အလွန်လူသားဆန်ပါတယ်။ ဆန့်ကျင်ဘက်ဖြစ်နေတဲ့ အကြောင်းအရာ နှစ်မျိုးစလုံးကို ဒွန်တွဲပြီး ပြသွားနိုင်တယ်။ နေ့စဉ် ရုန်းကန်လှုပ်ရှား၊ နေ့စဉ် အသက်အန္တရာယ်နဲ့ကြုံတွေ့၊ ပညာရေး၊ ဗဟုသုတနဲ့ ပိုက်ဆံရှာခြင်း စတာတွေကို ပြသနိုင်တဲ့ကားတစ်ကား ဖြစ်ပါတယ်။ ပြောင်းလဲနေတဲ့ အချိန်ကာလတစ်ခုကိုလည်း ပုံဖော်နိုင်ပါတယ်။ ရိုက်ထားတဲ့ ရုပ်ရှင်ရဲ့ အရည်အသွေးကလည်း အတော်ကောင်းပါတယ်။ ခြုံပြီးတော့ပြောရရင် ဟာသလေးလည်း ပါတယ်။ ချစ်ခြင်းမေတ္တာလည်းပါတယ်" ဟု အရှေ့တောင်အာရှ ပြိုင်ပွဲအတွက် အကဲဖြတ်ဒိုင်လူကြီး Hans Kohl(Germany) က ဆုပေးရန် ရွေးချယ်ရခြင်း၏ အကြောင်းရင်းကို ရှင်းပြသည်။

ပြည်တွင်းပြိုင်ပွဲအတွက် အကောင်းဆုံးဇာတ်လမ်းတို ရုပ်ရှင်ဆုကို Period @ Period ဇာတ်ကားဖြင့် ဒါရိုက်တာ နှင်းအိလှိုင်ကလည်းကောင်း၊ အကောင်းဆုံးမှတ်တမ်းရုပ်ရှင်ဆုကို Move ဇာတ်ကားဖြင့် ဒါရိုက်တာ ခွန်ဗိုးမိုးအောင်က လည်းကောင်း၊ Special Mention Award ဆုကို Mother ဇာတ်ကားဖြင့် ဒါရိုက်တာ ရွှန်းဝင့်အောင်က လည်းကောင်း အသီးသီးရရှိကြသည်။

လွတ်လပ်စွာဖန်တီးထားသည့် ရုပ်ရှင်များအတွက် သရုပ်ဆောင်ရှာရာ လေ့ကျင့်ပေးရသည်မှာ အလွန်ခက်ခဲသောကြောင့် ယခုနှစ်တွင် ထူးထူးခြားခြား အထူးဆုအဖြစ် အကောင်းဆုံး သရုပ်ဆောင်ဆုကို ရွေးချယ်ပေးအပ်ခဲ့ရာ Book Lover ဇာတ်ကားမှ မွန်သီခိုင်က ရရှိခဲ့သည်။ ထို့အတူ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုကို Across the Riverwind ဇာတ်ကားဖြင့် အောင်ကိုကိုက ရရှိခဲ့သည်။

မီမီ

သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော သီးနှံများအတွက် မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲပြုလုပ်

ဟိုပန် စက်တင်ဘာ ၁၃

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော သီးနှံများအတွက် မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီက မော်ဟွေ့ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသိန်းဝင်းက မျိုးစပါးထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မော်ဟွေ့ကျေးရွာ မန်ပိုင်ရပ်ကွက်၊ မန်ကောင်းရပ်ကွက်နှင့် နမ့်လျှံ့ရပ်ကွက်တို့မှ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော သီးနှံများအတွက် မျိုးစပါးများကို တစ်ကေလျှင် တစ်တင်းနှုန်းဖြင့် ၈၉၆ ကေအတွက် ၈၉၆ တင်းနှင့် ပိုးသတ်ဆေး ၄၁ လီတာတို့ကို ပြည်နယ်ဦးစီးမှူးဦးသိန်းဝင်း၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးမြကျော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်နှင့် တာဝန်ရှိသူများက တောင်သူများထံသို့ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

နမ့်စန်တွင် လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြော၍ နံရံကပ်စာစောင်များပြသ

နမ့်စန်(တ) စက်တင်ဘာ ၁၃

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်း၍ လူကုန်ကူးမှုအန္တရာယ် အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသပွဲကို စက်တင်ဘာ ၁၂ ရက် နံနက် ၉နာရီခွဲက မြို့နယ် အခြေခံပညာအထက်တန်းကျောင်း သရဖီဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဥမ္မာအောင်က ကျောင်းသား၊ ကျောင်းသူများသိထားသင့်သည့် လူကုန်ကူးမှုအန္တရာယ်များ၊ လူကုန်ကူးမခံရစေရန် ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့ပြီး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး စိုးနိုင်က လူကုန်ကူးမှု အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် လူကုန်ကူးမှုနှင့် ပတ်သက်သော ပြစ်မှု ပြစ်ဒဏ်များကို ပညာပေးဆွေးနွေးကာ အ-ထ-က ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုလှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထွေးသီတာနှင့် အဖွဲ့ဝင်များက လူကုန်ကူးမှု အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လည်း လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသပေးခဲ့သည်။

သူရအောင်(ပြန်/ဆက်)

လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအကြောင်း နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

ဟသံတ စက်တင်ဘာ ၁၃

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းသိကောင်းစရာများပါဝင်သည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲခင်းကျင်းပြသမှုကို စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းက အ-ထ-က(၁) ဟသံ်ခန်းမ၌ ဟသံ်တခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များသည် အသိပညာပေးခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို လေ့လာကြည့်ရှုခြင်းအားဖြင့် လူကုန်ကူးမှု ဖြစ်စေနိုင်သည့်အကြောင်းအရာများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးအန္တရာယ်များကို သိရှိနိုင်စေရန်ရည်ရွယ်၍ ခင်းကျင်းပြသခြင်း ဖြစ်ကြောင်း ခရိုင်ပြန်/ဆက်ဒုတိယဦးစီးမှူး ဒေါ်အေးအေးမာကပြောသည်။

ယင်းကဲ့သို့ ဆောင်ရွက်မှုတွင် ပြန်/ဆက်ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားစေရန်အတွက် ရွှေ့လျားစာကြည့်တိုက်ဖွင့်လှစ်၍ စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းနှင့် စာဖတ်ဝိုင်းများကိုလည်းပြုလုပ်ပေးခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်၊စာစောင် ၃၀၀ အား ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါလူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲသို့ အ-ထ-က(၁)ဟသံ်တမှ အလယ်တန်းဆင့် ကျောင်းသား၊ ကျောင်းသူ ၆၅၀ နှင့် ဆရာ၊ ဆရာများ တက်ရောက်လေ့လာခဲ့သည်။ **ကျော်ကျော်(ဟသံ်တပြန်/ ဆက်)**

ကျေးလက်ဦးစီးဌာနမှ လမ်း၊ တံတား လုပ်ငန်းများအတွက် ကျပ်သန်းပေါင်း ၃၂၃ ဒသမ ၁၆၀၅ အကုန်ကျခံဆောင်ရွက်မည်

ပင်လောင်း စက်တင်ဘာ ၁၃

ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၃၂၃ ဒသမ ၁၆၀၅ သန်းကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်း၊ တံတားလုပ်ငန်းများအတွက် သုံးစွဲမည်ဖြစ်ရာ ကုမ္ပဏီများကို တင်ဒါစနစ်ဖြင့် တာဝန်ယူ လုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ဒါအောင်မြင်ခဲ့ကြသော ကျေးရွာချင်းဆက် လမ်းများဖြစ်သည့် ရမည်းသင်း-ဖက်ကွန်-တီကျစ်-အင်းတိမ်လမ်းအပိုင်း(၁) ကျောက်ချောလမ်း ၁ မိုင်ကို ခွင့်ပြုငွေကျပ် ၇၆ ဒသမ ၆၇၅ သန်းဖြင့် မိလွန်ကုမ္ပဏီက လည်းကောင်း၊ လမ်းအပိုင်း(၂) ကျောက်ချောလမ်း ၁ မိုင်ကို ခွင့်ပြုငွေကျပ် ၇၆ ဒသမ ၅၉ သန်းဖြင့် ထူးပြည့်သာ ကုမ္ပဏီကလည်းကောင်း၊ ဆည်ခေါင်း-ပင်ခင်-နောင်မွန်း ကျောက်ချောလမ်း ၁ မိုင်ကို ခွင့်ပြုငွေကျပ် ၇၆ ဒသမ ၆၁၅ သန်းဖြင့် ကောင်တန်ကုမ္ပဏီက လည်းကောင်း တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တံတားလုပ်ငန်းများတွင် ထီပေါင်-ထီဝိုပေါ်-ထီဝိုအောက် လမ်းပေါ်ရှိ ကွန်ကရစ် တံတား (Box culvert) ၅ ပေစီတံတားလေးစင်းကို ခွင့်ပြုငွေကျပ် ၉ ဒသမ ၅၂၅ သန်းဖြင့် ထူးပြည့်သာ ကုမ္ပဏီကလည်းကောင်း၊ နောင်မူ-ကျောက်ဆင့် လမ်းပေါ်ရှိ ကွန်ကရစ်တံတား (Box culvert) ၅ စီတံတားလေးစင်းကို ခွင့်ပြုငွေကျပ် ၉ ဒသမ ၅ သန်းဖြင့် မီလွန်ကုမ္ပဏီက လည်းကောင်း၊ ဝါးလီး-ကုန်းတုံ လမ်းပေါ်ရှိ ကွန်ကရစ်တံတား (Box culvert) ၅ ပေစီတံတားနှစ်စင်းကို ခွင့်ပြုငွေကျပ် ၄ ဒသမ ၇၆ သန်းဖြင့် နေရောင်ခြည်ဦးကုမ္ပဏီကလည်းကောင်း၊ ထီနားကောင်း-ပြင်သာ လမ်းပေါ်ရှိ ကွန်ကရစ်တံတား တစ်စင်းပေ ၂၀ ကို ခွင့်ပြုငွေကျပ် ၁၆ သန်းနှင့် ပြင်သာ-သစ်ပင်ကြီး လမ်းပေါ်ရှိ ကွန်ကရစ်တံတားတစ်စင်း ၂၅ ပေကို ခွင့်ပြုငွေ ကျပ်သန်း ၂၀ ဖြင့်လည်းကောင်း အသီသီးတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လမ်း၊ တံတား လုပ်ငန်းများအားလုံး အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးနိုင်ရေးတို့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်ပြန်/ ဆက်

မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ကျလေ့ချောင်းရေတိုက်စားမှု ကြောင့် ကားလမ်းမကြီး ပျက်စီးနေ

လဟယ် စက်တင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းခဲ့ပြီးနောက် လဟယ်မြို့နှင့် အဓိကဆက်သွယ်ထားသော ကားလမ်း မိုင်တိုင် ၅၃/၃ နေရာ၌ ကျလေ့ချောင်းရေတိုက်စားမှုကြောင့် အရှည်ပေ ၁၅၀၊ အကျယ် ၂၅ ပေခန့် ပျက်စီးသွားခဲ့ကြောင်း လဟယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်က ဖုန်းဖြင့်ဆက်သွယ်၍ ပြောကြားသည်။

"အခုရက်ပိုင်း မိုးကတအားရွာတယ် ကျလေ့ချောင်းရေကရေစီးအလွန်သန်တော့ ကားလမ်းကိုတိုက်စားသွားတာ သွားလာရေးအမြန်ဆုံးအဆင်ပြေအောင် လမ်းဦးစီးဌာနမှ ညှိနှိုင်းဆောင်ရွက်နေပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ကိုလွင်(ဆွာ)

တောရွာကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီး ဖွင့်ပွဲကျင်းပ

မြိုင် စက်တင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တောရွာကျေးရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ ရက် ညနေပိုင်းက တောရွာကျေးရွာတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားတွင် မိုးကုတ်မြို့ အောင်မြေမှန်နန်းကျောင်းတိုက်မှ ဆရာတော် အရှင်ယုဇနက ကျေးရွာမီးလင်းရေးနှင့် ပတ်သက်၍ ဝမ်းမြောက်ဩဝါဒစကားမြွက်ကြားပေးခဲ့ပြီး မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်က ဂုဏ်ပြုအမှာစကားပြောခဲ့သည်။

ဆက်လက်၍ ကျေးရွာလျှပ်စစ် မီးလင်းရေးကော်မတီဥက္ကဋ္ဌဦးကျော်က ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီလင်းရေးအတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်လင်းတင်ပြပေးခဲ့သည်။

ဇင်းနောက် တောရွာ ကျေးရွာ ရပ်မိရပ်ဖ ဦးဆင်ပေါက်က လျှပ်စစ်မီးအလင်းရောင်ရရှိခြင်းနှင့်ပက်သတ်၍ ကျေးဇူးတင်စကားပြောကြားပေးခဲ့ရာ ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် စွမ်းဆောင်ပေးကြသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြိုင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ တာဝန်ရှိသူများ၊ PAING SANG Co.,Ltd (Mother Khin Group မှ အုပ်ချုပ်သူ ဒါရိုက်တာ ဦးဇေယျာမောင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား အထူးကျေးဇူးတင်ရှိကြောင်း၊ တောရွာ ကျေးရွာတွင် လျှပ်စစ်မီးရရှိလာခြင်းအတွက် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်သည့် လုပ်ငန်းပိုင်ဆိုင်ရာ ဗဟုသုတ အချက်အလက်များကို လေ့လာဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကျေးရွာမီးလင်းရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျေးရွာကိုယ့်အားကိုယ်ကိုးမီးလင်းပွဲ အထိမ်းအမှတ်အလံများကို တိုင်ဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများနှင့် ဧည့်သည်တော်များအားပေးအပ်ခဲ့ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆိုင်ဘုတ်အား မြိုင်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲကျော်သူဝင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်မင်း၊ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်လင်းဦးနှင့် PAING SANG Co., Ltd (Mother Khin Group မှ အုပ်ချုပ်သူ ဒါရိုက်တာ ဦးဇေယျာမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်ဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ကစက်ခလုတ်နှိပ်၍ ကျေးရွာ လျှပ်စစ်မီးလင်းရေးဆိုင်ဘုတ်အား အသီးသီး ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး မီးဖွင့်ပွဲ အခမ်းအနားသို့ တိုင်ဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ဌာနဆိုင်ရာများ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ကမ္မမြို့လျှပ်စစ် ဓာတ်အားခွဲရုံများနှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများ၊ PAING SANG Co., Ltd (Mother Khin Group) မှ အုပ်ချုပ်သူ ဒါရိုက်တာ နှင့်ဝန်ထမ်းများ၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကျေးရွာသူ၊ ရွာသားများ တက်ရောက်ခဲ့ကြသည်။

မြိုင်မြို့နယ် တောရွာကျေးရွာတွင် အိမ်ခြေ ၆၀၀ ရှိပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးအတွက် PAING SANG Co.,Ltd (Mother Khin Group) မှ တာဝန်ယူ ဆောင်ရွက်ပေးပြီး တောရွာကျေးရွာမီးလင်းရေးအတွက် ကျပ်သိန်း ၁၈၈၁ အကုန်ကျခံပြီး ကျေးရွာမှ ထည့်ဝင်ငွေ ကျပ်သိန်း ၇၅၀ သိန်းဖြစ်ဖြစ် PAING SANG Co., Ltd (Mother Khin Group) မှ ကျပ်သိန်း ၁၁၃၁ သိန်း စိုက်ထုတ်သုံးစွဲပေးခဲ့ပြီး PAING SANG Co.,Ltd (Mother Khin Group) မှ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ မြိုင်မြို့နယ်တွင် ကျေးရွာကိုးရွာ ဆောင်ရွက်ပေးခဲ့ရာ ကျေးရွာခြောက်ရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသည့် ကျေးရွာသုံးရွာအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်ပြန်/ ဆက်**

တောင်သူပညာပေးဆွေးနွေးပွဲ နှင့် ရေကြီးနစ်မြုပ်သည့် မိုးစပါးစိုက်ခင်းများအား အသုံးပြုရမည့် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲတတ်စေရန် လက်တွေ့သရုပ်ပြရှင်းလင်း

တာချီလိတ် စက်တင်ဘာ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုင်းကိုးကျေးရွာ အုပ်စုရှိ ကျေးရွာများတွင် စက်တင်ဘာ ပထမ အပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်တောင်သူများအား ပညာပေးဆွေးနွေးပွဲနှင့် ကျရောက်တတ်သည့် ပိုးမွှားရောဂါများအား ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်အသုံးပြုနည်းများ လက်တွေ့ရှင်းလင်းခြင်းကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်နှင့် ဝန်ထမ်းများက မိုးရာသီအတွင်း စပါးစိုက်ခင်းများအား ကျရောက်ဖျက်ဆီးတတ်သည့် ပိုးမွှားရောဂါများ၊ ရေကြီးနစ်မြုပ်ခဲ့သည့်စပါးစိုက်ခင်းများတွင် ကျရောက်တတ်သည့် ပိုးမွှားရောဂါများအား အသုံးပြုရမည့် ပိုးသတ်ဆေးနှင့် စနစ်တကျ ကိုင်တွယ်အသုံးပြုနည်းများကို အသေးစိတ်ရှင်းလင်းပြသခဲ့သည်။

အဆိုပါ ပညာဆွေးနွေးပွဲသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် အဖွဲ့ဝင်များ၊ ဝမ်ကောင်းမွန်းကျေးရွာ၊ ယမ်းကျောက်ကျေးရွာ၊ ယမ်းခမ်း (၂)ကျေးရွာ၊ ဆီလီဂေါက်ကျေးရွာ၊ မယ်လိတ်ပါကော်ကျေးရွာများမှ ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ခင်းများ၏ တောင်သူ ၄၈ ဦးကျော် တက်ရောက်ခဲ့သည်။

ယင်းနောက် တောင်သူ ၂၉ ဦး၏ ပိုးမွှားရောဂါကျရောက်နေသည့် စပါး စိုက်ကေ ၇၀ ခန့်အား ကွင်းဆင်းကြည့်ရှုပြီး အသုံးပြုပက်ဖျန်းရမည့် ပိုးသတ်ဆေး၊ အချိုးအစားနှင့် အကြိမ်တို့ကို စနစ်တကျနှိမ်နင်းနိုင်ရန် ရှင်းလင်းပြသကာ ချက်ချင်းပက်ဖျန်းရမည့် စိုက်ခင်းများ၏ တောင်သူများထံသို့ ဆေးထုပ်နမူနာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တာချီလိတ်(ခရိုင်ပြန်/ ဆက်)

မင်းကျန်စစ် ပြည်တွင်း-ပြည်ပခရီးသွားလုပ်ငန်း နှင့် ဗုဒ္ဓဂယာ ဘုရားဖူးခိုဏ်ဆောင်ခရီး
အဓိက (၆၆)၊ အခန်း(၃၀၁)၊ ဘလူး သုဝဏ်လာလမ်း ဝဇန၊ သဃိန်းကျွန်း။ ဖုန်း-၀၁ ၀၅၆၆ ၇၁၃ - ၇၁၄ ၊ ၀၉ - ၂၅၄ ၂၆၃ ၃၅၅

- (၈ ရက်ခရီး) (စားရိတ်ငြိုးပ်) ➡ ထံဝေနီထရေးဘုန (ဖွား+ဝွင့်+ဝတာ+ခဲ)+ဘဝိတေါတဘုန+(ကိန္နီထ + နီဝမါ)
- (၁၅၅ ရက်ခရီး) (စားရိတ်ငြိုးပ်)➡ ထံဝေနီထရေးဘုန+ဘဝိတေါတရေးဘုန၊ နတူးဒေလီ+တစ်ရိုးတော+(ကိန္နီထ+နီဝမါ)

(၁၆)ဦး စုစည်းလိုက်ပါလျှင် **တစ်ဦးအခမဲ့** ပို့ဆောင်ပေးပါမည်။ နိုင်ငံကူးလက်မှတ်ရှိသူများ (၃၀,၀၀၀/-)ကျပ် ပြန်လျှောပေးပါမည်။ (၂)လကြိုတင် စာရင်းပေးသွင်းရန် မေတ္တာရပ်ခံအပ်ပါသည်။

၁၅ ရက်ခရီး ➡ ဒီဇင်ဘာ (၄) ၊ ဇန်နဝါရီ (၄) ၊ ဗေဖော်ဝါရီ (၄) ၊ မတ် (၅)

၈ ရက်ခရီး ➡ ဒီဇင်ဘာ (၂၄) ၊ ဇန်နဝါရီ (၂၂)၊ ဗေဖော်ဝါရီ (၂၁)၊ မတ် (၂၄)၊ ဧပြီ (၂ /၁၂)

ပြည်ပခရီးစဉ် ➡ ဗီယက်နမ် ➡ စက်တင်ဘာ (၁၇)

GOLDEN STAR
ကျိုက်ထီးရိုး(ဇနခင်)
ချောင်းသာ (ဇနခင်)
ငွေဆောင် (ဇနခင်)
Ph: 209200, 544383, 430480

ရှေ့ပင်ကူ
(မြေကြီးမြေခြောက်)
အာဘထွက်ပွဲ
အာဘထွက်ပွဲ၊ ပဲပွပ်ပ်ပ်၊ အာဘရွာ
(ဘည(ဘီပ်)ရွက်)(ဘရင်ပြင်) 30000/-
Sep-17ထွက်မည်
ကားစီးမှာကြိုတင်ဝယ်ယူပါ
ဝေါ-၅၃၁ ၂ ၂ ၂

ကြော်ငြာ

ပြည်ပခရီးရောနှာ (၆၃)တိုမ်မြောက်အာအောမင်းခေါင်ပြည်တော်ဝင်အောင်ပွဲတို့

- ပုဗ္ဗား–အာအောင်မင်းခေါင်အောင်ပွဲ သီးသန့် (၃)ရက်
- ပုဂံ–ဝညောင်ဦး–ပုဗ္ဗား–ပခုက္ကူ (၄)ရက် ဈေးအရောက် လက်မှတ်ပို့ဝန်ဆောင်
- ပုဗ္ဗား–ဟောင်ကြီး–အင်းလေး (၅)ရက် (၁၆.၉.၂၀၁၆) ညနေ (၆:၀၀)နာရီတွက်မည်။ အမှတ် (၂၀)၊တောက်မြောင်းဆူးတော်တိုင်အနီး၊ ကျိုဘဲလမ်းတောမှ

09-420238909,09-73159071,09-32057934

အာရှနဂါး
ပြတိ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

UNIQUE STAR TRAVELS & TOURS

ဗန်ကောက်	(6D / 5N)	Sep: 19 , 30 / Oct: 8, 22 / Nov: 5, 12	(300 $ / 400 $)
ဗီယက်နမ်	(6D / 5N)	Sep: 17, 24 / Oct: 8,15, 22 / Nov: 5, 12	(320 $ / 400 $)
စင်ကာပူ	(4D / 3N)	Sep: 23 / Oct: 8, 22 / Nov: 5, 12	(400 $ / 500 $)
ချင်းမိုင်/ဖူးခက်	(4D / 3N)	Sep: 19, 24 / Oct: 8, 22 / Nov: 5, 12	(300 $ / 400 $)
ဂျပန်/ကိုရီးယား	(9D / 8N)	Oct: 15 / Nov: 11	(2800 $ / 1900 $)
ပီကင်း၊ရှန်ဟိုင်း	(8D / 7N)	Oct: 15 / Nov: 5, 12	(1480 $)
ဟောင်ကောင်၊မကာအို၊ကွမ်ကျိုး	(8D / 7N)	Sep: 16 / Oct:15 / Nov:11	(1380 $)

No(70/A),Kabaaye Pagoda Rd. Ph: 708 353, 705 723, 09 7310 9133 -44 -55 -66, 09 514 8079.

"Leading to Worldwide Education"
GRACE Education Services

Dream Australia ?
Meet World Rank Universities Officers

FREE ENTRY for everybody

Pls. call: 09 51 40 80 2
09 79 18 22 66 5

Macquarie University Sydney	University of Sydney / Australia National University / University of Western Australia	Trinity College Melbourne	University of Melbourne
15th Sep (Thurs) Mr. Ian 2:30-3:30 pm	15th Sep (Thurs) Mr. Home 4:00 - 5:00 pm	16th Sep (Fri) Mr. Ben 11:00-12:30 pm	16th Sep (Fri) Ms. Boon 5:00-6:00 pm

Meet officers @ Grace Edu Services' office : No. 92, 51 St., Middle Blk, Yangon.

We invite IGCSE, GCE A Level, any kinds of diploma holder, bachelor / Master degree holder, who seeking undergraduate and postgraduate degree pls. bring your photo, passport, academic and IELTS or TOEFL result.

Bursaries & Scholarship Available

GUSTO COLLEGE "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

၂၀၁၆ ခုနှစ်အတွက် Pearson (UK) မှ ချီးမြှင့်သော OUTSTANDING PEARSON LEARNERS AWARD 2016 ဆုကို Computing ဘာသာရပ်တွင် GUSTO မှ ကျောင်းသား ကိုကောင်းစိုးသည် *မြန်မာနိုင်ငံမှ တစ်ဦးတည်းသော ဆွတ်ခူးရရှိသူ* အနေဖြင့် ထူးချွန်စွာရရှိခဲ့ပါသည်။

Pearson (UK) မှ နှစ်စဉ်ရွေးချယ်ချီးမြှင့်သော Computing ဘာသာရပ်ထူးချွန်ဆုကို *မြန်မာနိုင်ငံတွင် GUSTO မှ ကျောင်းသားကျောင်းသူများသာ ၃နှစ်ဆက်တိုက်* ဆွတ်ခူးနိုင်ခဲ့ပြီး နိုင်ငံတကာပညာရေး အသိုင်းအဝိုင်းတွင် GUSTO College ၏ ဂုဏ်သတင်းကို ပိုမိုမြင့်တင်ပေးနိုင်ခဲ့သည့်အတွက် GUSTO မှ ကျောင်းသူကျောင်းသားများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း.....

No. 289 (A), Pyay Road, Sanchaung Tsp., Yangon. Ph : 09 8628806, 09 789888222, 01 504632.

ကိုသန့်ဇင်
CAR RENTAL
ကားမီးဆုံခနီးစဉ်အမှိန်ပိုင်းတွားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

ဗင်လာပါ
အိမ်ပြောင်း၊အိမ်ရှေ့လုပ်ငန်း
ပြုံ့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ဒဂုံမြို့သစ်
အဝေးပို့ဝန်ဆောင်မှု
ကောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

MYANMAR ENGINEERING SOCIETY
M.E.S Affiliated Centre

CHINDWIN COLLEGE
helping you engineer your future

PEARSON BTEC

တက္ကသိုလ်ဝင်တန်း မအောင်သေးသူတွေအတွက် ရွေးချယ်စရာ အခွင့်အလမ်းသစ်

တက္ကသိုလ်ဝင်တန်းကို တစ်ကြိမ်ဖြေဆိုပြီးသူတွေအနေနဲ့ Pearson BTEC Level 3 Program ကို ချင်းတွင်းကောလိပ်မှာ တက်ရောက်နိုင်ပါပြီ။

အလွတ်ကျက်ပြီး စာမေးပွဲဖြေရတာ မဟုတ်ဘဲ သဘောတရား သိပြီး အသုံးချတတ်မှုကို ဆန်းစစ်တဲ့ assignment တွေနဲ့ အတန်းတင်ပေးတဲ့ သင်ကြား၊ သင်ယူမှု ပုံစံကို အသုံးပြုပါတယ်။

Engineering နဲ့ Business ရွေးချယ်တက်ရောက်နိုင်ပြီး၊ အင်္ဂလိပ်စာအရည်အချင်းပြည့်မှီပြီးရင် သင်တန်းကာလ two semester ဖြစ်ပါတယ်။

Level 3 Program အောင်မြင်ပြီးရင် HND ဆက်တက်နိုင်ပါတယ်။ HND ရပြီးရင် UK Bachelor Degree ရယူနိုင်တဲ့ နိုင်ငံတကာ ပညာရေးလမ်းကြောင်းပေါ် ရောက်ရှိမှာ ဖြစ်ပါတယ်။

၂၀၁၆ သြဂုတ်လ နောက်ဆုံးပတ်မှာ စတင်ဖွင့်လှစ်မှာ ဖြစ်ပြီး အောက်ပါနေရာတွေမှာ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။
သြဂုတ်လ မကုန်မီ စာရင်းပေးသွင်းလျှင် ၂၀ % လျှော့ပါမယ်။

- ချင်းတွင်းကောလိပ် (ရန်ကုန်) - အမှတ် (၇၅) သိမ်ဖြူလမ်း (အောက်ဘလောက်)၊ ဗိုလ်တစ်ထောင်မြို့နယ်။ ဖုန်း - ၀၁ ၂၉၈၁၃၃၇ ၊ ၂၉၇၆၇၃။
- ချင်းတွင်းကောလိပ် (မန္တလေး) - စံပယ်ဆောင်၊ ဂရိတ်ဝေါ်တိုက်ခန်းများ၊ ၇၇ x ၇၈ နင့် ၃၁ x ၃၂ ကြား။ ဖုန်း - ၀၂ ၇၄၁၇၉၊ ၆၈၂၄၉။
- ချင်းတွင်းကောလိပ် (တောင်ကြီး) - အမှတ် (၅၇/၁၆) မြတ်ရတနာလမ်း၊ ရေအေးကွင်းရပ်။ ဖုန်း - ၀၉ ၇၈၄၀၃၈၉၉၅၅၊ ၇၈၄၀၃၈၉၉၆။
- စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (ပြင်ဦးလွင်) - အမှတ် (၂၀၆)၊ ဘီလမ်း။ ဖုန်း - ၀၈၅ ၂၂၁၈၊ ၂၁၃၉၉။
- စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (နေပြည်တော်) - ဥာဏအောင်မြေလမ်း၊ MICC နှင့် မြို့မချေးအနီး။ ဖုန်း - ၀၆၇ ၄၂၁၇၁၈၊ ၄၂၁၇၁၉။

"အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

ASEAN-BAC

Nay Thurein Min Co., Ltd. ၏ Managing Director, ဒေါ်စန္ဒာလွင်သည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၅) ရက် တနလင်္ဘာနေ့၌လာအိုနိုင်ငံတွင် ကျင်းပပြုလုပ်သော အာဆီယံစီးပွားရေးဆိုင်ရာအကြံပေးကောင်စီ **(ASEAN Business Advisory Council)** မှ ပေးအပ်ချီးမြှင့်သည့် **Outstanding Woman Entrepreneur in a STEM Business Award** ကိုထိုက်တန်စွာရရှိခဲ့ပါသဖြင့် **MD** ဒေါ်စန္ဒာလွင် နှင့်ထပ်တူဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် နောင်နှစ်ပေါင်းများစွာနိုင်ငံအကျိုးသယ်ပိုးနိုင်သော စီးပွားရေးလုပ်ငန်းရှင်ကောင်းတစ်ယောက်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

NAY THUREIN MIN COMPANY LIMITED.

IT CONNECTOR GROUP
Communications and Networking Solutions

Intellect Computer Center

kuma Tissue
クマ ティッシュ

သတိုးအောင်ရေယျ DESKTOP & LAPTOP

မြန်မာပြည်သားတိုင်း Computer ကိုင်နိုင်ရမည်။ မည်သည့်ဘဏ်နှင့်မဆိုကတ်ဆက်ရန်မလိုဘဲ အဆင့်မြင့် Laptop များကို ကျပ် 50,000 ရိုရုံဖြင့် အရစ်ကျစနစ်ဖြင့်ရောင်းချပေးပါပြီ . . .

ကျပ် (50,000 ကျပ်) ရိုရုံဖြင့် Core 2 Duo စက် (၁) လုံး ဝိုင်ဖိုင်နိုင်ပြီး
ပထမအရစ် = 50,000 ကျပ်
ဒုတိယအရစ် = (၀ယ်ယူသည့်နေ့မှ 1 လအကြာ) 30,000 ကျပ် နှင့်
တတိယအရစ် = (၀ယ်ယူသည့်နေ့မှ 2 လအကြာ) 20,000 ကျပ်ပေးချေခြင်းဖြင့်
ရောင်းချပေးပါမည်။ (လက်ငင်း၀ယ်ယူသူများအတွက် (1GB) တစ်ချောင်း
လက်ဆောင်ပေးပါမည်။

Core2Duo
RAM-1GB
HDD-80GB
DVD-Combo

(1 Year, Parts & Services) Price - 100,000Ks

- ရိုးသိုးကျောင်းသုံးသားမက
- ဓာတ်စက်ရိုက်လုပ်ငန်း လုပ်လိုသူများ
- ဓါတ်ပုံလုပ်ငန်း
- DVD ကြည့်လိုသူများနှင့် အလွန်မြန်၍
- Wifi ပါဝင်သောကြောင့်
- Internet သုံးလိုသူများအတွက်

အမှတ်(၁၁၆)၊ ဆိပ်ကမ်းသာလမ်း(ဟောဘန္ဓလမ်းနှင့် ကုန်သည်လမ်းကြား)၊ ကျောက်တံတားမြို့,နယ်။ ဖုန်း ၀၁-၂၅၇၀၀၄၊ ၀၉-၅၀ဂ၁၁၇၀၉
အမှတ်(၆၆/၆၈)၊ တိုက်(A)၊ အခန်း(D)၊ ဝဲဝိပ်ပြိမ် အင်းစိန်လမ်းမကြီး ကဗာရွတ်မြို့,နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၃၁၀၈၅၃၁ ၊ ၀၉-၄၃၀၂၃၉၃
အမှတ်(၁-၅၃)၊ ပွဲရုံအတွက်လမ်း၊ ဧရာဝတီဘက်လမ်း ဒဂုံမြစေး၊ နေပြည်တော်မြို့,နယ်။ ဖုန်း ၀၉-၄၂၀၁ဂရ၀၃၊ ၀၉-၉၇ဂ၂၂၁၃၃၂

★STAR★

ဒဏ်ပြိုသစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

Ph:09-43088052, 09-73254389, 09-421067330

GLOBAL PHOENIX
REAL ESTATE

ပြင်ဆင်ပြီး ကွန်ဒိုအခန်း၊ လုံးချင်းအိမ်များကို ငှားရမ်းလိုသော နိုင်ငံခြားသားဧည့်သည်များ ရှိနေပါသည်။ Global Phoenix သို့ ပိုင်ရှင်များ အမြန်ဆက်သွယ်ပေးပါ။

09 - 260 2600 29 / 59

No. 153, 1st Fl, Anawrahta Road, Corner of 47th St, Botahtaung Tsp.
globalphoenix.realestate@gmail.com

RLB Co, Ltd

ကုမ္ပဏီတွဲစည်းတည်ဆောက်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း

ph:09-420086047,09-263915129, 09-254210636

ဒီဇယ်၊ဓာတ်သီ စက်ပြင်သင်တန်း

(နေထိုင်မှုအရမဲ့)

၂အနောက်မြင်းမြီးကွင်းလမ်း၊ တာဝေမီးပွိုင့်အနီးရေနုန်ပြို့၊
ဖုန်း- ၄၀၀၆၁၄ ၊ ၅၄၄၆၂၄
၀၉ ၅၀၅၂၁၁

"ဇော်မြန်မာ" ဆောက်လုပ်ရေးမှ တိုက်နေ်းများကို

ရိုးသာသောဈေးနှုန်းဖြင့်ရောင်းစျေးပေးနေပါသည်။(LC-845)

၁။ (၁၂.၆' × ၅၀')ပေအကျယ်၊ ယမုံနာလမ်းမကြီး၊ ဒေါပုံ၊ မဂ်လာဈေးနှင့် တမုတ်တိုင်အကွာ၊ ကားမှတ်တိုင်အရှေ့။
၂။ (၁၂.၆' × ၅၀')ပေအကျယ်၊ အောင်မင်္ဂလာလမ်း။ (၅)ရပ်ကွက်၊ကမာရွတ်၊ဆင်မလိုက်ဈေးနှင့်အရှိုးသေးရုံအနီး။
၃။ (၁၈'×၅၀')ပေအကျယ်၊ ထူပါရုံ(၂၃)လမ်း၊သာကေတ အမှတ်(၁)ဈေး၊Orange Market နှင့် ရွှေ့ရှင်ရုံအနီး။
၄။ (၁၈' × ၅၀')ပေအကျယ်၊ ရတနာပုံ(၉)လမ်း၊၉-ရပ်ကွက်၊ သာကေတ၊ ကမာကြည်အိမ်ယာနှင့် (၁၀)ဈေးအနီး။
၅။ (၁၃' × ၅၅')ပေအကျယ်၊ ရတနာပုံ(၉)လမ်း၊ရ-ရပ်ကွက်၊သာကေတ (၇)ဈေးနှင့် အထက်တန်းကျောင်း၊ရွှေခင်းသာလမ်းမအနီး။

Ph: 09-5195507, 09-254219033

ရတနာအိမ်ရာ အိမ်ခြံရောင်းမည်။

အေးချမ်းပြီး လုံခြုံရေး ၂၄/၇ အမြဲရှိသော တိုင်းရင်းသားကျေးရွာရှေ့--ရတနာအိမ်ရာ- ရတနာလမ်းမကြီး ကျောကပ် ၆၀x၈၀ အိမ်ခြံ၊ ဂရေမြေအမည်ပေါက်၊ ၄၄၀ မီတာ+အိမ်သုံးမီတာ+ရေမီတာပါ ၃၆၀၀ သိန်း။ အကျိုးဆောင် Welcome
09 252 20 30 80

မြတ်သဒ္ဓါ

ဒဏ်ပြိုသစ်
အရှေ့ ပိုင်း၊ တောင်ပိုင်း
မြောက်ပိုင်း ဆိပ်ကမ်း
မြေကွက်များ ရေးဆောက်အပေးယူပါသည်
09 5014601, 09 8616567.

ရတနာ့ဈေးဝယ် အကျိုးဆောင်မှ ရောင်း/ငှားမည်

ကုမ္ပဏီမှတ်ပုံတင်
ဖုန်း ; 09 773 22 10 22, 09 7777 2016 3, 09 7777 2016 6

လေးခေါင့်ကန်လမ်းပေါ်	(45'x90')	မြေ	ဘိုးဘွား	ရောင်း-13800 သိန်း
မိုးကောင်းလမ်းမ	(17'x50')	GF,Hall,ကြွေခင်း		9 သိန်း
ကျိုက္ကဆံလမ်းမပေါ်	(15'x70')	GF,Hall,ကြွေခင်း		10 သိန်း
တာမွေ Orange နီး	(30'x60')	2RC,1MBR,2BR,Off		12 သိန်း
ယုနနတာဝါ	(2450SF)	2MBR,2BR,4AC		15 သိန်း
ရွှေဂုံတိုင်လမ်းမပေါ်	(25'x60')	GF,Hall,ကြွေခင်း		15 သိန်း
ဝေယန္တဇနီးလမ်းသန့်	(40'x60')	2RC,2MBR,3BR,5AC		18 သိန်း
သီရိဂုဏ်အိမ်ရာ	(60'x80')	2RC,1MBR,4BR,4AC		20 သိန်း
အောင်ဧရာဝတီလမ်းမ	(35'x70')	1RC,Hall,ဆိုင်ကောင်း		25 သိန်း
ပါရမီလမ်းမပေါ်	(40'x60')	2RC,2MBR,2BR,4AC		25 သိန်း
ထောက်လမ်း	(25'x50')	GF,Hall		25 သိန်း
ဝေယန္တာဥယျာဉ်အိမ်ရာ	(75'x75')	2RC,5MBR,1BR,7AC		29 သိန်း
ရတနာလမ်းမပေါ်	(47'x80')	မြေ၊ခေါင့်ကွက်		30 သိန်း
မြသီတာအိမ်ရာ	(90'x90')	2RC,3MBR,2BR		30 သိန်း
ဗဟန်းသာယာဝတီလမ်း	(65'x125')	2RC,5MBR,7AC,Ph,Fur		31 သိန်း
တက္ကသိုလ်ရိပ်သာလမ်းဘုတ်	(75'x90')	1RC,2MBR,2BR,5AC		35 သိန်း
ဝေယန္တာလမ်းမ	(40'x60')	2RC, နှစ်ရှည်ရ		35 သိန်း
ရွှေဂုံတိုင်လမ်းမ	(40'x150')	2RC, နှစ်ရှည်ရ		50 သိန်း
ဝေယန္တာလမ်းမ	(60'x120')	2RC,City mart နီး		၁၀-နှစ်ရ 80 သိန်း
ရန်ကုန်အင်းစိန်လမ်းမ	(110'x100')	မြေ၊ နှစ်ရှည်ရ		85 သိန်း
ဦးဝိစာရလမ်းမပေါ်	(110'x90')	2RC, နှစ်ရှည်ရ		150 သိန်း
စမ်းချောင်းပြည်လမ်းမ	(52'x140')	မြေ၊ နှစ်ရှည်ရ		150 သိန်း

ကွန်ဒိုး၊ ငယ်ရွှင်း၊ မြေကွက်၊ ဗိုလ်ခေါင်များ အစစ်ခံပေးနေ၊ ဒီတင်ခေါ်ပါသည်။

ရောင်းရန်ရှိသည်

၁။ တက္ကသိုလ်ရိပ်သာလမ်းဟောင်းလမ်းမပေါ် ပေ(၁၄၀×၁၀၀)ပေါ်ရှိ ၄ထပ်တိုက်သစ်၊
၂။ မင်းဓမ္မလမ်းမပေါ် ပေ(၁၀၀×၁၂၀)ပေါ်ရှိ ၄ထပ်တိုက်သစ်
၃။ ပြည်လမ်းမတန်း (၅)မိုင် ပေ(၆၀×၉၀)ပေါ်ရှိ ၂ဒုံထပ်တိုက်
၄။ ကမ္ဘောဇရိပ်သာလမ်းမပေါ် ပေ(၆၀×၉၀)ပေါ်ရှိ ၂ထပ်တိုက်၊
၅။ သုမင်္ဂလာအိမ်ရာ ပေ(၇၀×၁၂၀)ပေါ်ရှိ ၃ထပ်တိုက်သစ် (ရေကူးကန်ပါ)
၆။ အင်းယားလမ်း ပေ(၆၀×၅၀)မြေ
၇။ ကျောက်မြောင်း ပေ(၂၅×၅၀)ပေါ်ရှိ ၆ထပ်တိုက်(၃တွဲဘေးလှေကား) [နှစ်(၆၀) ဂရန်မြေပိုင်ဆိုင်မှုပါ]
၈။ တာမွေ၊ မာလာနွယ်လမ်း၊ ပေ(၃၀×၅၀)ပေါ်ရှိ ၂ဒုံထပ်တိုက်
၉။ ရန်ကုန်၊ မန္တလေး အမြန်လမ်းမပေါ် (၁၅မိုင်၃ဖာလုံ၊ လှည်းကူးမြို့,နယ်) ပေ(၃၈၀×၆၀၀) ၄. ၅ကေခန့်

မွေးမြန်မာတိုက်အိမ်ခြံမြေရောင်းဝယ်ငှား
ဝန်ဆောင်မှုလုပ်ငန်း
ဖုန်း-၀၉-၅၀၂၂၁၅၉၊ ၀၉-၉၇၀၄၆၁၁၄၄၅၊ ၀၉-၄၅၅၅၅၃၃၄

- ✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွေးကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွေတံဆိပ်ဒိုင်းဆုရ
- ✓ နိုင်ငံတကာ ဓေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
- ✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
- ✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
- ✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ကြောင်ပြန့်ပြန့်ချက်အမှတ် ကဆယ(စာနယ်ဇင်း) ၁၁၃/ဝ၃၇

ဖျံ-၅-ကောင် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

အမှတ်တံဆိပ်

ဒေါက်တာဖိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄ ၄၂ လမ်း ဝိုလ်တဆောင်မြို့,နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇ဝ၁၇၅ ၃၉၂၅၅၉

ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

ကြော်ငြာ

KING STAR ဖုန်း- 09 73049700 09 73047572
ကွန်ပျူတာအတတ်သင် 30000Ks
ကျွမ်းကျင်မှုကိုအလေးထားသင်ကြားပေးပါသည်။ သင်တန်းကာလ (တစ်လခွဲ)
၁။အမှတ်(၁၁၈)မြေညီ၊ (၃၈)လမ်း၊ ကျောက်တံတား၊ ရန်ကုန်။
၂။ အမှတ်(၁၀၃)မြေညီ၊ (၃၉)လမ်း၊ ကျောက်တံတား၊ ရန်ကုန်။
အောက်ပါဘာသာရပ်များလည်းအဆင့်ဆင့်သင်ကြားနိုင်ပါသည်။
Internet.10000Ks
i-Office 2010
D.T.P
Graphic Design
A+ Hardware
အချိန်ညှိနိုင်းပေးပါသည်။

အမည်ပြောင်း

အထက(၁) ရေစကြိုမြို့၊ ဒဿမတန်း(G)မှ အဖြူးသန်းထွန်းဦး၏သားမောင်အောင်ထက်ပိုင်အား မောင်အောင်ပိုင်မိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်ပိုင်မိုး

ကားရောင်းခြင်း

Vanguard . 2007/ စတီ

Alphard . 2003 / စတီ

Ph : 09-794999927

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းဝါဆိုသက်နားဆက်ကပ်လျှုဒါန်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

အထက်ဖော်ပြပါအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်မြို့ပေါ်ရှိ လေးမျက်နှာမြို့နယ်ဖွား ရဟန်းသံယာတော်များအား ဝါဆိုသက်နားဆက်ကပ်လျှုဒါန်းပါမည်။ ၎င်းနေ့တွင် ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသူ/သားများအား ဆုချီးမြှင့်ပါမည်။ သို့ဖြစ်ပါ၍ ဂုဏ်ထူးရကျောင်းသူ/သားများအား ၁၅-၉-၂၀၁၆ရက်(ကြာသပတေးနေ့) နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ကြပါရန်နှင့် အသင်းသူ/သားများ ကြွရောက်ကြည်ညိုသဒ္ဓါပွားလျှုဒါန်းနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၇-၉-၂၀၁၆(စနေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ(၁း၀၀)နာရီ
ကျင်းပမည့်နေရာ - အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် စဉ်ဋ္ဌ ရပ်ကွက်၊ အင်းစိန်မြို့နယ်။
မှတ်ချက် - (ဖိတ်စာသီးခြားမပို့ပါ)

